


အလှညို
ပ+၃
နှစ်အုပ်တွဲ

# ဝဏ္ဏအောင်

အလှည့်

(ဒုတိယပိုင်းဇာတ်သိမ်း

# ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး .... ဒို့အရေး

တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး .... ဒို့အရေး

အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး .... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏
ပဓာနကျသော တာဝန်ဖြစ်သည်။

---

# ပြည်သူ့သဘောထား

— ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။

— နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။

— နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။

— ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ျား နှင့်ဆင်

---

ကျောင်းဖုန်း၏သတင်းသည် တောင်ကြားမြို့ တစ်မြို့လုံးသို့ နှံ့သွားလေသည်။

ဝမ်းကျုံးစန်းသည် တောင်ကြားမြို့က လေးအား လက် ကြီးအုပ်ကာ ကြိုးကိုင်ထားသူ ဖြစ်လေသည်။

မြို့ဝန်မင်း လီကွေ့ပင်လျှင် သူ၏ခါးပိုက်ထဲမှ လူဖြစ်နေ သည်။

ဤကဲ့သို့သော ဝမ်းကျုံးစန်းကကျောင်းဖုန်းအား ညီ့ဝတ် ပြုစုသည်ဟူသော သတင်းသည် တောင်ကြားမြို့ လေး၌ အလွန်စိတ်ဝင်စားစရာကောင်းသည့်သတင်းတစ်ခု နေ၏။

ထို့ထက်ပို၍ စိတ်ဝင်စားစရာကောင်းသောသတင်းကာ
ပိလိန်အား ပေးလိုက်သည်ဆိုသောသတင်းပင် ဖြစ်လေသည်

ယင်းကြောင့်....

တချို့က ကျောင်းဖုန်းအား အထင်ကြီးသောအကြည့်
ကြည့်ကြ၏။

တချို့ကမူ စက်ဆုပ်ရွံရှာသောအကြည့်ဖြင့် ကြည့်လို
လေသည်။

မည်သို့ဆိုစေ....

ကျောင်းဖုန်း၏နာမည်က တောင်ကြားမြို့ကလေးတစ်မြို့
အား ဖုံးလွှမ်းသွားလေသည်။

ရွှေစည်းစိမ်သို့ ပြန်ရောက်သောအခါ ရွှေစည်းစိမ်ပိုင်
ချာရဲလုကိုယ်တိုင်က ခရီးဦးကြိုပြုလိုက်လေသည်။

သူ၏ လက်နှစ်ဖက်ဖြင့် ကျောင်းဖုန်း၏လက်နှစ်ဖက်ကို
ကိုင်ကာ ခရီးဦးကြိုပြုလိုက်ခြင်း ဖြစ်လေသည်။

ကျောင်းဖုန်းက ချာရဲလု လက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်
နှင့်တစ်ပြိုင်နက် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားမိ၏။

အကြောင်းကား....



သူ၏လက်အား ဆုပ်ကိုင်ထားသော ချာရဲလု၏လက်နှစ်ဖက်
သည် ပြုတ်တူနှင့် အညှပ်ခံလိုက်ရသည့်အလား ခံစားလိုက်ရ
သည်မဟုတ်ပါလော။

သူက မဲ့ပြုံးပြုံးလိုက်၏။

သူသည် အတွင်းအားကို စုစည်းကာ မိမိ၏လက်ချောင်း
လေးများဆီသို့ ပို့လွှတ်လိုက်လေသည်။

ယင်းကြောင့်....

ချာရဲလု၏ လက်ဖျားသည် တဖြည်းဖြည်း ပြေလျော့လာ
၏။

ကျောင်းဖုန်းက ပြုံးရင်း သူ့အား စိုက်ကြည့်လိုက်လေသည်။

ချာရဲလုကလည်း ပြုံး၍ ပြန်လည်စိုက်ကြည့်နေ၏။

သို့သော်....

သူ၏ နဖူးပြင်တွင် ချွေးများစို့လာလေသည်။

သူက မိမိလက်ကို ပြေလျော့လိုက်ပြီး....

'ဘောင်ကြားသခင်က လေးစားမယ်ဆိုလဲ လေးစား
လောက်ပါတယ်ဗျာ'

ကျောင်းဖုန်းက အေးစက်စက်ဖြင့် ပြုံးလိုက်၏။

'အဟင်း…ဟင်း ခင်ဗျားရဲ့လက်ဝါးအားက တကယ်ပြင်း
တာကိုး၊ ဒါနဲ့တောင်မှ ပိုလိဒ်ကို ကျုပ်ကိုယ်တိုင် သွားခေါ်
ရတယ်ဆိုတော့ ခင်ဗျားရဲ့လက်ကို ဖြတ်ပစ်လိုက်ဖို့သင့်ပါတယ်

ချာရဲလုံ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သူက ပခုံးတစ်ချက် တွန့်လိုက်ကာ…

'ဒါကတော့ တောင်ကြားမြို့သခင်ရဲ့ ပစ္စည်းကိုး၊ သူ
ပိုလိဒ်ကို ခင်ဗျားရဲ့လက်ထဲ ပေးလိုက်တာဟာ တကယ်အံ့ဩ
စရာပါပဲ၊ ကျုပ်ဖြင့် ယုံတောင်မယုံနိုင်စရာပါပဲ'

ကျောင်းဖုန်းက သဘောကျစွာဖြင့် ပြုံးလိုက်၏။

'မှင်း ယုံတာမယုံဘာ နောက်ထား အခု ကျုပ်တို့
အကောင်းဆုံး အိပ်ခန်းတစ်ခန်း စီစဉ်ပေးပါ၊ တော်ကြ
ပိုလိဒ်လာလိမ့်မယ်'

ချာရဲလုက ခေါင်းညိတ်လိုက်သည်။

'ကောင်းပါပြီ'

သူက ကျောင်းဖုန်းအား အကောင်းဆုံး အိပ်ခန်းတစ်ခန်း
ဆီသို့ ပို့ပေးလိုက်၏။

ယင်းနောက်…



အချိန်မရွေးခေါ်ခိုင်းပါရန် မှာကြားကာ ပြန်လည်ထွက်
ခွာသွားလေတော့သည်။

* * *

နာရီဝက်အချိန်သို့ ကျော်လွန်ခဲ့ပြီ ဖြစ်သည်။

ယခုအချိန်အထိ ပိုလိဒ်က ရောက်မလာသေးပါ။'

ကျောင်းဖုန်းက အခန်းထဲတွင်ခေါက်တုံ့ခေါက်ပြန် လျှောက်
နေ၏။

ရုတ်တရက်…

သူက စားပွဲအနီးတွင် ခြေလှမ်းရပ်တန့်ကာ စားပွဲပေါ်မှ
ငွေမောင်းလေးအား ထုလိုက်လေသည်။

'ဒူ…'

ငွေမောင်းသံမဆုံးမီမှာပင် အခန်းတံခါးပွင့်သွား၏။

ဆိုင်လုလင်တစ်ယောက်က ခြေလှမ်းသွက်သွက်ဖြင့် ဝင်
ရောက်လာကာ ကျောင်းဖုန်းအား ဂါရဝပြုလိုက်လေသည်။

ကျောင်းဖုန်းက သူ့အားလှည့်ကြည့်လိုက်၏။

'ချာရဲလုကို ပြောလိုက်ပါ၊ အခုချက်ချင်း ရှေနန်းတော်ကို
သွားပြီး ပိုလိဒ်ကိုခေါ်ခဲ့ပါ'

သူက ယင်းသို့မှာကြားနေစဉ်....

ရုတ်တရက်....

သူ၏ မျက်လုံးများက ဆိုင်လုလင်နောက်မှ လူရိပ်တစ်ရိပ် ခွေ့လျားလာနေသည်ကို တွေ့မြင်လိုက်ရလေသည်။

ထိုလူရိပ်ကား တခြားလူမဟုတ်ပါ။

ကျောင်းဖုန်း၏ အခန်းထဲသို့ လာနေသော ပိလိန်ပင်ဖြစ်လေတော့၏။

*　　*　　*

ပိလိန်သည် တစ်လှမ်းချင်းလှမ်း လာနေ၏။

သူမ၏ လှုပ်ရှားမှုတိုင်းသည် ကျောင်းဖုန်းအား ညို့ယူနေသကဲ့သို့ ထင်ရလေသည်။

ကျောင်းဖုန်းက ဆိုင်လုသားအား လက်တစ်ချက်ဝှေ့ယမ်းလိုက်သည်။

'မင်း သွားနိုင်ပြီ'

သူက ယင်းသို့ပြောပြီး ပိလိန်ထံသို့ လျှောက်သွား၏။

ဆိုင်လုလင်က သူ၏ပခုံးနှစ်ဖက်ကို တန်ပါပါတွန့်ရှုံ့ပြီး ပြန်လည်ထွက်ခွာသွားလေသည်။



ကျောင်းဖုန်းက ပိလိန်၏လက်ကိုဆွဲကာ အခန်းထဲသို့ ခေါ်ဆောင်လာလေသည်။

'ကြွလိုက်တာကွာ၊ မင်းမလာရင် ငါတော့သေရတော့မှာပဲ'

ပြောပြီး သူမအား သိုင်းဖက်ထားလိုက်၏။

ပိလိန်က သူ့အား ပြုံးတုံ့တုံ့ဖြင့် ကြည့်ကာ....

'ပိုလိုက်တာကွာ'

သူမ၏အသံက ကန့်ကလျနိုင်လှပေသည်။

ကျောင်းဖုန်းက သူမအားပို၍ တင်းကျပ်စွာ သိုင်းဖက်ထားလိုက်သည်။

ပိလိန်က အသံလွင်လွင်ကလေးဖြင့် ရယ်မောလိုက်၏။

'ခစ်.... ခစ်.... ခစ်၊ ကဲ....ကျွန်မဗိုက်ဆာလှပြီ၊ ညစာအတူတူစားကြရအောင်'

ကျောင်းဖုန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီလေ'

*　　*　　*

ကျှင်းဖုန်းသည် ညစာကိုမိမိ၏အခန်းထဲမှာပင်စားသောက်ရန် ဆုံးဖြတ်လိုက်သည်။

ချာရဲလုက တဒင်္ဂအချိန်လေးမှာပင် စီစဉ်၍ ပေးလေသည်။

ယင်းကြောင့် ...

ကျှင်းဖုန်း၏ အိပ်ခန်းထဲရှိစားပွဲပေါ်၌ စားသောက်စရာများဖြင့် ပြည့်စုံနေ၏။

အနီရောင် ဖယောင်းတိုင် နှစ်တိုင်အား စားပွဲပေါ်တွင် ထွန်းထားလေသည်။

ယခု...

ထို ဖယောင်းတိုင်များသည် တစ်ဝက် လောင်ကျွမ်းပြီးဖြစ်၏။

စားသောက်ပြီးသောအခါ...

ပိုလိန်က ထိုင်ရာမှထလိုက်ပြီး အခန်းထောင့်သို့ လျှောက်သွား၏။

ယင်းနောက်....

အခန်းထောင့်စားပွဲပေါ်ရှိ အရက်အိုးအား ကျှင်းဖုန်းမြင်အောင် မြှောက်ပြလိုက်လေသည်။

ကျှင်းဖုန်းက ခေါင်းညိတ်ပြလိုက်၏။



ပိုလီန်ကပြုံးလိုက်ပြီး စားပွဲပေါ်ရှိ အရက်ခွက်ထဲသို့ အရက်ငှဲ့ထည့်လိုက်လေသည်။

ရုတ်တရက်....

သူမ၏ ဘယ်ဘက်လက်သူကြွယ်ရှိ လက်စွပ်မှ...

'ချပ်'

ဟူသောအသံနှင့်အတူ အံ့ဝှက်တစ်ခုပွင့်သွားပြီး ဖန်ခွက်ထဲသို့အဖြူရောင်အမှုန့်များက အရက်ထဲသို့ ပျော်ဝင်သွားလေသည်။

သူသည် အရက်ဖန်ခွက်ကိုကိုင်လျက် ကျှင်းဖုန်း ထံသို့ လျှောက်လာ၏။

ယင်းနောက်....

အရက်ခွက်အား ကျှင်းဖုန်းထံသို့ ကမ်းပေးလိုက်သည်။

ကျှင်းဖုန်းက အရက်ခွက်သာမက ပိုလိန်၏လက်စွပ်ကိုပါ ဆွဲချလိုက်၏။

'အို'

ပိုလိန်က မတိုးမကျယ်လေးအော်ရင်း ကျှင်းဖုန်း၏ရင်ခွင်ထဲသို့ ရောက်ရှိသွားလေသည်။

ယင်းနောက်....

ကျောင်းဖုန်းက ပိလိန်၏လက်ထဲမှ အရက်ခွက်ကို စားပွဲပေါ်သို့ တင်လိုက်၏။

တစ်ဆက်တည်းမှာပင်....

စားပွဲပေါ်မှ ဖယောင်းတိုင်အား မီးမှုတ်လိုက်လေတော့သည်။

* * *

'ရှီ'

ဟူသော အသံနှင့်အတူ ဖယောင်းတိုင်မီးက ပြန်လည်ပေါ်ထွက်လာ၏။

ကျောင်းဖုန်းက ဖယောင်းတိုင်အား ပြန်လည် ထွန်းညှိလိုက်ခြင်းဖြစ်သည်။

မီးရောင်အောက်တွင် ပိလိန်က သူ့အား ရှန်းလဲ့တောက်ပသော မျက်လုံးရွဲကြီးများဖြင့် ကြည့်နေလေသည်။

ကျောင်းဖုန်းက သူမ၏ဖရိုဖရဲအလှကိုကြည့်ကာ ကျေနပ်စွာပြုံးလိုက်လေသည်။

ယင်းအချိန်....



ပိလိန်က စားပွဲပေါ်မှ အရက်ခွက်ကို လှမ်းယူလိုက်ပြီး....

'ရော့'

သူမက ကျောင်းဖုန်းအား လှမ်းပေးလိုက်လေသည်။

ကျောင်းဖုန်းက သူမအား ပြုံး၍ကြည့်ကာ အရက်ခွက်ကို လှမ်းယူလိုက်၏။

ထို့နောက်....

သူက နှုတ်ခမ်းတွင် တေ့ထားကာ သောက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

သူက အရက်ကိုမသောက်သေးဘဲ ခွက်အလွတ်တစ်ခုထဲသို့ ထည့်လိုက်လေသည်။

ယင်းနောက်....

ဖန်ခွက်နှစ်ခွက်စလုံးကို မ ယူလိုက်ပြီး....

'ဒီနေ့ဟာ ငါကံကောင်းတဲ့နေ့ပဲ၊ ဒါကြောင့် မင်းနဲ့ငါ့အတွက်'

သူကပြောပြီး ပိလိန်ထံသို့ တစ်ခွက် လှမ်းပေးလိုက်၏။

ပိလိန်က အရက်ခွက်အား လှမ်းယူလိုက်လေသည်။

ကျင်းဖုန်းက သူမအား ပြုံးပြလိုက်၏။

‘ကဲ....မင်းက ကျုပ်ကို အရက်တိုက်ပါ၊ ကျုပ်ကလဲမင်းကို အရက်တိုက်မယ်’

ဟု ပြောကာ အရက်ခွက်အား ပိလိန်၏နှုတ်ခမ်းတွင် တေ့ပေးလိုက်သည်။

ပိလိန်၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

သို့သော်....

သူမက ချက်ချင်းပင် ဩခြေဆည်လိုက်၏။

‘အို....ကျွန်မက ရှင့်ကို အရင်ပြုစုပါရစေ’

ကျင်းဖုန်းက သူမမျက်နှာပျက်သွားသည်ကို တွေ့မြင်သွားလေသည်။

ထို့ကြောင့် ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

‘ဟာ....မင်းပြုစုတာများနေပါပြီ၊ ဒီတစ်ခါ ကျုပ်ကပြုစုပါရစေဦး’

ပြောပြီး အရက်တိုက်ရန်ဟန်ပြင်လိုက်သည်။

ပိလိန်က ခေါင်းခါယမ်းလိုက်၏။

‘အို....ကျွန်မအရက်မသောက်ချင်ဘူး’

ဟု ပြောရင်း နောက်ဆုတ်သွားသည်။



ကျင်းဖုန်းက အရက်ခွက်ကိုကိုင်ရင်း ရှေ့သို့ တိုးလာလေသည်။

ပိလိန်က ဟန်မဆောင်နိုင်တော့ပါ။

သူမ၏မျက်နှာက သိသိသာသာ ပျက်ယွင်းသွားလေသည်။

ကျင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

‘ဟား....ဟား....ဟား....ငါတိုက်တဲ့ အရက်ထဲမှာ အဆိပ်ပါနေလို့လားကွာ’

ပိလိန်၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်လာလေသည်။

သူမလက်ထဲတွင် ကိုင်ထားသောအရက်ခွက်မှာလည်း လွတ်ကျသွား၏။

ကျင်းဖုန်းက အားပါးတရရယ်မောရင်း ငွေမောင်းလေးအား ထုလိုက်လေသည်။

‘ဒူ’

ဟူသောအသံဆုံးသွားသည်နှင့် မိန်းကလေးတစ်ယောက်ဝင်ရောက်လာလေသည်။

သူက မိန်းကလေးအား ပြုံးပြလိုက်၏။

‘ဒီနေ့ဟာ ငါ့ရဲ့ အပျော်ဆုံးနေ့ပဲ၊ ရော့ မင်းအတွက်သောက်ဆူး’

ပြောပြီး အင်္ကျီအိတ်ထဲမှ ငွေတိုးနှစ်တုံးကို နှိုက်ပေးလိုက်လေသည်။

မိန်းကလေးက သူ့အား ကြောင်အမ်းအမ်းဖြင့် ကြည့်နေ၏။

ကျောင်းဖုန်းက သူမအား ပြုံးပြလိုက်သည်။

'ရော့...ဒီအရက် မင်းသောက်လိုက်ပါဦး'

မိန်းကလေးက ကြောင်အမ်းအမ်းဖြင့် ကျောင်းဖုန်း၏လက်ထဲမှ အရက်ခွက်ကို လှမ်းယူကာ မော့ချလိုက်၏။

ပိလိန်က ဟန့်တားရန် ဟန်ပြင်လိုက်သော်လည်း နောက်ကျသွားခဲ့ပြီဖြစ်သည်။

မိန်းကလေးက အရက်ခွက်အား ကျောင်းဖုန်းထံသို့ပြန်လည်လှမ်းပေးလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်ရှင်'

ကျောင်းဖုန်းကလည်း အရက်ခွက်အား ပြန်ယူသွားလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်၊ ဒါမှ အရက်ထဲမှာ အဆိပ်ပါသလား၊ မပါသလားဆိုတာ သိရမှာပါ'

မိန်းကလေးက အဆိပ်ဟူသော စကားကြောင့် ထိတ်လန့်တုန်လှုပ်သွား၏။



ယင်းအချိန်....

သူမ၏ဦးခေါင်းတစ်ခုလုံး လေးလံလာကာ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေတော့သည်။

* * *

သွေးများသည် မိန်းကလေး၏နှာခေါင်း၊ နားနှင့်မျက်စိတို့မှ ယိုစီးကျလာလေသည်။

ကျောင်းဖုန်းက သူမအား တစ်ချက်ကြည့်ကာ ဦးခေါင်းကို ငြိမ်းညင်းစွာ ခါယမ်းလိုက်၏။

ထို့နောက်....

ပိလိန်ဘက်သို့ လှည့်ကြည့်လိုက်သည်။

ပိလိန်၏ခန္ဓာကိုယ်တစ်ခုလုံး အေးစက်နေလေသည်။

သူမ၏ လက်ဖဝါးများမှာလည်း ချွေးများစေးကပ်လေသည်။

သူမသည် အခြေအနေမဟန်ကြောင်းသိသဖြင့် ထွက်ပြေးရန် ဟန်ပြင်လိုက်၏။

သို့သော်....

ကျောင်းဖုန်းက သူ့ဒဏ်ရာကိုအား ဆုပ်ကိုင်ထားလိုက်လေသည်။

ယင်းအချိန်....

ရုတ်တရက် အခန်းတံခါးဝမှ အသံတစ်သံထွက်ပေါ်လာ၏။

'ဟာ....သိပ်ပြင်းတဲ့အဆိပ်ပါလား'

ထိုအသံကြောင့် ကျောင်းဖုန်းက အခန်းတံခါးဝဘက်သို့လှည့်ကြည့်လိုက်လေသည်။

ယင်းသို့ ကြည့်လိုက်မိသည်နှင့် မိမိအား မဲ့ပြုံးပြုံးကာကြည့်နေသော ချာရဲလုအား တွေ့မြင်လိုက်ရလေတော့သည်။

* * *

ချာရဲလုသည် တံခါးပေါင်ကိုမှီကာ ပြုံး၍ကြည့်နေ၏၊ အတန်ကြာမှ....

သူက ပခုံးတစ်ချက်တွန့်လိုက်ပြီး....

'ဒါက လူသတ်မှုပဲ'

ဟု ပြောလိုက်၏။

ကျောင်းဖုန်းက ခေါင်းညိတ်လိုက်သည်။



'ပိုလိန်က ကျုပ်ကိုအဆိပ်ခတ်တယ်လေ'

ချာရဲလုက ခေါင်းခါယမ်းလိုက်၏။

'ကျုပ်မြင်တာတော့ မင်းက မိန်းကလေးကို အရက်တိုက်တယ်၊ နောက်တော့ မိန်းကလေးကသေသွားတယ်၊ ဒါပဲကျုပ်ကမြင်မိတယ်'

ကျောင်းဖုန်းက အံကိုတင်းတင်းကြိတ်ကာ ပိုလိန်အားဆောင့်ဆွဲလိုက်၏။

ပိုလိန်က မဟန်နိုင်တော့ဘဲ ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ချာရဲလုက ပြုံး၍ကြည့်နေ၏။

ကျောင်းဖုန်းက ပိုလိန်အားဆွဲထူကာ....

'မင်း....မင်း မိန်းမယုတ်'

သူကပြောပြီး ရိုက်ရန်ဟန်ပြင်လိုက်သည်။

ချာရဲလုက ရယ်မောလိုက်၏။

'ကျောင်းဖုန်း၊ ခင်ဗျားက လူသတ်မှုအပြင် ညှဉ်းပမ်း နှိပ်စက်မှုနဲ့ အဖမ်းခံနေရဦးမယ်နော်'

ကျောင်းဖုန်း၏ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားလေသည်။

'ဘာ....ဘာပြောတယ်'

ချာရဲလုက သဘောကျစွာ ရယ်မောလိုက်၏။

သူက သေဆုံးနေသော မိန်းကလေးအား ညွှန်ပြကာ...

'သူက ဘယ်သူလဲသိလား'

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'မသိဘူး'

ချာရဲလုက ပြုံးလိုက်သည်။

'သူက ရွှေနန်းတော်က အလုပ်သမားလေ'

ကျင်းဖုန်းက မျက်မှောင်ကြုတ်လိုက်၏။

'အဲဒါ ဘာဖြစ်သလဲ'

ချာရဲလုက....

'ဝမ်းကျုံးစန်းက ခင်ဗျားကိုတရားစွဲမှာပေါ့'

ကျင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်သတ်တာမှ မဟုတ်ဘဲ'

ချာရဲလုက ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျုပ်မသိဘူး၊ ကျုပ်သိတာကတော့ မင်းတိုက်တဲ့အရက်ကို သောက်ပြီး မိန်းကလေးဟာ သေသွားတော့တာပဲ'



ကျင်းဖုန်းက မဲ့ပြုံးပြုံးလိုက်၏။

'အဲဒီအရက်က ပိလိန်တာ ကျုပ်ကိုတိုက်တာပဲ'

ချာရဲလုက ခေါင်းခါယမ်းလိုက်သည်။

'ဒါတော့ ကျုပ်မသိဘူးလေ'

ကျင်းဖုန်း၏မျက်နှာတစ်ခုလုံး နီရဲသွားလေသည်။

သူက ရုတ်တရက် ပိလိန်ဘက်သို့လှည့်ကာလက်ဖြန့်တစ်ချက် ရိုက်ချလိုက်လေသည်။

'ဖြန်း'

'အ....'

ပိလိန်က မပီမသ ညည်းညူရင်း လဲကျသွား၏။

သူမ၏ နှုတ်ခမ်းထောင့်မှ နီရဲသောသွေးများ ကျလာလေသည်။

ကျင်းဖုန်းက သူမအားဆွဲထူကာ ပခုံးအား ကြမ်းတမ်းစွာ လှုပ်ယမ်းလိုက်လေသည်။

'မပြောစမ်း၊ မှန်မှန်မပြောရင် ကျုပ်က မင်းကို သတ်ပစ်ရလိမ့်မယ်၊ ကျုပ်မသတ်ဘဲနဲ့တော့ လူသတ်တရားခံအဖြစ် မခံနိုင်ဘူး'

ပိုလိန်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် သူ့အား ကြည့်နေလေသည်။

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

သူက ခါးမှဓားကို ဆွဲထုတ်လိုက်၏။

ပိုလိန်က ကြောက်ရွံ့တုန်လှုပ်စွာဖြင့် အော်ဟစ်ငိုကြွေးလိုက်သည်။

'ကျွန်... ကျွန်မနဲ့မဆိုင်ဘူး၊ သူများကခိုင်းတာပါ'

ကျောင်းဖုန်းက အေးစက်စက်အသံဖြင့်...

'ဘယ်သူလဲ ချာရဲလုလား'

ချာရဲလုက လက်ကာပြလိုက်သည်။

'ဟာ... ကျုပ်မပါပါဘူးဗျာ'

ကျောင်းဖုန်းက ပိုလိန်အား တစ်ချက် ရိုက်ချလိုက်ပြန်လေသည်။

'ဖြန်း'

ပိုလိန်က ကြမ်းပြင်ပေါ်သို့ လဲကျသွား၏။

ကျောင်းဖုန်းက သူ့အား ဓားဖြင့်ထိုးသတ်ရန် ဟန်ပြင်လိုက်၏။

ပိုလိန်က တမန်းကာတနဲ့ အော်ဟစ်လိုက်သည်။



'ဝမ်း... ဝမ်းကျုံးစန်းက သတ်ခိုင်းတာပါ'

ကျောင်းဖုန်းက မျက်လုံးပြူးသွား၏။

'ဘာ... ဝမ်းကျုံးစန်းဟုတ်လား'

ပိုလိန်က ခေါင်းညိတ်ပြလိုက်လေသည်။

'ဟုတ်... ဟုတ်ပါတယ်'

ကျောင်းဖုန်းက တွေဝေသွား၏။

ချာရဲလုက ရယ်မောလိုက်၏။

'ကျုပ်ပြောတယ်မဟုတ်လား၊ ဝမ်းကျုံးစန်းက ပိုလိန်ကို ပေးလိုက်တာ မယုံကြည်စရာပဲလို့'

ကျောင်းဖုန်းက ပါးစပ်ပိတ်ထားလိုက်လေသည်။

သူက မျက်မှောင်ကြုတ်ကာ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေလေသည်။

ဝမ်းကျုံးစန်းသည် ဤမြို့၌ အာဏာအရှိဆုံးလူဖြစ်သည်။

မိမိက ဝမ်းကျုံးစန်းနှင့် ယှဉ်နိုင်ပါမည်လော။

ချာရဲလုက သူ့အား တစ်ချက်ကြည့်လိုက်၏။

'အဲဒါမှ ပိုပြီးဆိုးတာ၊ ဘာဖြစ်လို့လဲဆိုရင် ဝမ်းကျုံးစန်းက ခင်ဗျားကို လူသတ်မှုနဲ့ တရားရုံးတင်မယ်၊ ပြီးတော့ မြို့တော်ဝန်နဲ့ သူက အင်မတန်ရင်းနှီးတယ်လေ'

ကျင်းဖုန်းက အကျပ်အတည်းနှင့် ရင်ဆိုင်နေရလေသည်။

ယင်းအချိန်....

ရုတ်တရက် မိမိက ဝမ်းကျုံးစန်းအား သတ်နိုင်ရင်ဟု ဆိုသော အတွေးက ဝင်ရောက်လာလေသည်။

သို့သော်....

သူသည် ဝမ်းကျုံးစန်း၏ သိုင်းပညာအဆင့်ကို မသိပါချေ။

သူက ဝမ်းကျုံးစန်းအား ဖမ်းခဲ့သောလူနှင့် ယှဉ်ပြိုင်စဉ်က အလွန်ပင် သတိထားခဲ့ရလေသည်။

ထင်းအချိန်က....

သူ့အနားတွင် ရှောင်ရှမ်းရှိနေသဖြင့် အနိုင်ရကာ ဝမ်းကျုံးစန်းအား ကယ်တင်နိုင်ခဲ့ခြင်း ဖြစ်လေသည်။

ယခု....

မိမိ၏အနားတွင် ရှောင်ရှမ်းက ရှိနေခဲ့ပါချေ။

ယင်းကြောင့်....

မိမိက ဝမ်းကျုံးစန်းအား ယှဉ်နိုင်ပါမည်လော။

မိမိအတွက် အရှုံးနှင့်ရင်ဆိုင်ရမည်က အလေးသာနေလေသည်။



ချာရဲလုက ပခုံးတစ်ချက်တွန့်ကာ....

'တစ်ခုတော့ရှိတယ်၊ ဒီမြို့မှာ ဝမ်းကျုံးစန်းဟာ အာဏာအရှိဆုံးလူ သူ့ကိုသတ်နိုင်ရင်တော့ ခင်ဗျားက ဒီမြို့ရဲ့အာဏာအရှိဆုံးလူ ဖြစ်လာလိမ့်မယ်၊ ဒီအပြင် လူသတ်မှုနဲ့လဲ အဖမ်းခံစရာ မလိုတော့ဘူး'

ကျင်းဖုန်းက ပိုလိန်နှင့် ချာရဲလုတို့အား တစ်လှည့်စီကြည့်နေလေသည်။

ထို့နောက်....

ကုလားထိုင်ပေါ်တွင်ထိုင်ကာ လေးလေးနက်နက် စဉ်းစားနေ၏။

အတန်ကြာသောအခါ....

သူက ချာရဲလုအား ပြုံးပြလိုက်လေသည်။

'ခင်ဗျားရဲ့ ကျားလက်ဝါးဟာ နာမည်ကြီးသင့်ပါလျက် ဝမ်းကျုံးစန်းကြောင့် နာမည်မရခဲ့ဘူးမဟုတ်လား'

ချာရဲလုက သူ့အား ပြုံးပြလိုက်၏။

သူက အခန်းတံခါးကို သွားရောက်ကာ ပိတ်လိုက်လေသည်။

တစ်ချိန်တည်းမှာပင်....

ကျွင်းဖုန်းက ပိလိန်၏ သွေးကြောများကို ပိုင်လိုက်၏။

ယင်းနောက်....

ကျွင်းဖုန်းနှင့် ချာရဲလုတို့ တစ်ယောက်မျက်နှာ တစ်ယောက် အတန်ကြာအောင်စိုက်ကြည့်လိုက်လေတော့၏။

* * *

ဤဆိုင်သည် စားသောက်ဆိုင်မဟုတ်ပါ။

ကုန်စုံဆိုင်လည်း မဟုတ်ပါ။'

သို့သော်....

တောင်ကြီးမြို့တွင် ဤဆိုင်မျိုးမရှိ၍ မဖြစ်ပါ။

ထို့ပြင်....

မည်သည့်မြို့တွင်မဆို ဤဆိုင်မျိုးအနည်းဆုံး တစ်ဆိုင်ရှိရ လေသည်။

ဤသို့ဆိုပါလျှင်....

မည်သည့်ဆိုင်မျိုး ဖြစ်မည်နည်း။

ဤဆိုင်ကားတခြားမဟုတ်ပါ။



မသာအတွက် ခေါင်းများရောင်းသော ဆိုင်ပင်ဖြစ်လေ တော့၏။

* * *

ဆိုင်ရှင်သည် ဦးခေါင်းတစ်ခုလုံးမှာ ကြာဆန်ကဲ့သို့ ဖြူ ဖွေးသော ဆံပင်များဖြင့် ပြည့်နှက်နေလေသည်။

'ဒေါက်....ဒေါက်....ဒေါက်'

ဆိုင်တံခါး ခေါက်သံကြောင့် သူက အိပ်ရာမှနိုးလာ၏။

သူက အိပ်ရာမှထ,ကာ ခုတင်ဘေးရှိ မီးအိမ်အားမီးညှိ လိုက်သည်။

ယင်းနောက်....

မီးအိမ်ကိုဆွဲကာ အိမ်ရှေ့တံခါးသို့ ထွက်လာခဲ့လေသည်။

တံခါးခေါက်သံက အဆက်မပြတ် ထွက်ပေါ်နေဆဲပင်....

အတိုးအိုက အော်ပြောလိုက်၏။

'လာပြီဟေ့....လာပြီကွ'

သူက ပြောပြီး တံခါးဖွင့်ပေးလိုက်လေသည်။

ထို့နောက်....

သူက တံခါးပေါက်ဝရပ်နေသောလူအား ပြုံးပြလိုက်၏။

'ဟာ... သခင်လေးချာရဲလုပါလား၊ တစ်ယောက်ယောက် လွှတ်လိုက်ရင် ပြီးတာပဲဗျာ'

ချာရဲလုက ပြုံးလိုက်လေသည်။

'ကျုပ်က အခေါင်းတစ်လုံး လိုချင်တယ်'

အဘိုးအိုက သက်ပြင်းတစ်ချက်ချလိုက်၏။

'အင်း... ဒီနှစ်ထဲမှာ တောင်ကြားမြို့ကလေးမှာ အသေအပျောက် တကယ်များတာပဲကိုး'

ချာရဲလုက...

'အခုသေတာ မျက်နှာစိမ်းလူရွယ်ပါ၊ လေဖြတ်ပြီး သေတာလေ'

အဘိုးအိုက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'ဩြ်... ကျင်းဖုန်းဆိုတဲ့ လူရွယ်တစ်ယောက် အသစ်ရောက်လာတယ်လို့ ကြားတယ်၊ အဲဒီလူရွယ်လား'

ချာရဲလုက ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီက အကောင်းဆုံး အခေါင်းကိုပေးပါ'

အဘိုးအိုက ခေါင်းညိတ်လိုက်၏။

'စိတ်ချပါ၊ နာရီဝက်အတွင်း ပို့ပေးပါ့မယ်'



ဟု ပြောလိုက်လေသည်။

ချာရဲလုက အဘိုးအိုအား နှုတ်ဆက်လိုက်သည်။

ထို့နောက်...

သူက ရွှေစည်းစိမ်စားသောက်ဆိုင်သို့ ပြန်လာခဲ့၏။

အကောင်းဆုံးသော အခေါင်းတစ်လုံးသည် နာရီဝက်အတွင်းရောက်ရှိလာလေသည်။

သို့သော်...

နာရီဝက်မတိုင်မီကပင် ကျင်းဖုန်း သေဆုံးသောသတင်းက တောင်ကြားမြို့ကလေးတစ်မြို့လုံးအား ဂယက်ရိုက်သွားလေတော့သည်။

* * *

သစ်လွင်သောအခေါင်းတစ်လုံးကရွှေစည်းစိမ်စားသောက်ဆိုင်၏ အနောက်ဘက်အဆောင်တွင် ရောက်ရှိနေပြီဖြစ်သည်။

အခေါင်းသည် အခန်း၏ထောင့်၌ရှိပြီး အမွှေးနံ့သာများကို ထွန်းညှိထား၏။

လှပသောပန်းများ စိုက်ထားသော ပန်းအိုးများသည် အခေါင်း၏ဦးခေါင်းဘက်တွင် ပြင်ဆင်ထားလေသည်။

ရွှေနန်းတော်စားသောက်ဆိုင်၏ပိုင်ရှင် ဝမ်းကျုံးစန်း၏ ဝမ်းနည်းခြင်း အထိမ်းအမှတ်ဖြင့် ပေးပို့သော ပန်းခြင်းလေးကမူ အခေါင်း၏အရှေ့ဘက်တွင် ရှိနေလေသည်။

ကျင်းဖုန်းသည် မနေ့ညနေပိုင်းက ဤခေါင်ကြားမြို့လေးသို့ ရောက်ရှိလာပြီး တစ်ရက်မပြည့်မီမှာပင် လေဖြတ်ကာ သေဆုံးသွားသော သတင်းကြောင့် လူအခေါင်များများက လာရောက်ဂါရဝပြုကြလေသည်။

မနက်မိုးစင်စင်လင်းသည့် အချိန်မှ စ၍ လာရောက်ဂါရဝပြုကြသူများက ယခုအချိန်အထိ မစဲသေးပါချေ။

ယင်းအချိန်....

ဝမ်းကျုံးစန်းက သစ်လွင်တောက်ပသော ပိုးထည်ဝတ်စုံကို ဝတ်ဆင်လျက် ရောက်ရှိလာလေသည်။

သူသည် ဤခေါင်ကြားမြို့ကလေးတွင် သြဇာအာဏာ အရှိဆုံး ဖြစ်၏။

ချာရဲလုကိုယ်တိုင်ကမူ သူ့အား ထွက်၍ ကြိုဆိုလေသည်။

ဝမ်းကျုံးစန်းက သူ့အား ပြုံးပြလိုက်လေသည်။

'မင်းတို့ဆီမှာ ကျင်းဖုန်းဆိုတဲ့ ဧည့်သည် ညကလေဖြတ်ပြီး သေသွားတယ်ဆို'

ချာရဲလုက ခေါင်းညိတ်လိုက်သည်။



'ဟုတ်ပါတယ်'

ဝမ်းကျုံးစန်းက စိတ်မကောင်းဖြစ်သွားဟန်ဖြင့် ခေါင်းတွင်တွင်ခါယမ်းလိုက်လေသည်။

'သူဟာ ကျုပ်ရဲ့ကျေးဇူးရှင်ကွ၊ ကျေးဇူးရှင်ကို ကောင်းကောင်း ကျေးဇူးမဆပ်ရသေးဘူး၊ ဒါနဲ့ ပိုလိန်ရော မမြင်ပါလား'

ချာရဲလုက ပြုံးပြလိုက်သည်။

'ပိုလိန်လဲ ကျင်းဖုန်းက ရုတ်တရက်သေသွားတော့ လန့်ပြီး နေမကောင်းဖြစ်သွားတယ်၊ အဲဒါ ကျွန်တော်က သမားတော်ကြီးတစ်ယောက်ကို ခေါ်ပြီး ပြထားရမယ်'

ဝမ်းကျုံးစန်းက ခေါင်းတညိတ်ညိတ်ဖြင့်...

'ဩော်....ဩော်၊ ဒါနဲ့ အခေါင်းကို ဘယ်နေရာမှာ ထားသလဲ'

ချာရဲလုက အနောက်ဘက်သို့ ညွှန်ပြလိုက်သည်။

'အနောက်ဘက်ဆောင်မှာပါ'

ဝမ်းကျုံးစန်းက ခေါင်းညိတ်လိုက်၏။

'ကောင်းပြီ၊ ကျုပ်က သွားပြီးဂါရဝပြုလိုက်ဦးမယ်'

ပြောပြီး အနောက်ဘက်ဆောင်သို့ လျှောက်သွားလေသည်။

ချာရဲလုက သူ့နံဘေးမှ လိုက်ပါသွားလေသည်။

ဝမ်းကျုံးစန်းသည် အနောက်ဆောင်သို့ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အခေါင်းရှေ့သို့သွားကာ ဦးစွာဂါရဝပြုလိုက်၏။

သူက အခေါင်းအား သေချာစွာကြည့်ကာ ချာရဲလုဘက်သို့ လှည့်ကြည့်လိုက်လေသည်။

'ချာရဲလု မင်းတို့အခေါင်းက ညှိ့လှချည်လား'

ချာရဲလုက တည်ကြည်သောမျက်နှာထားဖြင့်....

'ဟာ ... ဒီမြို့မှာ ဒီအခေါင်းကအကောင်းဆုံးပါပဲ'

ဝမ်းကျုံးစန်းက ခေါင်းခါယမ်းလိုက်သည်။

'အကောင်းဆုံးသာဆိုတယ်၊ မင်းတို့အခေါင်းက ဆွေးနေတာပဲ၊ ဒီမှာကြည့်စမ်းပါ'

ပြောပြီး ခါးမှဓားကိုဆွဲထုတ်ကာ အခေါင်းအား ထိုးစိုက်လိုက်၏။

သူက အခေါင်း၏ဦးခေါင်းပိုင်းအား ထိုးစိုက်လိုက်ခြင်းဖြစ်လေသည်။

ယင်းနောက်....

ဓားကို ပြန်လည်ဆွဲနှုတ်လိုက်ပြီး....



'တွေ့လား၊ အခေါင်းကဆွေးနေပြီ'

ဟု ပြောကာ ဓားအား မသိမသာဖြင့် ကြည့်လိုက်လေသည်။

ဓား၏အဖျားတွင် ညိုမည်းသောသွေးများ စွန်းထင်းနေခြင်းကို တွေ့မြင်လိုက်ရလေသည်။

ဝမ်းကျုံးစန်းက ကျေနပ်သွားမိ၏။

သူက ကျွင်းဖုန်း အမှန်တကယ်သေမသေကို သိချင်သဖြင့် ယခုကဲ့သို့ ပြုလုပ်လိုက်ခြင်းဖြစ်လေသည်။

အကယ်၍သာ....

အခေါင်းထဲမှ အလောင်းသည်အဆိပ်မိကာ သေဆုံးသွားသော မိန်းကလေး၏ အလောင်းဖြစ်ကြောင်း သိရှိခဲ့ပါလျှင် ဝမ်းကျုံးစန်းက ယခုကဲ့သို့ ကျေနပ်နိုင်ပါမည်လော။

* * *

ဝမ်းကျုံးစန်း....

ဝမ်းကျုံးစန်းသည် လက်ထဲမှဓားဖြင့် အခေါင်းအားထိုးစိုက်လိုက်ပြန်၏။

အမှန်တွင်....

သူက အခေါင်းထဲမှကျောင်းဖုန်းအား စိတ်ချရစေရန် အသေသတ်နေခြင်းဖြစ်လေသည်။

ပထမအကြိမ် ခဲဖြင့် ထိုးစိုက်စဉ်က ခဲဖျားတွင် သွေးများစွန်းထင်းလာသော်လည်း ပို၍ သေချာစေရန် ဤသို့ပြုလုပ်နေခြင်းဖြစ်၏။

သူက စိတ်ကျေနပ်သွားမှ ချာရဲလုအား လှည့်၍ပြုံးပြလိုက်သည်။

'ဒီမြို့မှာ ကျောင်းဖုန်းရဲ့ ဆွေမျိုးမရှိဘူး၊ ဒါကြောင့် ကျုပ်ကပဲ သူ့ရဲ့ဆွေမျိုးနေရာကနေပြီး သူ့ရဲ့ဈာပနကိစ္စကိုဆောင်ရွက်ရလိမ့်မယ်၊ ဒါကြောင့် ခင်ဗျားက ကျုပ်ကိုကူညီတဲ့အနေနဲ့ အကောင်းဆုံးအခေါင်းတစ်လုံးထပ်မှာပြီး လဲပေးပါ'

ချာရဲလုက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....ကျုပ်ကလဲ အစတုန်းက ဒီမြို့မှာ ကျောင်းဖုန်းရဲ့ဆွေမျိုးမရှိဘူးလို့ထင်ခဲ့တယ်၊ ဒါပေမယ့်....'

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်၏။

ဝမ်းကျုံးစန်းက သူ၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ချာရဲလုက တစ်နေရာသို့ လှမ်းကြည့်လိုက်၏။



တစ်ဆက်တည်းမှာပင်....

ဝမ်းကျုံးစန်း၏မျက်လုံးအစုံကသည်း ချာရဲလု၏မျက်လုံးများရာဆီသို့ ရောက်ရှိသွားလေသည်။

ထိုနေရာတွင်....

လူတစ်ယောက်က ဂွန်နီအိတ်ကိုခြုံကာ ဒူးထောက်ထိုင်နေ၏။

ဝမ်းကျုံးစန်းက ပို၍ မျက်မှောင်ကြုတ်လိုက်သည်။

သူသည် အလွန်ပါးနပ်သောလူတစ်ယောက် ဖြစ်၏။

ထို့ကြောင့်....

အခြေအနေကို ချက်ချင်း သဘောပေါက်လိုက်လေသည်။

သူက အခေါင်းတွင်စိုက်နေသော ခဲကိုဆွဲနုတ်လိုက်၏။

ယင်းအချိန်တွင်....

သူ၏မျက်လုံးထောင့်၌ ဂွန်နီအိတ်ခြုံထားသောလူ၏ လှုပ်ရှားမှုတစ်ခုကို တွေ့မြင်လိုက်ရလေတော့သည်။

* * *

ဝမ်းကျုံးစန်းက အခေါင်းတွင်စိုက်ဝင်နေသောခဲကိုဆွဲနုတ်လိုက်စဉ်....

ဂုန်နီအိတ်ခြုံထားသောလူက လျှပ်တစ်ပြက် လှုပ်ရှားလိုက်လေသည်။

ထိုလူ၏လှုပ်ရှားမှုက လျှပ်စီးလက်သည့်အလား လျှင်မြန်လှပေသည်။

ဝမ်းကျုံးစန်း၏လှုပ်ရှားမှုကလည်းမနှေးပါ။

သူက ဓားကို အခေါင်းမှဆွဲနုတ်ကာ ဂုန်နီအိတ်ခြုံထားသောလူထံသို့ ရောက်ရှိသွားလေသည်။

တစ်ချိန်တည်းမှာပင်....

ဂုန်နီအိတ်ခြုံထားသောလူ၏ ခန္ဓာကိုယ်ပေါ်မှ ဂုန်နီအိတ်က အောက်သို့ ကွာကျသွားပြီး ဝှက်ထားသောဓား တစ်ချောင်းက မြွေတစ်ကောင်အလား ထိုးထွက်လာလေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

ဝမ်းကျုံးစန်းက ထိုလူ၏မျက်နှာအား မြင်တွေ့လိုက်ရ ဖြစ်လေသည်။

တစ်ချိန်တည်းမှာပင်....

ထိုလူ၏ဓားက သူ၏ရင်ဝသို့စိုက်ဝင်သွားလေတော့သည်။

ဝမ်းကျုံးစန်း၏ရင်ဝတွင် စူးရှနာကျင်သော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ထို့ထက်ပို၍ သူ၏အံ့ဩမှုက ပိုကဲနေလေသည်။



'မင်း....ခင်း....ကျင်း....ဖုန်း'

ဟု ပြောရင်း အခေါင်းပေါ်သို့လဲကျသွား၏။

တစ်ဆက်တည်းမှာပင်....

သူ၏ခန္ဓာကိုယ်နှင့် အခေါင်းသည်တွဲဖက်လျက် ကြမ်းပြင်ပေါ်သို့ လဲကျသွားလေသည်။

ယင်းကြောင့်....

အခေါင်း၏အဖုံးပွင့်သွားကာ အခေါင်းထဲမှ မိန်းမပျို၏အလောင်းက လွင့်စဉ်၍ကျလာလေသည်။

အဖြစ်အပျက်မှာ တဒင်္ဂအချိန်ကလေးမျှ ဖြစ်၏။

ထို့ကြောင့်....

အခန်းထဲမှလူများက ငေးငိုင်ကာ ကြည့်နေကြလေသည်။

တစ်ခဏအကြာမှာ....

အခန်းထဲမှလူများသည် စူးရှစွာအော်ဟစ်ရင်း ကြောက်လန့်တကြား ထွက်ပြေးကုန်ကြလေသည်။

'အား'

'အမယ်လေး'

အားလုံးသော လူများသည် ဝရုန်းသုန်းကားဖြစ်၍ ပြေးသွားနေကြ၏။

သို့သော်....

ကျင်းဖုန်းကမူ တည်ငြိမ်လှပေသည်။

သူသည် ဝမ်းကျုံးစန်း ကြမ်းပြင်ပေါ်သို့လဲကျသွားသည့် ခန္ဓာကိုယ်အား မရပ်မနား ဓားဖြင့် တရစပ် ထိုးစိုက်ချနေလေသည်။

ဝမ်းကျုံးစန်း၏ခန္ဓာကိုယ်က ငြိမ်သက်သွားပြီ ဖြစ်သည်။

သူ၏ခန္ဓာကိုယ်မှဝိညာဉ်က ထွက်ခွာသွားသည့်တိုင်အောင် မျက်နှာပေါ်တွင် အံ့သြထိတ်လန့်မှု အရိပ်အယောင်များက ကျန်ရစ်ခဲ့လေတော့သည်။

* * *

ချာရဲလုက မီမီ၏လက်နှစ်ဖက်ကိုပွတ်ကာ ပြုံးလိုက်သည်။

အလွန်ကျေနပ်သောအပြုံးမျိုး ဖြစ်သည်။

'ကောင်းတယ်၊ သူက ဒီမြို့မှာ မကောင်းတာလုပ်နေတာ ကြာပြီ၊ ဘယ်သူကမှ သူ့ကိုမယှဉ်ရဲလို့ အခုလောက် အသက်ရှင်နေတာ'

ကျင်းဖုန်းက အသက်ကို ဝအောင်တစ်ချက်ရှူလိုက်၏။



သူသည် ခေါင်းကွဲစွန်းပေနေသော သွေးများကို ဝမ်းကျုံးစန်း၏ အဝတ်အစားများပေါ်၌ သုတ်လိမ်းလိုက်လေသည်။

ချာရဲလုက သူ၏လှုပ်ရှားမှုကို ကြည့်နေလေသည်။

'ဝမ်းကျုံးစန်းက သိုင်းပညာလဲတော်တယ်၊ ဒါကြောင့် သူက ဒီမြို့မှာ သခင်ကြီးနေရာယူထားတယ်'

သူက ပခုံးတစ်ချက်တွန့်လိုက်သည်။

'သူကပြောတယ်၊ တောင်ကြားမြို့ရဲ့အရှင်သခင်ဖြစ်ချင်ရင် သူနဲ့ယှဉ်ရမယ်တဲ့၊ အခုတော့ မင်းက တောင်ကြားမြို့ရဲ့ အရှင်သခင် ဖြစ်သွားပြီပေါ့'

ကျင်းဖုန်းက စကားမပြောပါ။

သူက အတန်ကြာအောင် ချာရဲလုအား စိုက်ကြည့်နေပြီးမှ နှုတ်ခမ်းတွန့်၍ ပြုံးလိုက်လေသည်။

'ဘာလဲ၊ ခင်ဗျားက တောင်ကြားမြို့ရဲ့ အရှင်သခင်နေရာကို ယူချင်လို့လား'

ချာရဲလုက ပခုံးတစ်ချက်တွန့်ပြလိုက်၏။

'ကျုပ်က သိုင်းပညာအဆင့် ဒီလောက်မြင့်တာမှ မဟုတ်တဲ့၊ တောင်ကြားမြို့ရဲ့ အရှင်သခင်နေရာယူလို့ မဖြစ်ပါဘူး'

ဟု စကားကို လျှောချလိုက်လေသည်။

ယင်းအချိန်....

အခန်းထဲသို့ လူတစ်ယောက် ဝင်ရောက်လာ၏။

ထိုလူအား တွေ့မြင်လိုက်သည်နှင့် ရွှေစည်းစိမ် အမှုထမ်းတစ်ယောက်က....

'မြို့ဝန်မင်းလီ ကြွလာပါတယ်'

ဟု အော်ဟစ်လိုက်၏။

ကျင်းဖုန်းနှင့် ချာရဲလုတို့က လှမ်းကြည့် လိုက်ကြလေသည်။

မြို့ဝန်မင်းလီကွေ့က လက်နှစ်ဖက်ကို နောက်ပစ်လျက် အခန်းထဲသို့ လှမ်းဝင်လာ၏။

သူ၏နောက်ကျောတွင် ဓားတစ်ချောင်းကို စလွယ်သိုင်းကာ လွယ်ထားလေသည်။

သူက အခန်းအား မျက်လုံးတစ်ချက် ဝေ့ကြည့်လိုက်၏။

ယင်းနောက်....

ချာရဲလုထံသို့ လျှောက်လာလေသည်။

သူက အေးစက်တင်းမာသောအသံဖြင့် ချာရဲလုအား စိုက်ကြည့်ရင်း မေးလိုက်သည်။

'ဒီမှာ လူသတ်မှုဖြစ်တယ်ဆို'

ချာရဲလုက ဦးညွတ်လိုက်၏။



'ဟုတ်ပါတယ်'

မြို့ဝန်မင်းလီကွေ့က ကျင်းဖုန်းအား တစ်ချက်လှမ်းကြည့်ပြီးမှ ချာရဲလုဘက်သို့ကြည့်ရင်း ထပ်မံ မေးလိုက်သည်။

'အလောင်းက ဘယ်မှာလဲ'

ချာရဲလုက ကြမ်းပြင်ပေါ်ရှိ ဝမ်းကျုံးစန်း၏အလောင်းအား ညွှန်ပြလိုက်သည်။

'ဟိုမှာပါ'

မြို့ဝန်မင်းလီကွေ့က...

'သေတာက ဘယ်သူလဲ'

ကျင်းဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

သူသည် မြို့ဝန်မင်းကလူသတ်မှုအား လာရောက်စစ်ဆေးရာတွင် အပေါ်ယံမျှသာ ဝင်စစ်ဆေးနေသည်ကို သတိပြုမိလိုက်သည် မဟုတ်ပါလော။

ချာရဲလုက....

'သေတဲ့လူက ဝမ်းကျုံးစန်းပါ'

မြို့ဝန်မင်းလီကွေ့က ခေါင်းညိတ်လိုက်သည်။

'ဒါဖြင့် သတ်တာကဘယ်သူလဲ'

ကျင်းဖုန်းက သူ့အား စူးစူးရှရှဖြင့် စိုက်ကြည့်လိုက်၏။

'ကျုပ်သတ်တာ ဟောဒီဓားနဲ့သတ်တာ'

ဟု ပြောရင်း လက်ထဲမှဓားအား မြို့တော်ဝန်၏မျက်နှာရှေ့သို့ ထိုးပြလိုက်သည်။

မြို့ဝန်မင်းလီက မိမိ၏မျက်နှာရှေ့တွင် ဝဲနေသော ဓားဖျားအပေါ်မှ စွန်းထင်းနေသောသွေးများကို ကြည့်ရင်း...

'အင်း....အတော်ကောင်းတဲ့ဓားပဲ'

သူက အင်္ကျီအိတ်ထဲမှ စာရွက်တစ်ရွက်ကို ထုတ်ယူလိုက်သည်။

စာရွက်မှာ ဝါကျင့်နေပြီဖြစ်ပြီး ခေါက်ချိုး ချိုးထားသည့်နေရာမှ စုတ်ပြဲနေပြီဖြစ်လေသည်။

ထို့ကြောင့်....

ဤစာရွက်သည် နှစ်ပေါင်းများစွာက သူ၏လက်ထဲသို့ ရောက်ရှိနေကြောင်း ထင်ရှားလှပေသည်။

ယင်းအချိန်....

သူက စာရွက်ကို ဖြည်းညင်းစွာဖြင့် ဂရုစိုက်ကာ ဖြန့်လိုက်သည်။

'မင်းသတ်တယ်ဆိုတာ ဘယ်သူသက်သေရှိသလဲ'

ကျွင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။



'ခင်ဗျားက ဘာလုပ်မလို့လဲ'

မြို့ဝန်မင်းလီက....

'ငါက ဥပဒေနဲ့အညီ မေးနေတာကွ'

သူ၏စကားကြောင့် ကျွင်းဖုန်းက အားပါးတရ ရယ်မောလိုက်၏။

'ဟား....ဟား....ဟား'

မြို့ဝန်မင်းလီက မျက်မှောင်ကြုတ်လိုက်သည်။

'မင်းက ဘာရယ်တာလဲ'

ကျွင်းဖုန်းက သူ့အား စိုက်ကြည့်လိုက်သည်။

'ဝမ်းကျုံးသန်းက ဒီမြို့မှာ လောင်းကစားဝိုင်း အကြီးအကျယ်ဖွင့်တယ်၊ ကြေးတန်းစားဂေဟာ ထူထောင်ထားတယ်၊ ဒါကို ဥပဒေနဲ့အညီ မဖမ်းဆီးခဲ့ဘဲ အခုမှ ဥပဒေနဲ့အညီ ကျုပ်ကိုစစ်ဆေးနေရသလား၊ ဟား....ဟား....ဟား'

မြို့ဝန်မင်းလီ၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်။

ကျွင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ကျုပ်က အခု လူသတ်ပါတယ်လို့ဝန်ခံပြီးပြီ၊ ဒါနဲ့တောင်မှ သက်သေဆိုတာ လိုသေးလို့လား'

သူက မြို့ဝန်မင်းလီအား စိုက်ကြည့်လိုက်၏။

'ဒီမှာ ကျုပ်တစ်ခုပြောမယ်၊ ကျုပ်က နောက်ထပ်လူသတ်ဖို့ ဝန်မလေးတော့ဘူးနော်'

မြို့ဝန်မင်းလီက ဖြုံးလိုက်သည်။

'မင်းတော့ ပွပြီ'

ပြောပြီး လက်ထဲမှစာရွက်အား ကျောင်းဖုန်းထံသို့ကမ်းပေးလိုက်သည်။

ကျောင်းဖုန်းက ကြောင်အမ်းအမ်း ဖြစ်သွားရလေသည်။

သူသည် မြို့ဝန်မင်းလီက ဝမ်းကျုံးစန်းနှင့် အလွန်ရင်းနှီး၏။

ထို့ကြောင့်....

မိမိအား လာရောက်ဖမ်းဆီးသည်ဟု ယူဆထားလေသည်။

သို့သော်....

မြို့ဝန်မင်းလီ၏ စကားကြောင့် သူကအံ့သြစွာဖြင့် စာရွက်အား လှမ်းယူကာ ကြည့်လိုက်သည်။

စာရွက်မှာ ဝါကျင့်နေပြီဖြစ်ပြီး မင်ရောင်များပင် မှေးမှိန်နေပြီဖြစ်၏။

ယင်းအချိန်....

မြို့ဝန်မင်းလီက ပြုံးလိုက်ပြီး....



'ဝမ်းကျုံးစန်းက ဆုငွေထုတ်ခံထားရတဲ့ လူတစ်ယောက်လေ၊ ဒါကြောင့် မင်းကသူ့ကို အသေဖမ်းပေးနိုင်တဲ့အတွက် ဆုငွေကို ထုတ်ယူနိုင်ပြီ'

ဟု ပြောလိုက်လေသည်။

မှန်ပါသည်။

စာရွက်ပေါ်တွင်....

'အလိုရှိသည် ဝမ်းကျုံးစန်းအား ဖမ်းဆီးပေးနိုင်ပါက အသေရရ အရှင်ရရ ဆုတော်ငွေ သုံးထောင်'

ဟု ရေးသားထား၏။

ထို့ပြင်....

ဝမ်းကျုံးစန်း၏ ရုပ်ပုံကို ရေးဆွဲပြထားလေသည်။

မြို့ဝန်မင်းလီက သူ့အားကြည့်ရင်း ပြုံးနေ၏။

ကျောင်းဖုန်းက သူ့အားကြည့်ရင်း အားပါးတရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ခင်ဗျားဒီမြို့မှာအမှုထမ်းတာ ဘယ်လောက်ကြာပြီလဲ'

မြို့ပန်မင်းလီက အဖြေမပေးပါ။

ကျောင်းဖုန်းက တစ်ချက်ပြုံးလိုက်သည်။

'ဝမ်းကျုံးစန်းရဲ့ ကစားဝိုင်းက ခင်ဗျားကိုတစ်လ ဘယ်လောက်ပေးလဲ'

မြို့ဝန်မင်းလီက မဖြေပါ။

ကျောင်းဖုန်းက ထပ်မံ၍အားပါးတရရယ်မောလိုက်၏။

'နောက်ဆုံးဗျာ သစ်မွေးရောင်းတဲ့လူတွေဆီကရော တစ်လဘယ်လောက် ခေါင်းပုံဖြတ်ထားသလဲ'

မြို့ဝန်မင်းလီက အဖြေမပေးပါ။

ကျောင်းဖုန်းက စကားဆက်လိုက်သည်။

'ရွှေနန်းတော်က ဇိမ်ခံခန်းအတွက်ရော ခင်ဗျားတစ်လဘယ်လောက်ရသလဲ'

မြို့ဝန်မင်းလီက အဖြေမပေးပါချေ။

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

ဟား...ဟား...ဟား၊ ခင်ဗျား အဖြေမပေးနိုင်တော့ဘူးမဟုတ်လား'

မြို့ဝန်မင်းလီက စကားမပြောပါ။

သူက ကျောင်းဖုန်းအား မုန်းတီးရွံရှာစွာဖြင့်ကြည့်ကာ ထိုနေရာမှ လှည့်ထွက်ရန် ဟန်ပြင်လိုက်လေသည်။

သို့သော်....



ကျောင်းဖုန်းကသူ့အားလှမ်း၍ ဆွဲထားလိုက်၏။

'အခု ဝမ်းကျုံးစန်းကသေပြီ၊ သူ့ရဲ့နေရာကိုကျုပ်ပိုင်သွားပြီ၊ ဒီတော့ ဝမ်းကျုံးစန်းရဲ့ လစာနှုန်းအတိုင်းပေါ့ ဟုတ်လား'

ဟု ပြောလိုက်သည်။

မြို့ဝန်မင်းက ဘာမှပြန်၍မပြောဘဲ ထိုနေရာမှ ထွက်ခွာသွားလေသည်။

သူက ရွှေစည်းစိမ် စားသောက်ဆိုင်ရှေ့သို့ ရောက်ရှိလာသည့် တိုင်အောင် ကျောင်းဖုန်း၏ ရယ်မောသံအား ကြားနေရဆဲပင် ဖြစ်သည်။

ယင်းအချိန်....

မြို့ဝင်မင်း၏ အမှုထမ်းတစ်ယောက်က မြို့ဝန်မင်းအနီးသို့ရောက်ရှိလာကာ ဦးညွှတ်ဂါရဝပြုလိုက်သည်။

မြို့ဝန်မင်းလီက မျက်မှောင်ကြုတ်လိုက်၏။

'ဘာလဲပေး'

ထိုလူက စာရွက်တစ်ရွက်အား ရိုသေစွာကမ်းပေးလိုက်လေသည်။

မြို့ဝန်မင်းက စာရွက်ကို လှမ်းယူကာ ဖြန့်ကြည့်လိုက်၏။

ယင်းနောက်....

မြို့ဝန်မင်း၏မျက်နှာပေါ်၌ အပြုံးတစ်ချက် ပေါ်လာလေသည်။

ယင်းအပြုံးသည် ကောက်ကျစ်စဉ်းလဲသောအပြုံးဖြစ်၏။

အဘယ့်ကြောင့်ဆိုသော်...

အမှုထမ်းထံမှ စာရွက်ပေါ်တွင် ကျွင်းဖုန်းအား သုံ့ရှုထုတ်ထားသော စာရွက်ပင် ဖြစ်လေတော့သည်။

မြို့ဝန်းမင်းလီတာ စာရွက်ကို ခေါက်လိုက်ပြီး အင်္ကျီအိတ်ထဲသို့ ထည့်ထားလိုက်၏။

ဤစာရွက်အား သူ၏အင်္ကျီအိတ်ထဲတွင် နှစ်ပေါင်းမည်မျှကြာအောင် ရှိနေပါမည်နည်း။

* * *

နှောင်ကြိုး း

---

ရှင်ချိန်ရီ....

ရှင်ချိန်ရီက ရှောင်ရှမ်း၏ နောက်ကျောအား ငေးငိုင်၍ ကြည့်နေမိလေသည်။

ရှောင်ရှမ်း ဤအရပ်သို့ရောက်ရှိနေသည်မှာ ယနေ့ဆိုလျှင် တစ်ပတ်ပြည့်ခဲ့ပြီ ဖြစ်၏။

သူသည် ရှင်ချိန်ရီ၏မိခင် ဈာပနပြီးသည့်နေ့မှ ယနေ့တိုင်အောင်ပင် ရှင်ချိန်ရီနှင့် အတူနေခဲ့ရလေသည်။

သို့သော်....

ညအချိန်၌ ရှောင်ရှမ်းက အိမ်ဘေး မြင်းဇောင်းထဲတွင် အိပ်စက်ခဲ့၏။

သူသည် နေ့စဉ် စိုက်ပျိုးရေးလုပ်ငန်းများကို လုပ်ကိုင်ရန် အတွက် ထွက်ခဲ့လေသည်။

သို့ရာတွင်....

ယနေ့အထိ မာကျောသောမြေကို ပျော့ပျောင်းအော[င်] ပြုပြင်နိုင်စွမ်း မရှိပါချေ။

အဆိုးရွားဆုံးအခြေအနေက ရေအခက်အခဲ ရှိနေခြင်းပင် ဖြစ်၏။

ရှောင်ရှမ်းရောက်သည့်နေ့၌ မိုးရွာသော်လည်း ချုပ်[ပြီး] ပြီးသည့် နောက်နေ့မှစ၍ မိုးမရွာတော့ပါချေ။

မိုးရွာသွန်းစဉ်က မြေ၏အနေအထားသည် စိုက်ပျိုး[ရ] ရအောင်လည်း၊ မိုးမရွာသည်နှင့်တစ်ပြိုင်တည်း မြေပြင်အနေ အထား ပြောင်းလဲသွားလေသည်။

ရှောင်ရှမ်းက ဤအရပ်ဒေသကို တစ်နေ့တခြား စိတ်ကုန် လာမိ၏။

သို့သော်....

သူက မရပ်မနား ကြိုးစား၍ စိုက်ပျိုးနိုင်ရန် စမ်းသပ်ကြည့် နေမိလေသည်။

သူသည် ကိုင်းတောအုပ်တစ်ခုကိုရှင်းကာ လယ်ထွန်စိုက်ပျိုး ရန် ကြံစည်နေခြင်းဖြစ်လေသည်။



သို့သော်....

မြေကိုတူးဆွဲတိုင်းမြေသြဇာညံ့ဖျင်းသော မြေဖြစ်ကြောင်း [ပေါ်]လာရ၏။

ရှင်ချိန်ရီက ချွေးများဖြင့် စိုရွှဲနေသော ရှောင်ရှမ်း၏ [ကျ]ောက်ကျောကိုကြည့်ကာ သက်ပြင်းမှုသိမသာ ချလိုက်လေ သည်။

သူမက ရှောင်ရှမ်းထံသို့ ဖြည်းညင်းစွာ လျှောက်လာ၏။

ရှောင်ရှမ်းက မြေကိုတူးဆွနေရာမှ ပေါ့ပါးသော ခြေသံ ကြောင့် နောက်သို့ လှည့်ကြည့်လိုက်လေသည်။

ရှင်ချိန်ရီက နှစ်လိုဖွယ်ရာ ပြုံးပြလိုက်၏။

'အစ်ကို ဒီအရပ်ကို စိတ်မပျက်သေးဘူးလားဟင်'

ရှောင်ရှမ်းက ရှင်ချိန်ရီအား ပြန်လည်ပြုံးပြလိုက်သည်။

'အစ်ကိုကြိုး ကြိုးစားတာက တစ်ပတ်ပဲ ရှိသေးတယ်၊ [ဘ]ယ်လိုစိတ်ပျက်ရမှာလဲ'

ရှင်ချိန်ရီက ပြုံး၍ခေါင်းခါယမ်းလိုက်၏။

'ဒီရွာကလူတွေ ကြိုးစားခဲ့ကြတာဟာ သားစဉ်မြေးဆက် [ဖြစ်]ပါပေမယ့် မအောင်မြင်ခဲ့ဘူး'

ရှောင်ရှမ်းက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း... လွယ်တော့မလွယ်ဘူး'

ရှင်ချိန်ရီက တစ်နေရာတွင် ဝင်ရောက်ထိုင်ချလိုက်၏။

ရွှောင်ရှမ်းကလည်း သူမ၏နံဘေးတွင် ဝင်ထိုင်ချလို သည်။

'ဒီနေရာက ပူလွန်းအေးလွန်းတော့ ဘယ်လိုမှ ဆန်ဖ အထွက်ကောင်းနိုင်မှာ မဟုတ်ပါဘူး'

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်လေသည်။

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်၏။

'ဟုတ်ပါတယ်၊ ဒီအရင်က ပူနွေးစိုစွတ်တဲ့ ရာသီမျို

ရွှောင်ရှမ်းက ပေါက်တူးကိုပခုံးပေါ်သို့ထမ်းကာမတ် ရပ်လိုက်၏။

ရှင်ချိန်ရီက သူ့အား မော့ကြည့်လိုက်သည်။

'အစ်ကို စိတ်ပျက်သွားပြီလား'

ဟု မေးလိုက်လေသည်။

ရွှောင်ရှမ်းက စကားပြန်မပြောဘဲ ရှင်ချိန်ရီအား ကြည့်လိုက်၏။

ရှင်ချိန်ရီ၏ မျက်ဝန်းအစုံတွင် တစ်စုံတစ်ခုသောအစိ မှာ ပေါ်လွင်နေလေသည်။



ရွှောင်ရှမ်းက သူမအား စိုက်ကြည့်နေမိ၏။

ရှင်ချိန်ရီသည် ထိုင်ရာမှ ထလိုက်ပြီး ရွှောင်ရှမ်း၏ လက် မောင်းအား ဆုပ်ကိုင်လှုပ်ယမ်းလိုက်၏။

'အစ်ကို ဒီက ထွက်သွားတော့မှာလားဟင်'

ရွှောင်ရှမ်းက သူမအား အတန်ကြာ စိုက်ကြည့်နေပြီးမှ သူမအား ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

သူက ပခုံးတစ်ချက် တွန့်လိုက်ပြီး....

'ဘာပဲဖြစ်ဖြစ် ဒီမြေက ကန်စွန်းဥတော့ စိုက်လို့ရပါ သေးတယ်'

ဟု ပြောလိုက်၏။

သူ၏စကားကြောင့် ရှင်ချိန်ရီ၏ မျက်နှာလေးမှာ ဝမ်း သက်တောက်ပသွားလေတော့သည်။

* * *

နေမင်းသည် ဖူရန်းမြို့ကလေးအားခေါင်းပြူကာကြည့်နေ ပြီဖြစ်၏။

ရွှောင်ရှမ်းက ပေါက်တူးကိုထမ်းလျက် မနေ့တုန်းဆီက မြို့ပြတ်သေးသော တောင်ယာကို ရှင်းလင်း တူးဆွရန် ထွက်လာနေလေသည်။

သူသည် ယခင်နေ့များဆီက အရှက်မတက်မီ လုပ်ငန်းခွင်
သို့ ရောက်ရှိခဲ့လေသည်။

သို့သော်....

မနေ့ညဆီက အိပ်ရာဝင် နောက်ကျခဲ့၏။

အတိအကျပြောရမည်ဆိုပါလျှင်....

ညဉ့်နက်သန်းယံ အချိန်အထိ သူက အိပ်မပျော်ခဲ့ပါချေ

အကြောင်းကား....

သူ၏မျက်လုံးထဲတွင် ရှင်ချိန်ရှိ၏ မျက်နှာလေးကိုသာ မြင်ယောင်မိကာ အိပ်မပျော်နိုင်ဘဲ ရှိနေခဲ့သည် မဟုတ်ပါလော

* * *

နေမြင့်လာသည်နှင့်အမျှ အပူဒဏ်က ပိုကဲလာ၏။

ရှောင်ရှမ်း၏ခန္ဓာကိုယ်တစ်ခုလုံးမှာ ချွေးများစို့ရွှဲနေသ
သည်။

သို့သော်....

ရှောင်ရှမ်းက မြေကြီးကိုတူးဆွနေဆဲပင်....

ယင်းအချိန်....



ရှင်ချိန်ရှိက စားသောက်စရာ ခြင်းတောင်းကိုဆွဲလျက် သူကြီးနှင့်အတူ ရောက်ရှိလာလေသည်။

သူကြီးက ရှောင်ရှမ်းအားကြည့်ကာ....

'ရှောင်ရှမ်း....ဒီနေ့အစပြီး မင်းသွားချင်တဲ့ နေရာကိုသွားနိုင်ပြီ၊ လူသေမှုသတင်းကို ငါက တောင်ကြားမြို့ဝန်ဆီ သတင်းပို့ပြီးပြီ'

သူက စကားဆက်လိုက်သည်။

'မြို့ဝန်မင်းလီက အမှုပိတ်လိုက်ပြီလို့ အမိန့်စာ ပို့လိုက်တယ်၊ ဒါကြောင့် မင်း ဒီနေ့ကစပြီး သွားချင်ရာ သွားခွင့်ရှိပြီ'

ရှောင်ရှမ်းက ပေါက်တူးဖြင့် မြေကိုတစ်ချက်ပေါက်လိုက်၏။

'ကျွန်တော် ဒီရွာမှာပဲ အခြေချတော့မယ်'

သူကြီးက အလွန်အံ့ဩသွားမိလေသည်။

'ဟ....ငါတို့ရွာက လူတွေတောင်မှ တောင်ကြားမြို့ကို ပြောင်းဖို့စိစဉ်နေကြတာ၊ မင်းက ဒီမှာ အခြေချမလို့လား'

ရှောင်ရှမ်းက ခေါင်းညိတ်လိုက်သည်။

သူကြီးက ခေါင်းခါယမ်းလိုက်၏။

'ဒီမှာ ဘာပင်မှစိုက်လို့မရဘူးကွ'

ရှောင်ရှမ်းက မြေကြီးအား ပေါက်ရင်းမှ....

'အနည်းဆုံး ကန့်စွန်းဥသော့ စိုက်လို့ရပါတယ်'

သူကြီးက ခေါင်းညိတ်လိုက်သည်။

'အေး....ဒါတော့ဟုတ်တယ်'

ရှောင်ရှမ်းက ပြုံးပြလိုက်သည်။

'ဒါဆိုရင် ကျွန်တော်ဒီမှာအခြေချလို့ရပြီပေါ့'

သူကြီးက ခေါင်းခါယမ်းလိုက်၏။

'မဟုတ်သေးဘူး၊ ငါတို့က အသက်ကြီးလှပါပြီ၊ ဒါ ကြောင့် ဒီမှာ သေရင်လဲသေပျော်ပြီ၊ မင်းတို့ကတော့လူငယ် တွေ၊ ဒါကြောင့် ဘဝကိုမလှမပနဲ့ အဆုံးမသတ်ချင်ပါနဲ့ ကွာ'

ရှောင်ရှမ်းက ပြုံးနေ၏။

ယင်းအချိန်...

စကားတစ်ခွန်းမျှမပြောဘဲ အခြေအနေကို စောင့်ကြည့်နေ သော ရှင်ချိန်ရီက ပြုံး၍ ကြားဖြတ်ပြောလိုက်၏။

'ဟုတ်ပါတယ်၊ ကျွန်မတို့တစ်နေရာကိုပြောင်းရွှေ့မသွားချင် ဘူးလား'



ရှောင်ရှမ်းက မြေကြီးတူးခြင်းကို ရပ်တန့်ကာ သူ့အား လှည့်ကြည့်လိုက်ပြီး သူကြီးက သူ့အားကြည့်ကာ ခေါင်း ညိတ်လိုက်သည်။

'ဟုတ်တယ်....ကလေးမလဲ သနားစရာပါပဲ၊ မင်းဒီက ထွက်သွားရင် သူ့ကိုခေါ်သွားပါ၊ မင်းပဲသူ့ကိုစောင့်ရှောက် ပေးပါကွာ'

ရှောင်ရှမ်းက တွေဝေငေးငိုင်နေလေသည်။

သူကြီးက စကားဆက်လိုက်၏။

'ရှောင်ရှမ်း၊ သူ့မှာမိဘလဲမရှိဘူး၊ ပထွေးကလဲ ဘယ်မှာ လျှောက်ကာလရိုက်နေသလဲမသိဘူး၊ သူ့ ဆွေမျိုးတွေကလဲ ဘယ်သူမှ တာဝန်မယူကြဘူးလေ'

ရှောင်ရှမ်းက ရုတ်တရက် ရှင်ချိန်ရီ၏ခြေထောက်မှ ရိုက် နှိပ်ထားသောတံဆိပ်အားငုံ့ကြည့်ကာ နှုတ်ခမ်းကို တင်းတင်း ကိုက်ထားလိုက်မိလေသည်။

ယင်းနောက် သူက မြေကြီးအား ပေါက်တူးဖြင့် ခပ် ပြင်းပြင်းပေါက်ချလိုက်၏။

'ထောက်'

ရုတ်တရက်....
ပေါက်တူးနှင့် သစ်မြစ်များ ထိခိုက်သံကို ကြားလိုက်ရလေ သည်။

သူက သစ်မြစ်များကို လက်ဖြင့်ဆွဲဖယ်လိုက်၏။

သူက လှင့်ပစ်ရန်သစ်မြစ်များကို ရွေးကောက်လိုက်ပြီးမှ ရုတ်တရက် မျက်မှောင်တစ်ချက်ကြုတ်ကာ သစ်မြစ်များအား သေချာစွာကြည့်လိုက်လေသည်။

သူ၏မျက်နှာပေါ်တွင် အပြုံးတစ်ချက် ပေါ်လွင်လာလေသည်။

ရှင်ချိန်ရီက သူ့အား အကဲခတ်ကြည့်လိုက်၏။

'အစ်ကို ဘာပြုံးနေတာလဲ'

သူကြီးကလည်း သူ့အားကြည့်ကာ....

'မင်းကိုကျုပ်က စေတနာနဲ့ပြောတာပါ၊ ကောင်မလေးကလဲ မင်းကို အားကိုးနေလို့ မင်းကို စောင့်ရှောက်စေချင်တာ မင်းက ရယ်စရာအောက်မေ့နေလား'

ရှောင်ရှမ်းက အားပါးတရပြုံးလိုက်၏။

'အင်း....လူတွေက တကယ် ရိုးကြတာပဲကိုး၊ သဘာဝတရားက ဒေသနဲ့ကိုက်ညီအောင် အခွင့်အရေးပေးထားတာပဲ'

သူကြီးနှင့် ရှင်ချိန်ရီတို့က သူ့အား နားမလည်နိုင်စွာဖြင့် ကြည့်လိုက်၏။

ရှောင်ရှမ်းက လက်ထဲမှသစ်မြစ်ကို ထောင်ပြလိုက်လေသည်။



'သူကြီး....ဒါ ဘာအပင်လဲသိလား'

သူကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်၏။

'နွားတောင်မစားတဲ့အပင်ပဲ'

ရှောင်ရှမ်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်သေးဘူး၊ ဒီအပင်တွေက တစ်ရွာလုံးအတွက် စားစရာတွေ အဝတ်အစားတွေနဲ့ အိမ်ထောင်ပရိဘောဂတွေ ဖန်တီးပေးလိမ့်မယ်'

သူကြီးက မျက်မှောင်ကြုတ်လိုက်၏။

'ဟာ....မဟုတ်တာဘဲ'

ရှောင်ရှမ်းက တည်ကြည်သော မျက်နှာထားဖြင့်....

'သူကြီးတို့က ဒီအပင် အသုံးဝင်ပုံကို မသိသေးလို့ပါ'

သူကြီးက စိတ်ဝင်စားလာဟန်ဖြင့်....

'မင်းက ဒီအပင်ဘယ်လို သုံးရမယ်ဆိုတာကို သိလို့လား'

ရှောင်ရှမ်းက ဦးခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

သူကြီးက....

'ဒီအပင်မျိုးတွေ ဟိုဘက်မှာ အများကြီး ပေါက်နေတယ်ကွ'

ရှောင်ရှမ်းက ပြုံးလိုက်သည်။

'ဒါဆိုရင် ကျွန်တော်တို့ သွားကြည့်ရအောင်'

သူကြီးနှင့် ရှင်ချိန်ရီတို့က ဘုမသိဘမသိဖြင့် ထိုအပင်မျိုးရှိသည့်နေရာအား ရွှေခင်ရှမ်းကို လိုက်ပြလိုက်လေတော့၏။

* * *

ဤနေရာသည် ကွေ့ဝိုက်စီးဆင်းနေသော ချောင်းကလေး တစ်ခု ဖြစ်၏။

သို့သော်....

ယခုချောင်းရေများက ခြောက်ခန်းနေပြီ ဖြစ်သည်။

ချောင်းကလေး၏တစ်ဖက်၌ ရွှေခင်ရှမ်းလက်ထဲမှလျှော်ပင် အမြစ်၏ အပင်များ ထောင်သောင်းချီကာ ပေါက်ရောက်နေကြလေသည်။

ထိုချောင်းကလေး၏ တစ်ဖက်၌ရှိသော အပင်များမှာ အမှန်တွင် ဂုန်လျှော်ပင်များ ဖြစ်ကြလေသည်။

ပူနွေးစွတ်စိုသော ရာသီဥတုနှင့်ကိုက်ညီသည့် ဂုန်လျှော်ပင်များပင် ဖြစ်လေသည်။

ရွှေခင်ရှမ်းက ဂုန်လျှော်ပင်များအားကြည့်ကာ ပီတိဖြာနေမိ၏။



ရှင်ချိန်ရီကလည်း သူ၏မျက်နှာအားကြည့်ကာ ပြုံးချိုနေမိလေသည်။

သူကြီးက ရှေ့သွားနောက်လိုက်ညီသည်ဟု တွေးကာပြုံးနေမိ၏။

မည်သို့ဆိုစေ ယနေ့တွင် သူတို့အားလုံး ပြုံးရွှင်နေကြသည်မှု ဟုတ်ပါလော။

* * *

ယနေ့....

ရွှေခင်ရှမ်းက မနက်အစောကြီး နိုးနေ၏။

ရှင်ချိန်ရီက သူ့ထက်ပို၍ စောစောနိုးနေလေသည်။

ထို့ကြောင့်....

ရွှေခင်ရှမ်း အိပ်ရာမှနိုးချိန်တွင် သူမတည်ထားသော ရေနွေးအိုးက ဆူနေပြီဖြစ်၏။

ရွှေခင်ရှမ်းက မျက်နှာသစ်ပြီး အဝတ်အစားလဲပြီးချိန်၌ ရှင်ချိန်ရီက ထမင်းကြမ်းနှင့်စားစရာအချို့ကိုစားပွဲပေါ်တွင် ပြင်ဆင်ပြီး ဖြစ်လေသည်။

သူက ရေနွေးကြမ်းနှင့် စားသောက်စရာများကို စားပြီးနောက် ကတ္တီပါအိတ်ထဲမှ ငွေစများကိုထုတ်ကာ ရေတွက်ကြည့်နေ၏။

ရှင်ချိန်ရီက ရေနွေးကြမ်းအိုးကို မကြည့်ပါ။

စားစရာ ပန်းကန်ကိုလည်း မကြည့်ပါ။

ငွေစများကိုလည်း မကြည့်ပါ။

သူမသည် ရှောင်ရှမ်း၏ မျက်နှာကိုသာ စိုက်ကြည့်နေ၏။

အတန်ကြာမှ....

ရှောင်ရှမ်းက ငွေစများကို ကတ္တီပါ ရှုံ့အိတ်ထဲသို့ထည့်လိုက်ရင်း ရှင်ချိန်ရီ၏ မျက်နှာအားကြည့်လိုက်လေသည်။

ထိုအခါ မိမိအားစိုက်ကြည့်နေသော ရှင်ချိန်ရီ၏ မျက်ဝန်းအစုံနှင့် တွေ့ဆုံလိုက်ရလေသည်။

ယင်းတဒင်္ဂအချိန်လေးအတွင်းမှာပင်....

ရှောင်ရှမ်း၏ ရင်ခုန်သံသည် မြန်လာသည်ဟု ခံစားလိုက်မိလေတော့၏။

* * *



ရှောင်ရှမ်းသည် မိမိ၏မြင်းကို သူကြီးထံမှ ငှားရမ်းထားသော လှည်းတွင် တပ်ဆင်လိုက်လေသည်။

ထို့နောက်....

မြင်းလှည်းပေါ်သို့ တက်လိုက်၏။

ပြီးနောက် အိမ်တံခါးဝတွင် ရပ်နေသော ရှင်ချိန်ရီထံသို့ လှည့်ကြည့်လိုက်သည်။

ရှင်ချိန်ရီသည် အိမ်တံခါးဝ၌ တံခါးပေါင်ကိုမှီကာ ရပ်နေ၏။

သူမသည် ရှောင်ရှမ်း၏ လှုပ်ရှားမှုများအား မျက်တောင်မခတ်စိုက်ကြည့်နေ၏။

ရှောင်ရှမ်းက တစ်ချက်ပြုံးပြလိုက်လေသည်။

ယင်းနောက်....

မြင်းလှည်းကို စတင်ကာ မောင်းထွက်လိုက်လေသည်။

သူ၏မြင်းလှည်းသည် ရှင်ချိန်ရီ၏ မြင်ကွင်းမှ တဖြည်းဖြည်း ပျောက်ကွယ်သွားပြီ ဖြစ်လေသည်။

ထိုအချိန်ကျမှ ရှင်ချိန်ရီက သက်ပြင်းတစ်ချက်ချကာ အိမ်ထဲသို့ ပြန်ဝင်ခဲ့၏။

သူမ၏ မျက်ဝန်းအစုံတွင် မျက်ရည်ကြည်များ ဝေ့ဝဲလျက်....

* * *

## အပြောင်းအလဲ

---

ရှောင်ရှမ်း ထွက်ခွာသွားသည်မှာ သုံးရက်ရှိခဲ့လေပြီ။ ရှင်ချိန်ရီသည် ဆည်းဆာအချိန်ရောက်တိုင်း ဖူရန်းရွာနို့တောင်ကြားမြို့ကလေး၏ ခရီးအကွာအဝေးမှာ တစ်ရက်မျှသာ ကြာမြင့်လေသည်။

သို့သော်....

အသွားအပြန်ဆိုလျှင် နှစ်ရက်ခရီးဖြစ်၏။

တောင်ကြားမြို့ကလေး၌ တစ်ရက်နေရသည် ဆိုပါလျှင် ယနေ့သည် ရှောင်ရှမ်းပြန်လာရမည့်နေ့ ဖြစ်လေသည်။

သို့သော်လည်း...



ရှင်ချိန်ရီက ရှောင်ရှမ်းထွက်ခွာသွားသည့်နေ့မှစ၍ ယနေ့ထိတိုင်အောင် ညနေဆည်းဆာအချိန်ရောက်တိုင်း ရွာထိပ်မှစောင့်မျှော်နေတတ်၏။

အဘယ့်ကြောင့် ဤသို့စောင့်မျှော်မိမှန်းကို သူမကိုယ်တိုင်မစဉ်းစားတတ်ခဲ့ပါချေ။

သို့သော်...

သူမသည် ရှောင်ရှမ်းအား စောင့်မျှော်နေမိ၏။

သူကြီးက သူမအားကြည့်ရင်း ခေါင်းကိုဖြည်းညင်းစွာခါယမ်းလိုက်၏။

ထို့နောက်...

သူက ရှင်ချိန်ရီထံသို့ လျှောက်သွားလေသည်။

'ရှင်ချိန်ရီ မိုးချုပ်တော့မယ်သမီးရယ်၊ ပြန်ကြပါစို့'

ရှင်ချိန်ရီက သက်ပြင်းတစ်ချက် ချလိုက်၏။

'အင်း....ဘဘပြန်နှင့်ပါရှင်'

သူကြီးက ခေါင်းခါယမ်းလိုက်သည်။

'ရှင်ချိန်ရီ မှင်းဟာ အင်မတန်လိမ္မာတဲ့ကလေးပါ၊ ဒါကြောင့် ငါကသမီးလေးအရင်းနဲ့မခြား ချစ်ခဲ့ရတယ်၊ အခုချိန်ဟာ မှောင်ရီသန်းနေပြီ ဒီနေရာမှာ မင်းတစ်ယောက်တည်း

နေလို့ မသင့်ပါဘူး၊ ရှောင်ရှမ်းကဒီနေ့မရောက်ရင် နောက်နေ့ ရောက်လာမှာပေါ့'

ရှင်ချိန်ရီ၏ မျက်ဝန်း အစုံတွင် မျက်ရည်များဖြင့် ရစ်ဝဲ လာလေသည်။

'အဘ သူပြန်မလာတော့ဘူးထင်တယ်'

သူကြီးက နှစ်သိမ့်စကားဆိုလိုက်၏။

'သူက ဒီမှာအခြေချမယ်လို့ ပြောသွားတာပဲကွယ်'

ရှင်ချိန်ရီက ခေါင်းခါယမ်းလိုက်သည်။

'တောင်ကြားမြို့ဟာ အင်မတန်ပျော်စရာကောင်းတဲ့မြို့ပါ၊ သူ့အတွက် တောင်ကြားမြို့မှာ ပျော်စရာတွေ အများကြီးပဲ၊ သူက တောင်ကြားမြို့ကို မရောက်ဖူးလို့သာ ဒီမှာအခြေချ မယ်လို့ပြောတာပါ'

ဟု အားငယ်စွာ ပြောလိုက်၏။

ယင်းအချိန်...

အဝေးမှ မြင်းခွာသံသဲ့သဲ့ ထွက်ပေါ်လာခြင်းကို ကြား လိုက်ရလေသည်။

ထို့နောက်...

သူတို့၏မြင်ကွင်းထဲသို့ မြင်းလှည်းတစ်စီးက ဝင်ရောက် လာ၏။



ရှင်ချိန်ရီက ထိုမြင်းလှည်းကို တွေ့မြင်လိုက်သည်နှင့် မျက် နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

သူကြီးအာ ပြုံးလိုက်သည်။

'ငါမပြောဘူးလား၊ သူပြန်လာပါလိမ့်မယ်လို့'

* * *

ရှင်ချိန်ရီက အလုပ်များနေ၏။

သူမ၏ကျဉ်းမြောင်းသော အိမ်ကလေးထဲတွင် သူကြီးအပါ အဝင် ရွာသူရွာသားများနှင့် ပြည့်လျှံနေလေသည်။

သူမက ထိုလူများအတွက် ရေနွေးကြမ်းနှင့် စားစရာများ ချပေးနေ၏။

သူမသည် လူအများကို ဧည့်ခံကျွေးမွေးရင်း မအားနိုင် အောင် ဖြစ်နေရလေသည်။

ရှောင်ရှမ်းကလည်း သူမကဲ့သို့ပင် အလုပ်များနေလေ သည်။

သူက စကားကို မနားတမ်းပြောနေရ၏။

တစ်ယောက်တင်ပေါက် မေးလာသော မေးခွန်းများကို လည်း ဖြေကြားနေရလေသည်။

ယင်းနောက်....

သူ တောင်ကြားမြို့ကလေးမှ ဝယ်လာသော ရက်ကန်း ပစ္စည်းများကို ရှင်းလင်းပြသနေခြင်း ဖြစ်လေသည်။

ဤသို့ဖြင့် တစ်စထက်တစ်စ ညဉ့်နက်လာပြီဖြစ်၏။

တဖြည်းဖြည်းဧည့်သည်များက နှုတ်ဆက်ကာ ပြန်သွားကြ လေသည်။

သူကြီးက နောက်ဆုံးမှ နှုတ်ဆက်ကာပြန်သွားလေသည်။

ယင်းအချိန်....

သန်းခေါင်ကြက်တွန်သံကို ရှောင်ရှမ်းနှင့် ရှင်ချိန်ရီ ကြားလိုက်ရလေတော့သည်။

* * *

လျှော်ပင်မှ အဝတ်အထည်အဖြစ် ဖန်တီးရသော အလု သည် မလွယ်လှပါ။

လျှော်ပင်ကိုခုတ်ပြီး အရွက်များဖယ်ကာ ပုပ်ပွသည့် အောင် ရေထဲ၌ စိမ်ထားရလေသည်။

သူကြီးကလည်း ရှောင်ရှမ်းကို အားပေးလေသည်။



သူက ရွာသူရွာသားများအား ရှောင်ရှမ်းနှင့်ကူညီကာလုပ် ကိုင်စေ၏။

ရှောင်ရှမ်းက တောင်ကြားမြို့မှဝယ်လာသည့် စားသောက် စရာများအား ရွာသူရွာသားများကို ခွဲဝေပေးလေသည်။

ဤသို့ဖြင့် လျှော်ပင်ဘဝမှ လျှော်မျှင်ဘဝသို့ ရောက်ရှိလာ သည့်အခါ ရက်ကန်းစင်ပေါ်သို့ တင်နိုင်၏။

ယင်းအချိန်တွင်....

ရက်ကန်း မည်သို့ရက်ရမည်ကို ရှောင်ရှမ်းက ရှင်ချိန်ရီ အား သင်ပေး၏။

တစ်ဖန်....

ရှင်ချိန်ရီက မိမိ၏ရွာသူများအား သင်ပေးနေလေတော့ သည်။

* * *

လျှော်ပင်ဘဝမှ အဝတ်အထည် စတင်ဖြစ်လာသောနေ့ တွင် ရှောင်ရှမ်း၏မျက်နှာသည် ပြုံးနေလေသည်။

သူကြီး၏မျက်နှာကလည်း ပြုံးနေလေသည်။

ရှင်ချိန်ရီက ရှောင်ရှမ်း၏လက်မောင်းကို တွဲခိုကာ ပျော် ရွှင်နေလေသည်။

ရွာသူရွာသားများမှာလည်း အလွန်ပျော်ရွှင်နေကြလေသည်။

သူတို့သည် ရှောင်ရှမ်းကြောင့် ပြောင်းလဲလာသော မြို့တို့ ရွာကလေး၏ အခြေအနေကိုကြည့်ကာ ဝမ်းသာလွန်း၍ အော်ဟစ်မြူးတူးနေကြလေသည်။

ယင်းအချိန်....

ကလေးတစ်ယောက်က သူကြီးထံသို့ ပြေးလွှားလာလေသည်။

'သူကြီး....သူကြီး ဟိုမှာ လူတစ်ယောက်လဲကျနေတယ်'

သူ၏စကားကြောင့် အားလုံးသော လူတို့၏ မျက်နှာများပေါ်တွင် ပျော်ရွှင်မှုများ ပျောက်ကွယ်သွားလေသည်။

ရှောင်ရှမ်းက ကလေးငယ်၏လက်ကိုဆွဲကာ....

'ဘယ်မှာလဲ'

ကလေးက ရွာထိပ်သို့ညွှန်ပြရင်း....

'ရွာထိပ်မှာပါ'

ရှောင်ရှမ်းက သူ၏စကားဆုံးသည်နှင့်ရွာထိပ်သို့ပြေးသွားလေသည်။



သူ၏နောက်မှ သူကြီး၊ ရှင်ချိန်ရိနှင့် ရွာသူရွာသားများက ပြေးလိုက်သွားကြလေသည်။

* * *

ရွာထိပ်တွင် လူတစ်ယောက်လဲကျနေ၏။

ရှောင်ရှမ်းက ထိုလူအား ကြည့်လိုက်သည်နှင့် သေအံ့ဆဲဆဲလူတစ်ယောက်ဖြစ်ကြောင်း အကဲခတ်မိလိုက်လေသည်။

ထိုလူ၏ခြေနှစ်ချောင်းက သွင်သွင်ကျိုးနေလေသည်။

မျက်နှာတစ်ခုလုံးမှာလည်း မြင်မကောင်းအောင်ဖူးယောင်နေ၏။

ရှောင်ရှမ်းက ထိုလူအားပွေ့လိုက်သည်။

ထိုလူက ဒဏ်ရာဒဏ်ချက်များကြောင့် ပိတ်လုနီးပါးဖြစ်နေသည့် မျက်လုံးများဖြင့် ရှောင်ရှမ်းအားကြည့်ကာ နှုတ်ခမ်းလှုပ်ရှုံ့ဖြင့်....

'ရေ....ရေ....ပေး....ပါ'

သူ၏အသံက တိုးညင်းလှလေသည်။

သို့သော်....

ရှောင်ရှမ်းက ကောင်းစွာကြားလိုက်၏။

'ခင်ဗျားက ဘယ်သူလဲ၊ ဘယ်ကလာတာလဲ'

ဟု မေးလိုက်သည်။

ထိုလူက ပါးစပ်လှုပ်ရုံသာ လှုပ်ရှားလိုက်သည်။

ယင်းအချိန်....

သူကြီးနှင့်ရွာသားများ ရောက်ရှိလာကြလေသည်။

သူကြီးက ရှောင်ရှမ်း ဖမ်းထားသောလူအား တွေ့မြင်လိုက်သောအခါ နှာခေါင်းတစ်ချက်ရှုံ့လိုက်လေသည်။

'ဖေ့ချင်း'

ယင်းအချိန်....

ရှင်ချိန်ရိက လူအုပ်ကြားမှ တိုးထွက်လိုက်လေသည်။

'ဦးလေး...ဦးလေး'

သူမက ယင်းသို့ခေါ်ရင်း ရှောင်ရှမ်းနံဘေးတွင် ဖူးထောက်ထိုင်လိုက်၏။

ရှောင်ရှမ်းက ရွာသားတစ်ယောက်အား ရေယူခိုင်းလိုက်သည်။

ထို့နောက်....

ဖေ့ချင်းဆိုသောလူအားကြည့်ကာ ခေါင်းခါယမ်းလိုက်၏။



သူကြီးက ဖေ့ချင်းအား ဒေါသကြီးစွာ ကြည့်နေလေသည်။

ဖေ့ချင်းက ရှင်ချိန်ရိအား ကြည့်ကာ မျက်ရည်များ ကျဆင်းလာလေသည်။

'ရှင်ချိန်ရိ'

သူ၏အသံက တိုးညှင်းလှပေသည်။

သူကြီးက မဲ့ပြုံးပြုံးလိုက်သည်။

'တောက်...အဓောက်မိုက်တဲ့ကောင်၊ မင်းက ပဒေသာပိပိ ရှင်ချိန်ရိကို ဆောင်ကြားမြို့မှာ အကြွေးနဲ့ ပေးဆပ်ခဲ့တဲ့ကောင်၊ သေဘာသောင်မှ နည်းသေးတယ်'

ဟု ပြောလိုက်သည်။

သူ၏စကားကြောင့် ရှောင်ရှမ်းက ထိုလူမှာ ရှင်ချိန်ရိအား အကြွေးဖြင့် ပေးဆပ်ခဲ့သောပတွေးဖြစ်ကြောင်း နားလည်လိုက်လေသည်။

သူကြီးက တင်းမာသောအသံဖြင့်....

'မင်းကြောင့် သမီးဖြစ်သူက အကြွေးနဲ့အသိမ်းခံရတယ်၊ မအေဖြစ်သူက သမီးရဲ့သောကကြောင့် ကြိုးဆွဲချပြီး ကိုယ့်ကိုကိုယ် အဆုံးစီရင်ခဲ့တယ်၊ တိရစ္ဆာန်'

မေ့ချင်းက သူ့အား ရီဝေသောမျက်လုံးအစုံဖြင့် ကြည့်နေ၏။

ယင်းအချိန်....

ရွာသားတစ်ယောက်က ရေခပ်လာလေသည်။

ရှင်ချိန်ရှိ၏ ရေကိုလှမ်းယူကာ မေ့ချင်းအား ဖြည်းညင်းစွာ တိုက်လိုက်၏။

မေ့ချင်းက သူ့အား ကျေးဇူးတင်သော အကြည့်ဖြင့် ကြည့်လိုက်လေသည်။

ထို့နောက်....

မေးတစ်ချက်ထိုးကာ လောကကြီးကို ကျောခိုင်းသွားလေသည်။

သူသည် မိမိရောင်းစားခဲ့သော ရှင်ချိန်ရှိ၏ ငိုရှိုက်သံကိုလည်းကောင်း၊ သူကြီး၏ ပြစ်တင်ပြောဆိုသံကိုလည်းကောင်း၊ မည်သို့မျှကြားနိုင်တော့မည်မဟုတ်ပါချေ။

* * *

မေ့ချင်း၏ ဈာပနအခမ်းအနားကို အကျဉ်းချုံးကာ လုပ်လိုက်ကြလေသည်။

ဈာပန အခမ်းအနားပြီးသောအခါ....



သူကြီးက ရှောင်ရှမ်းအား ဤသို့ပြောလာလေသည်။

'ရှောင်ရှမ်း၊ မင်းကို ငါသတိပေးချင်တယ်'

ရှောင်ရှမ်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

'ဘာများလဲ ခင်ဗျာ'

သူကြီးက တစ်ချက်ပြုံးလိုက်သည်။

'တောင်ကြားမြို့ကလေးမှာ အပြောင်းအလဲတွေ ဖြစ်နေတဲ့ သတင်း ကျုပ်ကြားမိတယ်'

ရှောင်ရှမ်းက ပြုံးရင်း....

'ဘာလဲ၊ မြို့ဝန်မင်း ပြောင်းသွားပြီလား'

သူကြီးက ခပ်ပြုံးပြုံးလိုက်သည်။

'မြို့ဝန်မင်း ပြောင်းသွားရင်တောင်မှ ဒီလောက်စိတ်ဝင်စားစရာ မကောင်းပါဘူးလေ'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်၏။

'ဒါဖြင့် ဘာသတင်းလဲ'

သူကြီးက သက်ပြင်းတစ်ချက် ချလိုက်သည်။

'အင်း....ကျုပ်က မြို့ဝန်မင်းဆီကို မေ့ချင်းသေမှုနဲ့ ပတ်သက်ပြီး အစီရင်ခံစာ ပို့တဲ့အချိန်မှာ လူတစ်ယောက်ကိုတွေ့ခဲ့တယ်'

သူက စကားဆက်လိုက်သည်။

'အဲ့ဒီလူက တောင်ကြားမြို့ရဲ့ အရှင်သခင် ဝမ်းကျုံးစန်းထက် အဆတစ်ရာသာတဲ့ ဆိုးသွမ်းပြီး အင်မတန်ခကြောက်စရာကောင်းလဲလူပဲ၊ အခု သူ့ရဲ့သြဇာအာဏာဟာ တောင်ကြားမြို့တစ်မြို့လုံးမှာဖုံးလွှမ်းနေပြီလေ၊ ဒါကြောင့် တောင်ကြားမြို့ကိုသွားရင် သတိထားပါကွာ၊ ပြဿနာ မတက်ပါစေနဲ့'

ရှောင်ရှမ်းက စိတ်ဝင်စားလာ၏။

'နေပါဦး၊ အဲ့ဒီလူက ဘယ်သူလဲ'

သူကြီးက အတန်ကြာတိတ်ဆိတ်နေပြီးမှ....

'ကျှင်း....ဖုန်း'

ဟု တစ်ခွန်းချင်း ပြောလိုက်လေသည်။

ရှောင်ရှမ်း၏ရင်ထဲ၌ တစ်ချက် လှုပ်ရှားသွားမိလေသည်၊ သူကြီးက နှာခေါင်းတစ်ချက်ရှုံ့လိုက်ပြီး....

'ဒီလူဟာ မြေခွေးထက် ကြောက်စရာကောင်းတဲ့....'

သူ၏စကားမဆုံးမီ ရှောင်ရှမ်းက လက်ကာပြလိုက်မိလေသည်။

'တော်....တော်ပါတော့ဗျာ'



ဟု ဟန့်တားလိုက်လေသည်။

သူကြီးက အလွန်အံ့သြသွားမိ၏။

သူက ရှောင်ရှမ်းမှာ အလွန်တည်ငြိမ်သော လူရွယ် တစ်ယောက်ဟု နားလည်ထားလေသည်။

ယခု....

ကျှင်းဖုန်းဆိုသောလူရွယ်အကြောင်း ကြားလိုက်ရသဖြင့် အဘယ်ကြောင့် ဤမျှစိတ်လှုပ်ရှားသွားပါသနည်း။

သူက ကြောင်အမ်းအမ်းဖြင့်ကြည့်နေမိစဉ်....

ရှောင်ရှမ်းက တောင်းပန်စကား ဆိုလိုက်၏။

'စိတ်မရှိပါနဲ့ဗျာ၊ ကျွန်တော်က ဒီလိုသတင်းမျိုးတွေ မကြားချင်ပါဘူး၊ နောက်ပြီး သူကြီးက အခုလိုသတိပေးတာကို ကျေးဇူးတင်ပါတယ်'

သူကြီးက ခေါင်းတညိတ်ညိတ်ဖြင့်....

'မင်းက ဒီလိုရက်စက်ကြမ်းကြုတ်မှုတွေကို မနှစ်သက်ဘူးဆိုတာ ငါသိပါတယ်'

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ကျိတ်ကာ ချလိုက်မိ၏။

အမှန်တွင်....

သူသည် ကျှင်းဖုန်း၏သတင်းဆိုးကို မကြားလိုပါ။

သူက လှုပ်ရှားနေသောစိတ်ကို ကြိုးစား ထိန်းချုပ်နေရလေသည်။

ယင်းအချိန်....

သူကြီးက စကားဆက်လိုက်ပြန်သည်။

'ငါ...နောက်ထပ်တစ်ခုပြောရဦးမယ်'

ရှောင်ရှမ်းက ခေါင်းညိတ်လိုက်၏။

'ပြောပါ'

သူကြီးက တည်ကြည်လေးနက်သောမျက်နှာထားဖြင့်....

'ငါ အသက်ကြီးလှပါပြီ'

ရှောင်ရှမ်းကပြုံးလိုက်သည်။

'သူကြီး ပြောချင်တဲ့စကားက...'

သူကြီးက တစ်ချက်ရယ်မောလိုက်၏။

'မင်းက သူကြီးလုပ်ပေါ့'

ရှောင်ရှမ်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'ဟာ...မဖြစ်နိုင်ပါဘူး'

သူကြီးက ဘဝင်မကျနိုင်အောင် ဖြစ်သွားရ၏။



'ဘာဖြစ်လို့မဖြစ်နိုင်ရမှာလဲ၊ ငါ ဒီမနက်ပဲ မြို့တော်ဝန်ဆီမှာ သူကြီးအပြောင်းအလဲလုပ်ဖို့တင်ပြခဲ့သေးတယ်၊ ရွာသားတွေရဲ့သဘောထားကိုမေးကြည့်တော့လဲ အားလုံးကကျေနပ်ကြတယ်'

ရှောင်ရှမ်းက ခေါင်းသွင်သွင်ခါယမ်းလိုက်သည်။

သူကြီးက သူ့အားကြည့်ပြီး အပြင်းအထန် တိုက်တွန်းနေ၏။

ရှောင်ရှမ်းကအမျိုးမျိုးဖြင့် ငြင်းပယ်နေလေသည်။

သူကြီးက အကြောင်းအမျိုးမျိုးပြကာ တိုက်တွန်းနေ၏။

ဤသို့ဖြင့်....

ဘန်းခေါင်ယံအချိန် ကျော်လွန်ခဲ့ပြီဖြစ်သည်။

ရှင်ချိန်ရှိသည် သူတို့၏ စကားများကို နားထောင်ရင်း ရှောင်ရှမ်း၏ခန္ဓာကိုယ်အား မှီကာ အိပ်ပျော်နေပြီ ဖြစ်သည်။

ရှောင်ရှမ်းကလည်း အိပ်ချင်လာသည်။

သို့သော်....

သူကြီးကမူ အာပေါင်အာရင်း သန်သန်ဖြင့် ရှောင်ရှမ်းအား သူကြီးလုပ်ရန် တိုက်တွန်းနေဆဲပင်....

* *

## ရွှေနန်းတော်၏ ကိုယ်ခံလှယ်

နောက်တစ်နေ့နံနက်။

နေရောင်ခြည်သည် အရှေ့ဘက်မိုးကုပ်စက်ဝိုင်းဆီမှ စတင်ထွက်ပေါ်လာပြီဖြစ်၏။

လူနှစ်ယောက်က မြင်းနှစ်တောင်ကိုစီးကာ ရွာထဲသို့ ဝင်ရောက်လာကြလေသည်။

ထိုလူများအားကြည့်ရုံဖြင့် တောင်ကြားမြို့မှလူနှစ်ယောက်ဖြစ်ကြောင်း သိရှိနိုင်လေသည်။

သူတို့၏ခန္ဓာကိုယ်ပေါ်တွင် သစ်လွင်သော အဝတ်အစားများကို ဝတ်ဆင်ထားသော်လည်း ရုပ်ရည်များမှာကြမ်းတမ်းခက်ထန်လှပေသည်။



ထိုလူနှစ်ယောက်က ရွာသားတစ်ယောက်အား ရွာသူကြီး၏အိမ်ကို လမ်းညွှန် ပြခိုင်းနေလေသည်။

သို့သော်....

ယဉ်ယဉ်ကျေးကျေးဖြင့် ညွှန်ပြခိုင်းခြင်းမျိုး မဟုတ်ပါချေ။

သူတို့၏ရုပ်ရည်နှင့် သူတို့၏အမူအရာများမှာ လိုက်လျောညီထွေ ရှိလှပေသည်။

ဤသို့ဆိုလျှင်....

သူတို့ရောက်ရှိလာခြင်းကြောင့် ဖူရန်းရွာ၏အခြေအနေကား မည်သို့ရှိပါမည်နည်း။

* * *

'ဟေ့....သူကြီးဆိုတဲ့ကောင် ထွက်ခဲ့စမ်း'

တင်းမာ ခက်ထန်လှသော အော်ဟစ်သံက နံနက်ခင်း၏ ကျက်သရေကိုဖျက်ဆီးသကဲ့သို့ ရှိနေလေသည်။

ရှောင်ရှမ်းက ယင်း၏အသံကြောင့် အထည်များကိုလိပ်နေရာမှ ထလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် ခြံဝင်းထဲသို့ ကြည့်လိုက်၏။

ရှင်ချိန်ရီကလည်း ရက်ကန်း ရက်နေရာမှ ရပ်တန့်လိုက်ပြီး အပြင်သို့ လှမ်းကြည့်လိုက်လေသည်။

ခြံဝင်းထဲ၌ လူနှစ်ယောက်ရှိနေ၏။

သူတို့သည် မြင်းပေါ်မှ ဆင်းသက်ခြင်းမရှိပါ။

ရှောင်ရှမ်းက ထိုလူနှစ်ယောက်အား တွေ့မြင်လိုက်သည်နှင့် တောင်ကြားမြို့မှ လူများဖြစ်ကြောင်း ခန့်မှန်းသိရှိလိုက်လေသည်။

ထို့အတူ...

ရှင်ချိန်ရီကလည်း ခန့်မှန်းသိရှိလိုက်၏။

သူမက ယင်းသို့သိရှိလိုက်သည်နှင့် တစ်ပြိုင်နက် ခန္ဓာကိုယ်တစ်ခုလုံး အေးစက်၍လာလေသည်။

ရှောင်ရှမ်းက ရှင်ချိန်ရီအား လှမ်းကြည့်လိုက်သည်။

ရှင်ချိန်ရီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

ရှောင်ရှမ်းက ပြုံးပြလိုက်သည်။

'မင်းက ကြောက်နေသလား'

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်၏။

သူမ၏ခန္ဓာကိုယ်တစ်ခုလုံး တုန်တုန်ယင်ယင် ဖြစ်နေလေသည်။



ရှောင်ရှမ်းက သူမ၏ပခုံးအား သိုင်းဖက်ကာ ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်စေလိုက်၏။

ယင်းအချိန်...

အိမ်အပြင်ဘက်မှ အသံတစ်သံက ထွက်ပေါ်လာပြန်၏။

'ဟေ့...သူကြီးဆိုတဲ့ကောင်၊ ထွက်ခဲ့စမ်း၊ ဒါမှမဟုတ်ရင် ငါတို့ အိမ်ပေါ်တက်လာရမလား'

ရှောင်ရှမ်းက မျက်နှာသုံးမွေးနှစ်ဖက်ကို အပေါ်သို့ပင့်တင်ကာ ပခုံးနှစ်ဖက်ကို အသာအယာတွန့်လိုက်လေသည်။

သူက ရှင်ချိန်ရီအား ပြုံးပြကာ...

'ညီမ ဒီကနေ ဘယ်မှမသွားနဲ့နော်'

ရှင်ချိန်ရီက ခေါင်းညိတ်လိုက်၏။

ရှောင်ရှမ်းကပြုံးပြကာ တံခါးရှက်ဆီသို့ လျှောက်သွားလေတော့သည်။

* * *

အိမ်တံခါးပွင့်သွားပြီ ဖြစ်သည်။

ထို့နောက်...

အိမ်တံခါးဝ၌ ရှောင်ရှမ်းက ထွက်ပေါ်လာ၏။

တောင်ကြားမြို့မှ လူနှစ်ယောက်က မျက်မှောင်ကြုတ်လိုက်လေသည်။

သူတို့က အချင်းချင်း ကြည့်လိုက်ကြ၏။

သူတို့သည် ဖူရန်းရွာမှ သူကြီးသည် အသက်ကြီးပြီး ပိန်ပိန်ပါးပါး ရှိသည်ဟု သတင်းကြားခဲ့ဖူးလေသည်။

ယခု....

သူတို့ရှေ့တွင်ရပ်နေသော သူကြီးသည် ယောကျ်ားပီသပြီး ချောမောခန့်ညားသော လူရွယ်တစ်ယောက် ဖြစ်နေသည်။

ရှောင်ရှမ်းက အိမ်ပြင်သို့ထွက်ကာ....

'မင်းတို့က ဘယ်သူတွေလဲ'

လူနှစ်ယောက်အနက် ခေါင်းတုံးပြောင်အောင် ရိတ်ထားသောလူက ဆေးချေးများ စွန်းထင်းနေသော သွားများကိုပေါ်အောင် ပြုံးပြလိုက်သည်။

'ကျုပ်တို့က တောင်ကြားမြို့ကပဲ၊ ရှေနန်းတော်က ကိုယ်စားလှယ်တွေဆိုရင် ပိုမှန်လိမ့်မယ်'

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ကိစ္စက...'

ထိုလူက...



'ကျုပ်တို့ရဲ့ လူတစ်ယောက်ကို လာရှာတာပါ'

ယင်းစကားကြောင့် အိမ်ထဲမှ ပုန်း၍ကြည့်နေသော ရှင်ချိန်ရိ၏ ခန္ဓာကိုယ်တစ်ချက် တုန်ခါသွားလေသည်။

ရှောင်ရှမ်း၏စိတ်ထဲတွင်လည်း ရှင်ချိန်ရိအတွက် စိုးရိမ်သွားမိ၏။

သူ၏မျက်စိထဲတွင် ရှင်ချိန်ရိ၏ ခြေထောက်တွင် ခပ်နှိပ်ထားသော ရှေနန်းတော်ဟူသော စာတန်းလေးကို မြင်ယောင်လာမိလေသည်။

သူက မိမိစိတ်ထဲတွင် လှုပ်ရှားသွားကြောင်း တစ်ဖက်လူ မရိပ်မိစေရန် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်ရ၏။

'ဘယ်သူလဲ'

ခေါင်းတုံးနှင့်လူက တံတွေးတစ်ချက်ထွေးကာ....

'ဖေ့ချင်း'

ယင်းစကားကြားလိုက်ရသောအခါ ပုန်းကွယ်၍ ကြည့်နေသော ရှင်ချိန်ရိက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ရှောင်ရှမ်းကလည်း သက်ပြင်းတစ်ချက် ချလိုက်၏။

သူက ခေါင်းတစ်ချက်ညိတ်ကာ....

'ကောင်းပြီ၊ ဒါဆိုလိုက်ခဲ့ပါ'

ပြောပြီး ရွာအနောက်ဘက်သို့ ခေါ်ဆောင်သွားလေသည်။

တောင်ကြားမြို့ကလေးမှ လူနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ပြီး မြင်းပေါ်မှဆင်းကာ ရှောင်ရှမ်း၏နောက်မှ လိုက်ပါသွားကြလေတော့သည်။

* * *

ရောက်နေရာသည် သင်္ချိုင်းဖြစ်သည်။

ရွာ၏အနောက်ဘက်၌ တည်ရှိလေသည်။

သင်္ချိုင်းထဲတွင် သစ်လွင်သော အုတ်ဂူတစ်ခု ရှိနေ၏။

ရှောင်ရှမ်းက သစ်လွင်သော အုတ်ဂူရှေ့တွင် ရပ်လိုက်လေသည်။

တောင်ကြားမြို့မှ လူနှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြလေသည်။

ထို့နောက်....

ခေါင်းတုံးနှင့်လူက မျက်မှောင်ကြုတ်လိုက်လေသည်။

'ဒါက ဘာသင်္ချိုင်းလဲ'

ရှောင်ရှမ်းက အုတ်ဂူပေါ်မှ ကမ္ပည်းစာတန်းလေးအား ညွှန်ပြလိုက်၏။



'အုတ်ဂူပေါ်မှာ ဖေ့ချင်းလို့ ရေးထားတာ တွေ့တယ် မဟုတ်လား'

ခေါင်းတုံးနှင့်လူက မျက်လုံးပြူးကာ ကြည့်လိုက်သည်။

'ဒါဖြင့် သူယူထားတဲ့အကြွေးတစ်ရာကို ဘယ်သူကဆပ်မှာလဲ'

ရှောင်ရှမ်းက တစ်ချက်ပြုံးလိုက်၏။

'ဘယ်သူယူထားတဲ့ အကြွေးလဲ'

ခေါင်းတုံးနှင့်လူက အုတ်ဂူအားညွှန်ပြကာ...

'ဖေ့ချင်း ယူထားတဲ့အကြွေး'

ရှောင်ရှမ်းက ပခုံးတစ်ချက်တွန့်လိုက်သည်။

'ဒါဆို ရှင်းပါတယ်၊ သူ့ဆီလိုက်တောင်းပေါ့'

သူ၏စကားကြောင့် တောင်ကြားမြို့မှ လူနှစ်ယောက်က အကြီးအကျယ် ဒေါသဖြစ်သွားပြီး...

ခေါင်းတုံးနှင့် လူက ရှောင်ရှမ်း၏ အင်္ကျီရင်ဘတ်အား ဆောင့်ဆွဲလိုက်သည်။

'သူကြီး စကားကောင်းကောင်းမေးပါ၊ ဒီကိစ္စကို ခင်ဗျားပဲ အဆင်ပြေအောင် လုပ်ပေးရမယ်'

ရှောင်ရှမ်းက ပြုံးလိုက်၏။

‘ကျုပ်က ဘယ်လိုစီစဉ်ပေးရမှာလဲ’

ခေါင်းတုံးနှင့်လူက....

‘ကျုပ်တို့ရဲ့ အကြွေးတစ်ရာကို မပေးလို့မဖြစ်ဘူး၊ ကျုပ်တို့က မရရင် ပြဿနာရှင်းဖို့မလွယ်ဘူး’

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

‘ဘာဖြစ်လို့လဲ’

ခေါင်းတုံးနှင့်လူက....

‘ကျုပ်တို့ငွေတစ်ရာကိုမရရင် ဒီက ကျုပ်တို့ခေါင်းဆောင်ကို ဘယ်လိုပြန်ပြောရမလဲ’

ရှောင်ရှမ်းက ပြုံးလိုက်သည်။

‘ဒါဆိုရင် လွယ်ပါတယ်၊ မင်းတို့က ဒီအုတ်ဂူကိုဖွင့်ပြီး ဖေ့ချင်းရဲ့အလောင်းကို သယ်သွားကြပေါ့၊ ပြီးရင် မင်းတို့ရဲ့ခေါင်းဆောင်ကို ဖေ့ချင်းရဲ့အလောင်း ပေးလိုက်ပါ’

သူ၏စကားဆုံးသည်နှင့် ရုတ်တရက် ခေါင်းတုံးနှင့်လူက တစ်ချက်လှုပ်ရှားလိုက်လေသည်။

‘ဖြန်း’

ထိုလူ၏လက်ဝါးတစ်ဖက်က ရှောင်ရှမ်း၏ပါးပြင်ပေါ်သို့ ပြင်းထန်စွာ ကျရောက်လာလေသည်။



ရှောင်ရှမ်း၏ခန္ဓာကိုယ်က ဖေ့ချင်း၏အုတ်ဂူဘေးသို့ လဲကျသွားလေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျလာလေသည်။

သူက သွေးများကို လက်ခုံဖြင့်သုတ်ကာ ပြန်လည်မတ်တတ်ရပ်လိုက်၏။

‘ဖူရှန်းရွာကဒေသကလူတွေအားလုံးဟာ အင်မတန် ဆင်းရဲပါတယ်၊ ဒါကြောင့် ငွေတစ်ရာ မပြောနဲ့ ဆယ်ပြားတောင်မှ မရှိပါဘူး၊ ဒါကြောင့်....’

သူ၏စကားမဆုံးခင်....

ခေါင်းတုံးနှင့် လူ၏ခန္ဓာကိုယ်က ရုတ်တရက် လေထဲသို့ မြောက်တက်လာကာ ရှောင်ရှမ်းအား ကန်ချလိုက်သည်။

‘ဝုန်း’

ဟူသောအသံနှင့်အတူ ရှောင်ရှမ်း၏ခန္ဓာကိုယ်က ဖေ့ချင်း၏ အုတ်ဂူပေါ်သို့ လွင့်စဉ်ကျသွားလေသည်။

ခေါင်းတုံးနှင့်လူက အားပါးတရ ရယ်မောလိုက်၏။

ကျန်တစ်ယောက်ကလည်း အားပါးတရရယ်မောလိုက်၏။

‘ဟား....ဟား....ဟား၊ မင်းက သူကြီးကို တစ်ချက်ထိုးတိုင်း ကျုပ်က အကြွေးတစ်ရာထဲက တစ်ကျပ်လျှော့ပေးပါမယ်’

ခေါင်းတုံးနှင့်လူက ခေါင်းညိတ်လိုက်သည်။

'ကောင်းတယ်၊ ဒါပေမယ့်....'

ကျန်တစ်ယောက်က မျက်မှောင်ကြုတ်လိုက်သည်။

'ဒါပေမယ့်၊ ဘာဖြစ်သလဲ'

ခေါင်းတုံးနှင့်လူက....

'သူကြီးက သုံးချက်မပြည့်ခင် သေသွားရင်တော'

အဖော်ဖြစ်သူက အားပါးတရ ရယ်မောလိုက်၏။

'ဟား... ဟား... ဟား၊ ဒါဆိုရင် သူကြီးရဲ့ အလောင်းနဲ့ သူကြီးအိမ်က ပစ္စည်းတွေကို သယ်သွားရုံပေါ့'

ခေါင်းတုံးနှင့်လူက ကောက်ကျစ်စဉ်းလဲစွာပြုံးလိုက်သည်။

'မင်း အကြံအစည်မဆိုးဘူး'

ယင်းအချိန်....

ချောင်ရှမ်းက မြေပြင်ပေါ်မှ လူးလဲထရပ်လိုက်၏၊

ခေါင်းတုံးနှင့်လူက သူ၏အင်္ကျီရင်ဘတ်ကိုဆွဲကာ....

'ကဲ... စပြီ'

ပြောပြီး ကြီးမားလှသောလက်သီးဖြင့် ထိုးရန် ဟန်ပြင်လိုက်လေသည်။



ယင်းတစ်ခဏ်အချိန်လေးမှာပင်....

'အား'

ရုတ်တရက် အထိတ်တလန့်အော်ဟစ်သံကိုကြားလိုက်ရ၏။

အသံသည် သူတို့နောက်ဘက်မှ ထွက်ပေါ်လာခြင်း ဖြစ်သည်။

တောင်ကြားမြို့မှလူနှစ်ယောက်က နောက်သို့ချာခနဲ လှည့်ကြည့်လိုက်လေသည်။

သူတို့သည် အသံရှင်ကိုတွေ့မြင်လိုက်ရသောအခါ မျက်နှာပေါ်တွင် အပြုံးတစ်ချက်ပေါ်လာလေသည်။

ကောက်ကျစ်စဉ်းလဲပြီး ရမ္မက်ထန်သောအပြုံးမျိုး ဖြစ်သည်။

ဤသို့ဆိုပါလျှင်....

အသံရှင်သည် မည်သူဖြစ်မည်နည်း။

သူတို့မြင်တွေ့လိုက်ရသော အသံရှင်သည် ရှင်ချိန်ရိပင် ဖြစ်လေတော့သည်။

ရှင်ချိန်ရီ....

ရှင်ချိန်ရီသည် အိမ်ထဲတွင် ပုန်းခိုနေရာမှ ရှောင်ရှမ်းက တောင်ကြားမြို့မှ လူနှစ်ယောက်၏ နောက်သို့လိုက်သွားသည့်အခါ စိုးရိမ်ကြီးစွာဖြင့် မယောင်မလည်ဖြင့် လိုက်ပါလာခဲ့၏။

သူမက အုတ်ဂူဘေးတွင် ပုန်းအောင်းကာ ကြည့်လိုက်စဉ် ခေါင်းတုံးနှင့်လူက ရှောင်ရှမ်းအား နှိပ်စက်နေခြင်းကို တွေ့ရသောအခါ စိုးရိမ်ထိတ်လန့်စွာဖြင့် အော်ဟစ်လိုက်မိခြင်း ဖြစ်လေသည်။

ခေါင်းတုံးနှင့်လူက အဖော်ဖြစ်သူအား ကြည့်လိုက်၏။

'ဟာ...ဖူရန်းနယ်မှာ ဒီလောက်လှပတဲ့ ပန်းပွင့်ကလေး တစ်ပွင့် ဖူးပွင့်နေမယ်လို့ ငါမထင်မိဘူး'

အဖော်ဖြစ်သူက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်၊ ဒီပန်းပွင့်လေးက တစ်ရာမက တန်ဖိုးရှိနိုင်တယ်'

ခေါင်းတုံးနှင့်လူက ရယ်မောလိုက်သည်။

'သူ့ကိုသာခေါ်သွားရင် ငါတို့အတွက် မျက်နှာပန်းပွင့်နိုင်တယ်နော်'



ရှင်ချိန်ရီက သူတို့နှစ်ယောက်၏စကားကြောင့် ကြက်သီးဖြန်းဖြန်းထ သွားမိလေသည်။

သူမက နောက်သို့ချာခနဲ လှည့်ပြေးသွား၏။

သို့သော်....

သူမက ကြောက်ရွံ့လွန်းသဖြင့် မပြေးနိုင်ခဲ့ပါ။

ခလုတ်တိုက်ကာ လဲပြိုသွားခဲ့လေသည်။

သူမက လူးလဲထ ရပ်ကာ ပြေးထွက်ရန် ဟန်ပြင်လိုက်၏။

သို့သော်....

နောက်ကျသွားချေပြီ။

အကြောင်းကား....

တောင်ကြားမြို့ကလေးမှ လူနှစ်ယောက်က သူမရှေ့တွင် ပိတ်ဆို့ဟန့်တားထားလိုက်ပြီ မဟုတ်ပါလော။

ခေါင်းတုံးနှင့်လူက သူမအား သွားဖြဲ၍ ပြုံးပြလိုက်သည်။

ထို့နောက်....

ရုတ်တရက် သူမအား ဖမ်းဆွဲလိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

'ရပ်လိုက်စမ်း'

ဟူသော ဟန့်တားသံနှင့်အတူ သူတို့၏ ပခုံးများအား အလွန်သန်မာသော လက်ချောင်းများက ဆွဲထားခြင်းကို ခံလိုက်ရလေတော့သည်။

*       *       *

ရှင်ချိန်ရှိအား ဖမ်းဆီးရန် ကြိုးစားနေကြသော လူနှစ်ယောက်၏ လှုပ်ရှားမှုများက ရုတ်တရက် ရပ်တန့်သွားခဲ့လေသည်။

သူတို့နှစ်ယောက်က မိမိတို့အား ဟန့်တားသူကို ပြိုင်တူ လှည့်ကြည့်လိုက်ကြလေသည်။

ထိုအခါ....

မိမိတို့အား ဟန့်တားလိုက်သူမှာ ရှောင်ရှမ်းဖြစ်ကြောင်း တွေ့မြင်လိုက်ရလေသည်။

ယင်းနောက်....

သူတို့သည် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ခါးတွင်ချိတ်ထားသော ဓားများအား ပြိုင်တူဆွဲထုတ်ကာ ရှောင်ရှမ်းအား စတင်တိုက်ခိုက် လိုက်ကြလေသည်။

ရှောင်ရှမ်းက နောက်သို့ချာခနဲ လှည့်ပြေးသွား၏။



ခေါင်းတုံးနှင့်လူက အဖော်ဖြစ်သူအား ကြည့်ကာ ရယ်မောလိုက်သည်။

'ဟေ့....ဒီလူကြီးက လိုက်တမ်းပြေးတမ်း ကစားတာ ဝါသနာ ပါပုံရတယ်'

အဖော်ဖြစ်သူက မဲ့ပြုံးပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် ပညာပေးရမယ်'

ထို့နောက်....

သူတို့နှစ်ယောက်က ရှောင်ရှမ်းထံသို့ ဓားကို ဝှေ့ယမ်းကာ ပြေးလာလေသည်။

ရှောင်ရှမ်းက သစ်ပင်တစ်ပင်ရှေ့သို့ ရောက်သောအခါ ချာခနဲလှည့်၍ ရင်ဆိုင်လိုက်လေသည်။

တောင်ကြားမြို့မှ လူနှစ်ယောက်က ဓားကိုယ်စီဖြင့် ပြိုင်တူ ဝင်ခုတ်လိုက်ကြလေသည်။

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

သူက ထိုလူနှစ်ယောက်၏ တိုက်ခိုက်မှုအား လှပစွာရှောင်တိမ်းသွားလေသည်။

တောင်ကြားမြို့မှ လူနှစ်ယောက်က ခံပြင်းသွားကြလေသည်။

သူတို့သည် ညှပ်ပူးညှပ်ပိတ် အနေအထားဖြင့် ဆက်တိုက် တိုက်ခိုက်လိုက်လေသည်။

သူတို့က တဒင်္ဂအချိန်လေးမှာပင် ဓားကွက်နှစ်ဆယ်တိတိ တိုက်ခိုက်လိုက်ပြီး ဖြစ်၏။

သို့သော်...

ရှောင်ရှမ်း၏ အင်္ကျီစကိုပင် ထိအောင် တိုက်ခိုက်နိုင်စွမ်း မရှိပါချေ။

သူတို့နှစ်ယောက်၏ မျက်နှာများ ပျက်လာကြလေသည်။

သူတို့က အံ့သြဟန်ဖြင့် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြ၏။

ယင်းနောက်....

သူတို့သည် မိမိတို့၏အသက်မြက်ဆုံး သိုင်းကွက်ဖြစ်သော စွန်ရဲပျံနှိပ်သိုင်းကွက်ဖြင့် ရှောင်ရှမ်းအား တိုက်ခိုက်လိုက်လေသည်။

ဓားရောင်များဝင်းလက်သွား၏။

ဓားရိပ်များသည် ရှောင်ရှမ်းအား လွှမ်းခြုံထားလေသည်။



ရှောင်ရှမ်းက ပြုံးလိုက်သည်။

ရုတ်တရက်....

သူ၏လက်တစ်ဖက်က ဓားရိပ်များကြားမှ ထွက်ပေါ်လာလေသည်။

ထိုဓားရိပ်များကြားမှ လက်တစ်ဖက်က ဖောက်ထွက်လာပြီး ဓားကို လုယူသွားလေသည်။

'ဖပ်'

ထိုလူက ဤသို့ ဖြစ်လိမ့်မည်ဟု မမျှော်လင့်ခဲ့သောကြောင့် နောက်သို့ ကမန်းကတန်း ဆုတ်လိုက်ရ၏။

ယင်းအချိန်မှာပင်....

ဓားတစ်ချောင်းက ထိုလူ၏ ရင်ဝသို့ ထိုးစိုက်သွားလေသည်။

'အ ဝ့်'

ထိုလူက ညည်းညူကာ လဲကျသေဆုံးသွား၏။

တစ်ချိန်တည်းမှာပင်....

ရှောင်ရှမ်း၏လက်ထဲမှ ဓားက ခေါင်းတုံးနှင့် လူ၏နားရွက်အား ခုတ်ချလိုက်လေသည်။

ခေါင်းတုံးနှင့်လူသည် မိမိ၏ နားရွက်တစ်ဖက် ပူခနဲဖြစ်သွားသဖြင့် မိမိနားရွက်အား လက်ဖြင့်စမ်းလိုက်လေသည်။

ယင်းသို့ စမ်းလိုက်သည်နှင့် တစ်ပြိုင်တည်း ထိုလူ၏မျက်လုံး အစုံက ပြူးကျယ်သွားလေသည်။

အကြောင်းကား....

သူ၏လက်ထဲတွင် နားရွက်တစ်ဖက် ပါရှိလာသည် မဟုတ်ပါလော။

ရှောင်ရှမ်းက သူ့အား စိုက်ကြည့်လိုက်၏။

'မင်းတို့ဆရာကိုပြောလိုက်၊ နောက်တစ်ခါ အကြေးလိုချင် ရင် ကိုယ်တိုင်လာယူပါလို့'

ခေါင်းတုံးနှင့်လူက ထိတ်ထိတ်ပျာပျာဖြင့် ခေါင်းသွင် သွင် ညိတ်လိုက်လေသည်။

'ဟုတ်....ဟုတ်ကဲ့'

ထို့နောက်....

သူသည် မြင်းပေါ်သို့ ခုန်တက်ကာ ဒုန်းစိုင်းမောင်းနှင် သွားလေတော့၏။

* * *



'ဖြန်း'

ဟူသော အသံနှင့်အတူ ခေါင်းတုံးနှင့်လူက ကြမ်းပြင်ပေါ် လဲပြိုကျသွားလေသည်။

သူက ကမန်းကတန်းပြန်ထကာ ချာရဲလုအား စိုးထိတ်စွာ ကြည့်လိုက်၏။

ချာရဲလု၏ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဒေါသကြောင့် တုန် နေလေသည်။

'တောက်...ဖူရှန်းရှာကို တစ်သက်လုံးအနိုင်ယူခဲ့တာ မင်း ကျမှ လူတစ်ယောက်ဆုံးရှုံးရတယ်လို့ ရာဇဝင်ရိုင်းလိုက် ကွာ'

ခေါင်းတုံးနှင့်လူတာ....

'အခုရှာသူကြီးက သိုင်းပညာအဆင့်မြင့်ပုံရတယ်'

ချာရဲလုက နှုတ်ခမ်းမဲ့လိုက်လေသည်။

'တိတ်စမ်း.... အဲဒီငွေတစ်ရာကို မင်းရဲ့လစာထဲက ဖြတ် မယ်'

ခေါင်းတုံးနှင့်လူက ပါးစပ်ပိတ်သွားလိုက်ရ၏။

ချာရဲလုက ဒေါသကြီးစွာဖြင့်...

'ဒီကိစ္စဟာ ဝမ်းကျုံးစန်းရဲ့ကြွေးကျန်ပဲ၊ ဒါကိုကျုပ်က
ကျင်းဖုံန်းမသိအောင် ရဖို့ကြိုးစားတာ၊ မင်းတို့အသုံးမကျ
တော့ ဒက်ခတ်ရမှာပဲ'

သူက စကားဆုံးသည်နှင့် တစ်ပြိုင်နက် သီးသန့်ခန်းထဲသို့
ဝင်ရောက်သွားလေတော့သည်။

* * *

ပေါင်ဆန်သော လူတစ်ယောက်

တောင်ကြားမြို့....

တောင်ကြားမြို့ကလေးသည် ကြက်ပျံမကျစည်ကားနေ၏။

လမ်းသွားလမ်းလာများ၊ ဈေးသည်ဈေးဝယ်များ၊ စား
သောက်ဆိုင်များ၊ လောင်းကစားဝိုင်းများ စသည်ဖြင့်
စည်ကားလှ၏။

ပစ္စည်းအသေးအမွှားမှစ၍ ပစ္စည်း ကြီးကြီးမားမားများ
အထိ ရနိုင်ပေသည်။

တစ်ခုတော့လိုပါသည်။

ထိုအရာကား အခြားမဟုတ်ပါ။

ငွေအသပြာပင် ဖြစ်လေတော့သည်။

* * *

ဤအချိန်သည် အစည်ကားဆုံးအချိန် ဖြစ်၏။

ထို့ကြောင့်...

ဤအချိန်တွင် ဈေးတန်း၌ လူများ တိုးမပေါက်ပါချေ

ဈေးသည် ဈေးဝယ်များကြား၌ ဈေးသည်အသစ် တ ယောက်က သူ၏ကုန်ပစ္စည်းများကို ဖြည့်ဆည်းနေလေသည်

ထိုဈေးသည်အသစ်ကား ဖူရန်းရွာမှလာသော ရှော ရှမ်းပင် ဖြစ်လေတော့၏။

သူက၊ မိမိ၏ရောင်းကုန်များကို ဖြန့်ခင်းနေစဉ် အမှုထမ်း နှစ်ဦး ရောက်ရှိလာပြီး ဈေးခွန်ကောက်နေလေသည်။

ဈေးခွန်သည် များသည်ဟု ရှောင်ရှမ်း၏စိတ်ထဲ၌ထင်လိုက် မိ၏။

ထို့ပြင်....

အရောင်းအဝယ် မဖြစ်မီ ဈေးကောက် လာကော သဖြင့် ရင်ထဲ၌ ဘဝင်မကျပါချေ။



သို့သော်....

သူက စကားမပြောဘဲ ဈေးခွန်ပေးဆောင်လိုက်၏။

အမှုထမ်းနှစ်ဦး ထွက်သွားသော အခါမှ ရှောင်ရှမ်း၏ ဘေးမှ ဈေးသည်တစ်ဦးက မျက်နှာရှုံ့မဲ့ကာ ကျိန်ဆဲလိုက် လေသည်။

ရှောင်ရှမ်းက မြုံးလိုက်မိ၏။

'ဆရာကြီးကလဲဗျာ ဒေါသမကြီးပါနဲ့၊ တိုင်းပြည်အတွက် အခွန်ကောက်တာပဲ'

ဈေးသည်က မဲ့ပြုံးပြုံးလိုက်သည်။

'ခင်ဗျားဘာသိလို့လဲ၊ သူတို့က အခွန်ရဲ့ သုံးပုံတစ်ပုံကိုပဲ နေပြည်တော်ကို ပြန်ပို့ပြီး ကျန်တာကို မြို့ဝန်မင်းနဲ့တောင် ကြားသခင်တို့က ခွဲဝေယူနေတာဗျ'

ရှောင်ရှမ်းက ဘဝင်မကျမိပါချေ။

သူက သက်ပြင်းတစ်ချက်ချရင်း....

'တစ်နေ့တော့ နေပြည်တော်က တာဝန်ရှိတဲ့ပုဂ္ဂိုလ်ကြီးတွေက ဒီအကြောင်း သိသွားမှာပါ၊ ဒါဆိုရင် ခေါင်းပုံဖြတ်တဲ့ ဒုက္ခက ကင်းလွတ်ရမှာပေါ့'

ဟု နှစ်သိမ့်စကား ပြောလိုက်လေတော့၏။

* * *

ဈေးကွဲပြီ ဖြစ်သည်။

ဈေးဝယ်သူများ အနည်းငယ်သာ ကျန်တော့၏။

ဈေးရောင်းသူအချို့သည် ရောင်းကုန်ပစ္စည်းများ ကုန်ပြီဖြစ်၍ ရောင်းရငွေများကို ရေတွက်နေပြီ ဖြစ်သည်။

အချို့က ဈေးသိမ်းနေကြ၏။

သို့သော်....

ရွှောင်ရှမ်းတာမူ ပစ္စည်းတစ်စုံတစ်ရာကိုမျှ အရောင်းမထွက်ခဲ့ပါ။

သူသည် မိမိ၏ အထည်များကိုကြည့်ကာ စိတ်ခေတ်ကျလာမိလေသည်။

ဈေးဝယ်သူများသည် သူ၏ အထည်များအား ကိုင်ရှုသာကိုင်ကြည့်ပြီး ဝယ်ယူခြင်းမပြုကြပါချေ။



ယခု...

သူ၏ဘေးမှ ဈေးသည်များပင် ဈေးသိမ်းကာ ပြန်သွားကြပြီ ဖြစ်၏။

သူကမူ ဈေးဝယ်သူအား စောင့်မျှော်နေဆဲပင်။

သို့သော်....

ဈေးထဲ၌ လူရှင်းပြီဖြစ်သောကြောင့် မိမိအထည်များကို စိတ်ပျက်စွာဖြင့် သိမ်းဆည်းလိုက်ရလေသည်။

ယင်းနောက်....

စိတ်ပျက်လက်ပျက်ဖြင့် အဝတ်ထုပ်ကိုထမ်းကာ ဈေးတန်းထဲမှ ထွက်ခွာခဲ့လေတော့သည်။

* * *

အကောင်းရှိလျှင် အညံ့ရှိမည်မှာ ဓမ္မတာပင်ဖြစ်၏။

အကောင်းဆုံး တည်းခိုခန်းရှိသကဲ့သို့ အညံ့ဆုံး တည်းခိုခန်းလည်း ရှိလေသည်။

အကောင်းဆုံး အစားအစာ ရှိသကဲ့သို့ အညံ့ဆုံး အစားအစာလည်း ရှိ၏။

ယခု...

ရှောင်ရှမ်းသည် တစ်ညတာ တည်းခိုရန်အတွက် အညံ့စား တည်းခိုခန်းတစ်ခုတွင် ဝင်ရောက်ငှားရမ်းလိုက်၏။

ညစာအဖြစ် အညံ့စား စားသောက်စရာများကို မှာယူလိုက်လေသည်။

ထို့ပြင်....

အညံ့ဆုံး အရက်တစ်အိုးပါ မှာယူလိုက်၏။

သို့သော်....

ဆိုင်လုလင်က သူ့အား အကောင်းဆုံးအရက်အိုးကို ယူလာလေသည်။

ရှောင်ရှမ်းက ပျာပျာသလဲ ငြင်းဆန်လိုက်၏။

'ဟေ့....ဟေ့၊ ငါမှာထားတာ ဒီအရက်မဟုတ်ဘူးကွ၊ မင်းနေရာမှားနေပြီထင်တယ်'

ဆိုင်လုလင်က ပြုံး၍ခေါင်းခါယမ်းလိုက်သည်။

'မဟုတ်ပါဘူး၊ ဒီနံပါတ်ခုနစ်စားပွဲကို ဒီအရက်ချပေးရမှာပါ'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

'မဖြစ်ဘူး၊ ငါဒီလောက်ဈေးမြင့်တဲ့အရက်ကို မသောက်နိုင်ပါဘူးကွာ'



ဆိုင်လုလင်က ပြုံးလိုက်သည်။

'ဒီအရက်ဖိုးက ငွေရှင်းပြီးသားပါ'

ရှောင်ရှမ်းက ထပ်မံခေါင်းခါယမ်းလိုက်ပြန်၏။

'ဟာ....ကျုပ်က အရက်ဖိုးငွေမရှင်းရသေးပါဘူး'

ဆိုင်လုလင်က မျက်နှာချင်းဆိုင် စားပွဲမှလူအား ညွှန်ပြလိုက်သည်။

'ဟိုစားပွဲက ဆရာကြီးက အစ်ကိုလေးအတွက် ငွေရှင်းပေးထားပါတယ်'

သူ၏စကားကြောင့် ရှောင်ရှမ်းက မျက်နှာချင်းဆိုင်စားပွဲမှ လူအား သတိပြုကာ ကြည့်လိုက်မိလေသည်။

ထိုလူသည် ခမောက်ဝိုင်းကြီးတစ်လုံးအား ခပ်ငိုက်ငိုက်ဆောင်းထားသဖြင့် မျက်နှာအား မမြင်တွေ့ရပါချေ။

သူက အကဲခတ်ကြည့်နေမိစဉ်....

ခမောက်ဆောင်းထားသောလူက လက်နှစ်ဖက်ဆုပ်ကာ....

'သုံးဆောင်ပါ၊ ရိုးသားတဲ့မိတ်ဆွေရဲ့စိတ်ဓာတ်ကို လေးစားလို့ ဒီအရက်နဲ့ ဂုဏ်ပြုပါရစေ'

သူ၏လေသံက တိုးညင်းလှပေသည်။

သို့သော်....

ရှောင်ရှမ်းက ပိပိပြင်ပြင် ကြားလိုက်ရ၏။

သူက ထိုလူ၏စားပွဲဆီသို့ ထသွားရန် ဟန်ပြင်လိုက်သည်။

ယင်းအချိန်မှာပင်....

ထိုလူက စားပွဲမှထကာ ဆိုင်ပြင်သို့ ခြေလှမ်းကျဲကျဲဖြင့် လှမ်းထွက်သွားလေသည်။

ရှောင်ရှမ်းက သူ့နောက်သို့ ကပျာကယာ ပြေးလိုက်သွား၏။

သို့သော်....

သူက ဆိုင်အပြင်သို့ ရောက်သောအခါ ခမောက်ဆောင်းထားသောလူ၏အရိပ်အယောင်ကိုပင်မမြင်တွေ့ရတော့ပါချေ။

ထို့ကြောင့်....

ရှောင်ရှမ်းက ခေါင်းတစ်ချက် ခါယမ်းလိုက်မိလေသည်။

သူက ဆိုင်ထဲသို့ ပြန်ဝင်လာကာ မိမိ၏စားပွဲတွင် ပြန်ထိုင်လိုက်လေသည်။

သူသည် အရက်အိုးကို စိုက်ကြည့်ကာ ထိုလူမှာ မည်သူမည်ဝါဖြစ်ကြောင်း တွေးနေမိ၏။

ထိုလူသည် မိမိ၏ရန်သူလော။

သို့မဟုတ်....



မိတ်ဆွေလော....

သူက မည်သို့မျှ မဝေခွဲနိုင်ခဲ့ပါချေ။

နောက်ဆုံးတွင်....

သူက သက်ပြင်းတစ်ချက်ကိုချကာ နောက်တစ်ကြိမ် ထိုလူနှင့် တွေ့ဆုံရပါက မည်သူမည်ဝါဖြစ်ကြောင်း သိအောင်ကြိုးစားမည်ဟု ဆုံးဖြတ်လိုက်လေတော့သည်။

* * *

စားပွဲပေါ်၌ ငွေစများစုပုံနေ၏။

စားပွဲ၏တစ်ဖက်တစ်ချက်၌ လူနှစ်ယောက်က မျက်နှာချင်းဆိုင်ကာ ထိုင်နေကြလေသည်။

တစ်ယောက်က အနီရောင်ပိုးပဝါကို ဦးခေါင်း၌ချည်ထား၏။

ကျန်တစ်ယောက်က ဦးခေါင်းအား အစိမ်းရောင်ပဝါဖြင့် ချည်နှောင်ထားလေသည်။

ထိုနှစ်ယောက်၏အလယ်၌ အရက်ခွက် ခြောက်ခွက်စီ၍ ချထား၏။

ယင်းအရက်ခြောက်ခွက်၌ အရက်တစ်ခွက်ကို အဆိပ်ခတ်ထားလေသည်။

စားပွဲကိုဝိုင်းပတ်၍ ရပ်တန့်ထားသော လောင်းကစားသမားများသည် ဆူညံစွာ အော်ဟစ်နေကြ၏။

ဤလောင်းကစားဝိုင်းသည် ရွှေနန်းတော်တွင် လူကြိုက်အများဆုံး လောင်းကစားဝိုင်းဖြစ်လေသည်။

ဤလောင်းကစားနည်းကို ကျင်းဖုန်းက တီထွင်ခဲ့ခြင်းဖြစ်လေသည်။

သို့သော်....

ဤလောင်းကစားနည်းသည် ရက်စက်ကြမ်းကြုတ်ပြီး လူမဆန်သော လောင်းကစားနည်း ဖြစ်လေသည်။

မည်သို့ဆိုစေ....

ဤလောင်းကစားနည်းတွင် မြို့ဝန်မင်းလီကွေ့ကိုယ်တိုင် ပါဝင်လောင်းကစားမည် မဟုတ်ပါလော။

* * *

ဦးခေါင်းတွင် ပဝါအနီ၊ အစိမ်းများ စည်းထားသော လူများသည် ကျင်းဖုန်း၏ အလုပ်သမားများ ဖြစ်ကြလေသည်။

ကျင်းဖုန်းက ထိုလူများအား ငွေဖြင့်ဝယ်ယူခဲ့၏။



တချို့လူများမှာ ကျင်းဖုန်း၏ ဩဇာအာဏာကို ဆန့်ကျင်သူများ ဖြစ်ကြလေသည်။

ကျင်းဖုန်းက ထိုလူများအား ဘိန်းကျွေးကာ စေခိုင်းသည့်အတိုင်း ပြုလုပ်စေ၏။

ယခုလည်း စားပွဲ၏တစ်ဖက်တချက်၌ လူနှစ်ယောက်ထိုင်နေ၏။

သူတို့၏အလယ်တွင် အရက်ခွက်ခြောက်ခွက် ရှိနေလေသည်။

ယင်းအရက်ခွက်ခြောက်ခွက်ထဲတွင် တစ်ခွက်ထဲ၌ပြင်းထန်သော အဆိပ် ခတ်ထားလေသည်။

ထိုအချိန်မှာပင်....

ဒိုင်လုပ်သူက လက်တစ်ချက်ဝှေ့ယမ်းကာ...

'ကဲ....စမယ်၊ လက်ရွေးကြပါ'

ဟု အော်လိုက်လေသည်။

ဦးခေါင်းတွင် ပဝါအနီစည်းထားသောလူက အရက်ခွက်ကို လှမ်းယူလိုက်လေသည်။

သူတို့သည် စီတန်းထားသော အရက်ခွက်ခြောက်ခွက်ကို တစ်လှည့်စီ သောက်ရမည်ဖြစ်၏။

ဤအရက်ခွက်ခြောက်ခွက်ထဲ၌ မည်သည့်ခွက်တွင် အဆိပ်ပါသည်ကို သူတို့ကမသိပါချေ။

သူတို့သိသည်မှာ မိမိ၏အလှည့်ပြီးလျှင် ဘိန်းကိုအားပါးတရ ရှူရှိုက်ခွင့်ရလိမ့်မည် ဖြစ်သည်။

ယခုလည်း သူတို့သည် ဘိန်းအနည်းငယ် မူးနေကြ၏။

လောင်းကစားသမားများသည် အရက်ခွက်ထဲ၌ အဆိပ်ပါသည် မပါသည်ကို လောင်းကြရမည် ဖြစ်လေသည်။

ဒိုင်လုပ်သူက....

'စသောက်'

သူ၏စကားဆုံးသည်နှင့် ပဝါအနီစည်းထားသောလူက အရက်ခွက်ကိုမော့ကာ သောက်ချလိုက်၏။

ထို့နောက်....

သူက အရက်ခွက်ကို ပြန်ချထားလိုက်လေသည်။

တစ်ခဏကြာသည့်တိုင်အောင် သူ၏ မည်သို့မျှမဖြစ်ခဲ့ပါ။

လောင်းကစားသူများ၏အသံက ဆူညံသွားလေသည်။

ဒိုင်လုပ်သူက အလျော်အစား ပြုလုပ်ပေးလိုက်၏။

အရက်ခွက်တွင် အဆိပ်ပါမည်ဟူသော လောင်းကစားကြေးများကို စားလိုက်လေသည်။



အဆိပ်မပါဟူသော လောင်းကြေးများကိုမူ လျော်လိုက်သည်။

ထိုလျော်လိုက်သော လောင်းကြေးများထဲမှ အကောက်ကို နှုတ်ယူထားလိုက်ပြီး ဖြစ်လေသည်။

ယခု...

ဦးခေါင်းတွင် ပဝါအစိမ်းချည်ထားသောလူ၏အလှည့်ဖြစ်လေသည်။

ဒိုင်လုပ်သူက အချက်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် ထိုလူက အရက်ခွက်ကိုကောက်ယူကာ မော့ချလိုက်သည်။

ဤတစ်ကြိမ်လည်း မည်သို့မျှ မထူးခြားပါ။

ဒိုင်လုပ်သူက အလျော်အစား ပြုလုပ်လိုက်လေတော့သည်။

* * *

ယခု...

စားပွဲပေါ်တွင် အရက်ခွက် လေးခွက်ကျန်နေ၏။

လောင်းကြေးများသည် စားပွဲပေါ်တွင် ပြန်လည်ရောက်ရှိလာကြပြီ ဖြစ်သည်။

အနီရောင်ပဝါ စည်းထားသောလူက ဒိုင်လုပ်သူ၏အမိန့်ပေးသံကို စောင့်စားနေလေသည်။

ဒိုင်လုပ်သူက အမိန့်ပေးလိုက်သည်နှင့် သူက အရက်ခွက်ကို ကောက်ကိုင်ကာ မော့ချလိုက်၏။

လောင်းကစားသမားများက ထိုလူအား မျက်တောင်မခတ် အကဲခတ်ကာ ကြည့်နေကြလေသည်။

ထိုလူက မည်သို့မျှ ထူးခြားမှုမရှိပါ။

လောင်းကစားဝိုင်း တစ်ခုလုံး ဆူညံသွားလေသည်။

ဒိုင်လုပ်သူက အလျော်အစားလုပ်ကာ အကောက်ကောက်လိုက်ပြန်၏။

ထို့နောက်....

ဒိုင်လုပ်သူက ဆူညံမှုကို တိတ်ရန် ပြောလိုက်သည်။

နောက်တစ်ပွဲပြန်စပြန်လေသည်။

အစိမ်းရောင်ပဝါစည်းထားသောလူက အရက်ခွက်ကိုလှမ်းယူကာ မော့လိုက်၏။

ယင်းသို့မော့လိုက်သည်နှင့်တစ်ပြိုက်နက် ထိုလူ၏ခန္ဓာကိုယ်တစ်ချက်တွန့်လိမ်ကာ လဲကျ သေဆုံးသွားလေသည်။

သူ၏ပါးစပ်၊ နှာခေါင်းနှင့် နားရွက်တို့မှ မည်းနက်သောသွေးများက ယိုစီးကျလာ၏။



ဒိုင်လုပ်သူက အလျော်အစားပြုလုပ်ပြီး၊ လက်ခုပ်တစ်ချက်တီးလိုက်၏။

'ဖြောင်း'

ထိုအခါ အနက်ရောင်ဝတ်ထားသော လူတစ်ယောက်က ဝင်ရောက်လာပြီး သေဆုံးသွားသော အစိမ်းရောင်ပဝါနှင့်လူအားလောင်းကစားဝိုင်းထဲမှ ဒယဥ့်တိုက်ဆွဲထုတ် သွားကြလေသည်။

ယင်းအချိန်....

'အင်း... ပြင်းလိုက်တဲ့အဆိပ်ပါလား'

ဤစကားကိုပြောလိုက်သူမှာ ခမောက်ဝိုင်းကြီးတစ်လုံးကို မျက်နှာဖုံးအောင် ဆောင်းထားသောလူတစ်ယောက်ဖြစ်လေသည်။

သူက ခေါင်းကိုဖြည်းညင်းစွာခါယမ်းပြီးနောက် လောင်းကစားခန်းမထဲမှ ထွက်ခွာသွားလေသည်။

ထိုလူ ထွက်ခွာသွားရာသို့ မျက်လုံးတစ်စုံက လိုက်ကြည့်နေ၏။

ယင်းမျက်လုံးများသည် လောင်းကစားခန်းနှင့် ဆက်နေသော သီးသန့်အခန်း၏ ကန့်လန့်ကာပါးနောက်မှစိုက်ကြည့်နေခြင်းဖြစ်သည်။

မျက်လုံးပိုင်ရှင်ကား လောင်းကစားခန်းကြီး၏ ပိုင်ရှ
ကျောင်းဖုန်းပင်ဖြစ်လေသည်။

သူယ ရုတ်တရက် ချာရဲလုထံသို့လှည့်ကြည့်လိုက်၏။

'ချာရဲလု....ခမောက်ဆောင်းထားတဲ့လူကဘယ်သူလဲ'

ချာရဲလုက ဦးညွှတ်လိုက်သည်။

'မကြာခင် သိစေရပါမယ်'

ပြောပြီး မိမိဘေးမှလူနှစ်ယောက်အား လှမ်းကြည့်လိုက်
သည်။

ထိုလူနှစ်ယောက်က ဦးညွှတ်ကာ ချက်ချင်းထွက်ခွာသွာ
လေတော့၏။

* * *

ခမောက်ဆောင်းထားသောလူသည် လမ်းကျဉ်းကလေးထဲ
သို့ ချိုးကွေ့လိုက်၏။

မကြာမီ....

ထိုလမ်းကျဉ်းကလေး၏ထိပ်၌ လူရိပ်နှစ်ရိပ် ပေါ်လာလေ
သည်။



ယင်းလူနှစ်ယောက်မှာ ချာရဲလု၏တပည့်များ ဖြစ်ကြ၏။
သူတို့၏ခန္ဓာကိုယ်ပေါ်တွင် အနက်ရောင် ဝတ်စုံကိုဝတ်
ထားပြီး မျက်နှာအား အနက်ရောင်ပဝါ စည်းထား၏။
ပဝါကြားမှ ထွက်ပေါ်နေသော မျက်လုံး နှစ်လုံးက
ခမောက်ဆောင်းထားသောလူနောက်သို့ ခြေလှမ်းမှန်မှန်ဖြင့်
လိုက်နေလေသည်။

ဝါးခမောက်နှင့်လူက ခြေလှမ်းမှန်မှန်ဖြင့် လျှောက်နေရာ
ရုတ်တရက် ဘယ်ဘက်လမ်းကြားရှိအိမ်ကလေးဘေးမှ လမ်း
ကြားထဲသို့ ပြေးဝင်သွား၏။

အနက်ရောင်ဝတ်စုံ ဝတ်ဆင်ထားသော လူနှစ်ယောက်က
တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ထိုလူနောက်သို့
ပြေးလိုက်သွားကြ၏။

ခမောက်ဆောင်းထားသောလူက ပြေးရင်းရှေ့တွင် ကာ
ထားသော အုတ်နံရံကို ခုန်ကျော်လိုက်လေသည်။

နောက်မှလိုက်လာသော လူနှစ်ယောက်ကလည်း အုတ်နံ
ရံကို ခုန်ကျော်လိုက်လေသည်။

'အား'

'အား'

ရုတ်တရက် စူးရှသော အော်ဟစ်သံများ ထွက်ပေါ်လာ
သည်။

ခမောက်ဆောင်းထားသောလူကမူ အုတ်နံရံ၌တွဲလောင်း ခိုထား၏။

ပြီးမှသူက မြေကြီးပေါ်သို့ သတိကြီးစွာဖြင့် ခုန်ဆင်း လိုက်သည်။

အုတ်နံရံ၏ ဤဘက်ပိုင်းတွင် ဝါးပင်များ ထူထပ်စွာ ပေါက်ရောက်လျက်ရှိလေသည်။

မြို့သူမြို့သားများသည် ဝါးပင်များကို ခုတ်လှဲ၍ယူဆောင် ကြသဖြင့် ဝါးငုတ်များသည် ဆောင်ချောက်များသဖွယ်ဖြစ် နေ၏။

ယင်းကြောင့်....

အလောတကြီးဖြင့် အုတ်နံရံကိုခုန်ကျော်ခဲ့သော ချာရဲလူ ၏ တပည့်နှစ်ယောက်မှာ ဝါးပင်ငုတ်များပေါ်သို့ ကျကာ သေဆုံးသွားကြပြီ ဖြစ်သည်။

ခမောက်ဆောင်းထားသောလူကမူ အုတ်နံရံကိုခုန်ကျော် စဉ် သတိဖြင့်ကျော်ခဲ့ပြီး အုတ်နံရံ၏တစ်ဖက်သို့ ခုန်မဆင်းဘဲ အုတ်နံရံအား တွဲခိုထားသောကြောင့် အသက်ချမ်းသာ ရခဲ့လေသည်။

သူသည် ထိုလူနှစ်ယောက်အနီးသို့လျှောက်သွားပြီး မျက် နှာပေါ်မှ အနက်ရောင် ဇာပဝါများအား ဖယ်ရှားကြည့် လိုက်၏။



ထို့နောက်....

သက်ပြင်းတစ်ချက် ချကာ ထိုနေရာမှ ထွက်ခွာသွားလေ တော့သည်။

* * *

ရှောင်ရှမ်းသည် စိတ်ရှုပ်ထွေးနေ၏။

သူသည် ခမောက်ဆောင်းထားသော လူ၏ အပြုအမူကို လုံးဝနားမလည်မိပါချေ။

ဤမြို့တွင် သူ၏အသိအကျွမ်းမရှိပါ။

တစ်ယောက်တော့ရှိသည်။

ထိုလူမှာ ကျင်းဖုန်းပင်ဖြစ်၏။

အကယ်၍ ခမောက်ဆောင်းထားသောလူမှာ ကျင်းဖုန်း ဖြစ်ခဲ့ပါလျှင် မိမိအား လိုက်လိုက်လှဲလှဲ ခေါ်မည်ဟုယုံကြည် လေသည်။

ရင်းပြင်....

ထိုလူ၏ခန္ဓာကိုယ်အချိုးအဆစ်မှာ ကျင်းဖုန်း၊ မဖြစ်နိုင်ပါ ချေ။

ဤသို့ဆိုလျှင် ခဲမောက်ဆောင်းထားသောလူသည် မည်သူဖြစ်မည်နည်း။

သူက မည်သို့မျှ မစဉ်းစားတတ်ပါ။

ယင်းအချိန်....

ခမောက်ဆောင်းထားသော လူက မိမိအားဝါရွက်စိမ်းနှင့်ချို့အရက်ကို စယ်တိုက်လေသည်။

အရက်ထဲ၌ ဆေးခတ်ထားခြင်းမရှိပါ။

ဤမျှ ဈေးကြီးသော ဝါးရွက်စိမ်းအရက်အား အင်မတန်ရင်းနှီးသော လူများကိုသာ တိုက်လေ့ရှိလေသည်။

သူက တွေဝေနေစဉ်....

ဆိုင်လုလင်က သူ့အနီးသို့ ရောက်ရှိသာ၏။

'အစ်ကိုလေးကို ခမောက်ဆောင်းထားတဲ့လူက စာပေးခိုင်းခဲ့တယ်'

ပြောပြီး စာတစ်စောင်လှမ်းပေးလေသည်။

သူက ထိုစာကိုယူ၍ ဖတ်ကြည့်လိုက်ရာ....

'ရွှောင်ရှမ်း....

မင်းရဲ့ပစ္စည်းတွေကို ဖေဖေ့ကုန်စုံဆိုင်က အကုန်ဝယ်လိမ့်မယ်'



ရွှောင်ရှမ်း မျက်မှောင်ကြုတ်လိုက်သည်။

သူက မယုံတစ်ဝက်ယုံတစ်ဝက်ဖြင့် ဖေဖေ့ကုန်စုံဆိုင်ဆီသို့ ထွက်ခွာခဲ့လေသည်။

ဖေဖေ့ကုန်စုံဆိုင်ပိုင်ရှင်သည် သူ့အားတွေ့မြင်လိုက်သည်နှင့် တစ်ပြိုင်နက် ရွှောင်ရှမ်းလာဒ်ယူခဲ့သော ပစ္စည်းများအားလုံး ဝယ်ယူထားလိုက်လေသည်။

ရွှောင်ရှမ်းက ဝမ်းသာလွန်းသဖြင့် အကြိမ်ကြိမ် ကျေးဇူးတင်စကားပြောသော ထိုကုန်စုံဆိုင်မှပစ္စည်းများအချို့ကို ပြန်လည် ဝယ်ယူလိုက်၏။

ဖေဖေ့ကုန်စုံဆိုင်ပိုင်ရှင်က လျှော်ထည်များကို ယခုထက်ပို၍ ချောမောအောင် ပြုလုပ်နည်းကို အကြံပေးလိုက်လေသည်။

ရွှောင်ရှမ်းက ဝမ်းသာအားရဖြစ်လွန်း၍ ဖူရန်းသို့ ပြန်လိုသော ဆန္ဒစောလာသဖြင့် ကုန်ပစ္စည်းများ ထည့်ထားသော အထုပ်ကိုထမ်းကာ ဆိုင်အပြင်သို့ထွက်ခဲ့လေသည်။

ယင်းအချိန်....

ဝေါ်ယာဉ်တစ်ခုက လမ်းမကြီးပေါ်မှ ဖြတ်ထန်းသွားသည်ကို တွေ့မြင်လိုက်ရလေသည်။

ဝေါယာဉ်၏ လေးဖက်လေးတန်တွင် အလွန်လှပသော မီးပုံးလေးများ ချိတ်ဆွဲထားသောကြောင့် ဝေါယာဉ်ထဲမှ လူကို လှမ်းမြင်တွေ့လိုက်ရ၏။

ပိုးထည်အဖြူရောင်ကို သပ်ရပ်စွာ ဝတ်ဆင်ထားသော ကျင်းဖုန်းပင် ဖြစ်လေသည်။

ကျင်းဖုန်းက လူလေးယောက်၏ ပခုံးထက်မှ ဝေါယာဉ်ပေါ်တွင်ထိုင်လျက် လက်ထဲမှ သစ်မွှေးယပ်တောင်ကိုခတ်ရင်း လိုက်ပါသွား၏။

ရှောင်ရှမ်းက အလွန်ချောမော ခံ့ညားနေသော ကျင်းဖုန်းအားကြည့်ကာ လှမ်းခေါ်ရန် ဟန်ပြင်ပြီးမှ စိတ်ပြောင်းသွားသဖြင့် မခေါ်တော့ပါ။

သူက ကျင်းဖုန်းလိုက်ပါသွားသော ဝေါယာဉ်အား ငေးစိုက်ကာကြည့်ရင်း ခေါင်းခါယမ်းလိုက်လေသည်။

ယင်းအချိန်...

ကုန်စုံဆိုင်ပိုင်ရှင်ကထွက်လာပြီး အသံတိုးတိုးဖြင့်...

'အဲဒီလူက ဒီမြို့က သခင်ကြီးကျင်းဖုန်းလေ၊ ရုပ်ကလေးက ချောသလောက် ရက်စက်ကြမ်းကြုတ်တာမှ ပြောမနေပါနဲ့တော့၊ ဒါ....သူစီးနေကျဝေါယာဉ်လေ၊ တောင်ကြားမြို့မှာ ဒီလိုဝေါယာဉ်မျိုး ဒီတစ်ခုပဲရှိတယ်'

'ဪ....ဟုတ်လား'



'ဒါနဲ့ မင်းကဒီလူကိုကြည့်နေတာ သိလို့လား'

ရှောင်ရှမ်းက ခေါင်းတွင်တွင် ခါယမ်းလိုက်၏။

'ဟာ... ကျွန်တော်သူနဲ့မသိပါဘူး၊ ဝေါယာဉ်လေးက သိပ်လှပြီး ထူးခြားလွန်းလို့ ကြည့်နေမိတာပါ'

ထိုအချိန်....

ကျင်းဖုန်းလိုက်ပါသွားသော ဝေါယာဉ်သည် အတန်ဝေးဝေးသို့ ရောက်ရှိသွားပြီ ဖြစ်လေသည်။

သူက ဝေါယာဉ်အား တစ်ချက်ကြည့်ကာ ဆန့်ကျင်ဘက်၏ အရပ်ဆီသို့ ထွက်ခွာခဲ့လေသည်။

ယင်းအချိန်....

မှောင်ရိပ်အကွယ်မှ လူတစ်ယောက် ထွက်ပေါ်လာကာ ရှောင်ရှမ်းနှင့်ကျင်းဖုန်းတို့အား တစ်လှည့်စီကြည့်လိုက်သည်။

ထို့နောက်....

ရှောင်ရှမ်းထွက်ခွာလာသော ကုန်စုံဆိုင်သို့ ဝင်ရောက်သွား၏။

ယင်းလူသည် တခြားလူမဟုတ်ပါ။

ခမောက်ကို မျက်နှာဖုံးအောင် ဆောင်းထားသောလူပင် ဖြစ်လေတော့၏။

* * *

နံနက်....

အရုဏ်ဦးအချိန်ဖြစ်သည်။

ရွှေဝင်ရှမ်းသည် နံနက်စောစော ထကာ တည်းခိုခန်းမှ ထွက်ခဲ့လေသည်။

သူက မြင်းလှည်းပေါ်ရှိ စားသောက်ကုန်များနှင့် ငွေများကိုကြည့်ကာ ရင်ထဲတွင် ကြည်နူးနေမိ၏။

သူသည် မြင်းလှည်းကို ညင်သာစွာ မောင်းနှင်ထွက်ကာ တောင်ကြားမြို့မှ ထွက်ခွာလာခဲ့လေသည်။

သူက တောင်းကြားမြို့နှင့် အတန်ဝေးသော နေရာသို့ ရောက်သောအခါ သစ်ပင်အောက်၌ မြင်းတစ်ကောင်နှင့် လူတစ်ယောက် ရှိနေသည်ကို တွေ့မြင်လိုက်ရ၏။

ခမောက်ဆောင်းထားသော လူဖြစ်သည်။

သူသည် သစ်ပင်အောက်၌ သက်သောင့်သက်သာ ရပ်နေ၏။



ရွှေဝင်ရှမ်းက မြင်းလှည်းကိုရပ်တန့်ကာထိုလူအားအကဲခတ်ကြည့်လိုက်သည်။

ခမောက် ဆောင်းထားသောလူသည် မိမိအား စောင့်နေဟန်တူ၏။

ယင်းအချိန်....

ခမောက်ဆောင်းထားသောလူက အပျင်း တစ်ချက် ဆန့်လိုက်ပြီး....

'ကျုပ် စောင့်နေတာအတော်ကြာသွားပြီ'

ဟု ပြောကာ ရွှေဝင်ရှမ်းထံသို့ လျှောက်လာလေသည်။

ရွှေဝင်ရှမ်းက သူ့အား စူးစူးစိုက်စိုက် အကဲခတ်ကြည့်နေသော်လည်း မျက်နှာအား ခမောက်က ဖုံးအုပ်ထားသဖြင့် မမြင်တွေ့ရပါချေ။

ခမောက်ဆောင်းထားသောလူက ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး....

'တကယ် အံ့သြစရာပဲဗျာ'

ရွှေဝင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာကိုလဲ'

ခမောက်ဆောင်းထားသောလူက...

'သိုင်းလောကမှာ ရှောင်ရှမ်းနဲ့ ကျင်းဖုန်း ဆိုတဲ့ လူနှစ်ယောက်က အတူရှိမနေကြတော့ပါလား'

ရှောင်ရှမ်းက သူ၏စကားကြောင့် မျက်မှောင်ကြုတ်လိုက်မိသည်။

'ခင်ဗျား ဘယ်သူလဲ'

ခမောက်ဆောင်းထားသောလူက ရယ်မောလိုက်သည်။

'အဟင်း....ဟင်း၊ ကျုပ်ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ မင်းနဲ့သူ လမ်းခွဲလိုက်တာ အကောင်းဆုံးပဲ သိလား'

ရှောင်ရှမ်းက သူ့အား စိုက်ကြည့်လိုက်၏။

'ဒါက ခင်ဗျားနဲ့ မဆိုင်တဲ့ကိစ္စလို့ထင်ပါတယ်'

ခမောက်ဆောင်းထားသော လူက ခေါင်းညိတ်လိုက်သည်။

'ဟုတ်ပါတယ်၊ ဒါပေမယ့် ကျုပ်က ခင်ဗျား အခုလို ဖူရန်းမှာ ပင်ပင်ပန်းပန်း လုပ်နေတာကို မကြည့်ရက်ပါဘူး'

ရှောင်ရှမ်းက မဲ့ပြုံးပြုံးလိုက်၏။

'ဒါပေမယ့် ကျုပ်က အဲဒီလို လုပ်ရတာကို ကျေနပ်တယ်'

ခမောက်နှင့်လူက သက်ပြင်းတစ်ချက် ချလိုက်သည်။



'အင်း....ခင်ဗျားရဲ့ သိုင်းပညာအဆင့်နဲ့ဆိုရင် အခုလောက် ပင်ပင်ပန်းပန်းမလုပ်ဘဲ ငွေခြောက်ထောင်လောက်ကို ခဏလေးနဲ့ ရနိုင်တယ်'

ရှောင်ရှမ်းက မျက်ခုံးပင့်ကာ ကြည့်လိုက်သည်။

'ခင်ဗျား ဘာကိုဆိုလိုတာလဲ'

ခမောက်နှင့်လူက မျက်မှောင်ကြုတ်လိုက်၏။

'ခင်ဗျားကသာ ကျင်းဖုန်းနဲ့ သိုင်းပညာ ပြိုင်မယ်ဆိုရင်'

သူ၏စကားမဆုံးမီ ရှောင်ရှမ်းက ကြားဖြတ် ပြောလိုက်၏။

'ခင်ဗျား စကားကိုရှင်းရှင်းပြောပါ၊ ကျုပ်နဲ့ ကျင်းဖုန်းက သိုင်းပညာယှဉ်ပြိုင်စရာအကြောင်းမရှိပါဘူး'

ခမောက်နှင့်လူက ရယ်မောကာ အင်္ကျီထဲမှ စာရွက်တစ်ရွက်ထုတ်၍ ပြလိုက်သည်။

ကျင်းဖုန်းအား အသေရရ အရှင်ရရ ဖမ်းဆီးပေးပါက ဆုငွေခြောက်ထောင် ပေးမည်ဟု ရေးသားထား၏။

ထို့ပြင်....

စာရွက်ပေါ်၌ ကျင်းဖုန်း၏ရုပ်ပုံ ရေးဆွဲထားလေသည်။

ရှောင်ရှမ်းက ထိုစာရွက်ကို မြင်းလှည်းပေါ်မှ လှမ်း၍ လှယူလိုက်၏။

သို့သော်....

ခမောက်နှင့်လူက ဤသို့ ဖြစ်မည်ကို ကြိုတင်သိရှိထားသည့်အလား၊ စာရွက်ကိုခေါက်ကာ အင်္ကျီအိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

သူက ရယ်မောလိုက်ပြီး....

'ရွှောင်ရှမ်း၊ ငွေခြောက်ထောင်ဆိုတာ မနည်းဘူးနော်၊ ဖူရန်းရွာလေးတစ်ရွာလုံးကို ပြုပြင်ပြောင်းလဲနိုင်တယ်'

မှန်ပါသည်။

ဤငွေကြေးအင်အားသည် ဖူရန်းရွာကလေးကို ပြောင်းလဲနိုင်စေမည်မှာ အမှန်ပင် ဖြစ်လေသည်။

ရွှောင်ရှမ်းက အနည်းငယ် တွေဝေသွားလေသည်။

သို့သော်....

သူက ခေါင်းသွင်သွင်ခါယမ်းလိုက်၏။

'ဒါပေမယ့် ရွှောင်ရှမ်းက ကျုပ်သူငယ်ချင်းပါ'

'မင်းသူငယ်ချင်းကို ဆုငွေထုတ်ထားတာပဲ'

'ကျုပ်သူငယ်ချင်းကို ခြောက်ထောင်မပြောနဲ့ ခြောက်သောင်းပေးရင်တောင်မှ ရောင်းမစားနိုင်ဘူး'

ခမောက်နှင့်လူက ရယ်မောလိုက်သည်။



ရွှောင်ရှမ်းက မြင်းလှည်းကို မောင်းနှင်ကာ ထွက်ခွာခဲ့၏။

ခမောက်နှင့်လူက မိမိမြင်းပေါ်သို့တက်ကာ မြင်းကို မြင်းလှည်းဘေးမှ ယှဉ်၍ လိုက်ပါလာလေသည်။

'ကျင်းဖုန်းဟာ လူထုအတွက် အန္တရာယ်ကောင်နော်'

ရွှောင်ရှမ်းက ခေါင်းညိတ်လိုက်၏။

'မှန်ပါတယ်'

ခမောက်နှင့်လူက....

'ဒါဖြင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် သူ့ကိုဖမ်းရမှာပေါ့'

ရွှောင်ရှမ်းက ပခုံးတစ်ချက်တွန့်လိုက်၏။

'ဒါက နေပြည်တော်က အမှုထမ်းတွေအလုပ်ပါ'

ခမောက်နှင့်လူက....

'အချို့ မင်းမှုထမ်းတွေက ဝတ်ကျေတန်းကျေပဲ လုပ်ကြတယ်လေ၊ အထူးသဖြင့် ဒီလိုမင်းအာဏာစက်နဲ့ ဝေးကွာတဲ့ နေရာမျိုးမှာဆိုရင် မြို့ဝန်မင်းကိုယ်တိုင်က မတရားမှုတွေလုပ်နေတယ်လေ'

ရွှောင်ရှမ်းက ခေါင်းခါယမ်းလိုက်သည်။

'ဒါကို နေပြည်တော်က အထောက်တော်တွေက ဖော်ထုတ်ဖို့ခွင့်ပေးမှာပေါ့'

ခမောက်နှင့်လူက ရယ်မောလိုက်၏။

'ဒုစရိုက်မှုကို ဖြိုခွင်းတဲ့နေရာမှာ အဖြူရောင်သိုင်းသမားနဲ့ ပြည်သူလူထုကလဲ ကူညီရမှာပေါ့'

ရှောင်ရှမ်းက ပါးစပ်ပိတ်ထားလိုက်သည်။

ခမောက်နှင့်လူက စကားဆက်လိုက်၏။

'မင်းက အခု ဖူရန်းမှာရှာသူကြီး မဟုတ်လား၊ ဒါဆိုရင် မင်းလဲ မင်းမှုထမ်းတစ်ယောက်ဖြစ်နေပြီ'

ရှောင်ရှမ်းက ပါးစပ်ပိတ်ထားဆဲပင်။

သူသည် ပြောရန်စကားလည်း ရှာမတွေ့ပါ။

ထို့ကြောင့်....

မြင်းလှည်းကို အမြန်ဆုံးမောင်းနှင်လိုက်၏။

ခမောက်နှင့်လူ၏ ရယ်မောသံက သူ၏နောက်မှ လွင့်ပျံ့လာလေတော့သည်။

'ဟား... ဟား... ဟား'



ရှောင်ရှမ်းသည် မြင်းလှည်းကို အမြန်ဆုံးမောင်းနှင်လာ၏။

ယင်းအချိန်....

အဝေးမှပင် ရှင်ချိန်ရီက ခုန်ပေါက်၍ လက်ဝှေ့ယမ်းပြနေသည်ကို တွေ့မြင်လိုက်ရလေသည်။

သူမသည် ရှောင်ရှမ်းအား နေ့စဉ်ရက်ဆက် ယခုကဲ့သို့ ရွာထိပ်မှ စောင့်မျှော်နေခြင်း ဖြစ်လေသည်။

ရှောင်ရှမ်းက သူမအား တွေ့မြင်လိုက်သဖြင့် မြင်းလှည်း အရှိန်ကို ပို၍မြှင့်တင်ကာ မောင်းနှင်လာ၏။

'အစ်ကို'

ရှင်ချိန်ရီက အော်ဟစ်ရင်း သူ့ထံသို့ ပြေးလွှားလာလေသည်။

ရှောင်ရှမ်းက မြင်းလှည်းပေါ်မှ ခုန်ဆင်းကာ ဆီးကြို၍ မွေ့ဖက်ထားလိုက်၏။

'ရှင်ချိန်ရီရယ်'

ရှင်ချိန်ရီက သူ့အား မော့ကြည့်ကာ....

'အစ်ကိုရယ်၊ ညီမအစ်ကို့ကို သိပ်သတိရတာပဲသိလား'

ရှောင်ရှမ်းကပြုံးကာ သူမအား ပို၍တင်းကျပ်စွာ ဖက်ထားလိုက်မိ၏။

အချိန်မည်မျှ ကြာသွားမှန်း မသိပါ။

ရုတ်တရက်....

ရှောင်ရှမ်း၏နားထဲသို့ ခြေဖော့နင်းကာ လျှောက်လာနေသော အသံကိုကြားလိုက်ရလေသည်။

သူက ရှင်ချိန်ရီအား အသာအယာဆွဲဖယ်ကာ လမ်းလျှောက်ဝဲယာသို့ ကြည့်လိုက်လေသည်။

မည်သည့်လှုပ်ရှားမှုကိုမျှ မကြားရပါချေ။

ရှင်ချိန်ရီက ပြောင်းလဲသွားကာ ရှောင်ရှမ်းအား ကြည့်ကာ အံ့သြဟန်ဖြင့်....

'အစ်ကို ဘာ'

ရှောင်ရှမ်းက နှုတ်ခမ်းပေါ်သို့ လက်ညှိုးကိုဖြတ်တင်ကာ....

'ရှူး....တိုးတိုး'

သူက အတန်ကြာအောင် နားစွင့်နေ၏။

သို့သော်....

မည်သည့်လှုပ်ရှားမှုကိုမျှ မကြားရတော့ပါချေ။

သူက သက်ပြင်းတစ်ချက်ချကာ....

'ညီမ ဘယ်အချိန်က စောင့်နေတာလဲ'

ရှင်ချိန်ရီက သူ၏ လက်မောင်းကိုတွဲခိုကာ....



'ဟိုး ဈေးက နေမင်းကြီးမထွက်ခင်ကတည်းက စောင့်နေတာ'

ရှောင်ရှမ်းက သူမအား စိုးရိမ်စွာ ကြည့်လိုက်၏။

'နောက်ဆိုရင် ရှာထိပ်ကမစောင့်နဲ့၊ အိမ်ကပဲစောင့်နေ'

ရှင်ချိန်ရီက ပြုံး၍ ခေါင်းညိတ်ပြလိုက်သည်။

ရှောင်ရှမ်းက သူမ၏ခါးမှပွေ့ချီကာ မြင်းလှည်းပေါ်သို့ တင်လိုက်၏။

ရုတ်တရက်....

သူက ရှင်ချိန်ရီ၏ခြေထောက်မှ အမှတ်ကလေးကိုတွေ့လိုက်ရလေသည်။

'ရွှေနန်းတော်'

ဟူသော စာလုံးသုံးလုံးပင်ဖြစ်၏။

သူက ယင်းစာလုံးသုံးလုံးကို တောင်ကြားမြို့တွင် တွေ့မြင်ခဲ့ရလေသည်။

သို့သော်....

ယင်းစာလုံးသုံးလုံးအား ခြေထောက်တွင်ရေးထိုးထားခြင်း မဟုတ်ပါ။

ခမ်းနားသော စားသောက်ဆိုင်တစ်ဆိုင်၏ နဖူးစည်း၌ ရွှေရောင်ဖြင့် ရေးထိုးထားခြင်း ဖြစ်လေသည်။

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ချကာ မြင်းလှည်းပေါ်သို့ တက်၍ ရွာထဲသို့ မောင်းဝင်ခဲ့လေသည်။

ထိုအချိန်....

လမ်းဘေးရှိ ချုံနွယ်များကြားမှ ခမောက်ဆောင်းထားသော လူတစ်ယောက်က ထွက်ပေါ်လာလေသည်။

သူက မြင်းလှည်းပျောက်ကွယ်သွားသည်အထိ ကြည့်ကာ ပြုံးလိုက်၏။

အလွန်ကျေနပ်သောအပြုံးမျိုး ဖြစ်သည်။

'ရှောင်ရှမ်း၊ မင်းက ဆုငွေခြောက်ထောင်ကို သေချာပေါက် ထုတ်ယူစေရမယ်'

ဟု တီးတိုးရေရွတ်လိုက်လေတော့သည်။

* * *

စတေးခံသောအသက်များ

---

ယခင်က တောင်ကြားမြို့သည် ဝမ်းကျုံးစန်း၊ ချာရဲလုနှင့် မြို့ဝန်မင်း လီကွေ့တို့၏ ထိန်းချုပ်မှုအောက်တွင် ရှိလေသည်။

သူတို့သုံးယောက်က တစ်ဦးနှင့်တစ်ဦး အပေးအယူမျှတစွာ နေထိုင်ခဲ့ကြ၏။

မြို့ဝန်မင်း လီကွေ့သည် ဝမ်းကျုံးစန်းနှင့် ချာရဲလုတို့ထံမှ အခွန်ငွေများ အဆမတန်ရနေသဖြင့် ဝမ်းကျုံးစန်းနှင့် ချာရဲလုတို့၏ လုပ်ရပ်များကို ပါးစပ်ပိတ် နားပိတ်ထားခဲ့လေသည်။

ဝမ်းကျုံးစန်း၏ အခက်အခဲကို ချာရဲလုက ဖြေရှင်းပေးခဲ့၏။

ထို့အတူ....

ချာရဲလု၏ အခက်အခဲကိုလည်း ဝမ်းကျုံးစန်းက ဖြေရှင်းပေးခဲ့လေသည်။

သို့သော်....

ကျင်းဖုန်းတာ တောင်ကြားမြို့၏ အရှင်သခင် ဖြစ်လာသောအခါတွင်မူ မြို့ဝန်မင်းလီနှင့် ချာရဲလုတို့မှာ အခြေအနေမဟန်တော့ပါ။

ကျင်းဖုန်းသည် သူတို့နှစ်ယောက်အား ထိန်းချုပ်ထားခဲ့လေသည်။

ချာရဲလုနှင့် မြို့ဝန်မင်းလီက ကျင်းဖုန်း၏ လက်အောက်ခံဘဝသို့ ရောက်ရှိနေခဲ့ပြီ ဖြစ်သည်။

ချာရဲလုက မကျေနပ်သဖြင့် ကျင်းဖုန်းအား အကြိမ်ကြိမ်လုပ်ကြံခဲ့၏။

သို့သော်....

မအောင်မြင်ခဲ့ပါချေ။

မြို့ဝန်မင်းလီကလည်း ကျင်းဖုန်းအား ထောင်ချောက်အမျိုးမျိုး ဆင်ကာ ဖမ်းဆီးရန်ကြံစားခဲ့သော်လည်း နောက်ဆုံးတွင် သူပါဒုက္ခရောက်ရမည့်အဖြစ်သို့ ရောက်ရှိနေသဖြင့် လက်လျှော့ခဲ့ရလေသည်။



ထို့ကြောင့်....

ယခုတောင်ကြားမြို့ကလေးတွင် ကျင်းဖုန်း၏ သြဇာအာဏာသည် မြို့ဝန်မင်းလီနှင့် ချာရဲလုတို့ထက်ပင် ထက်မြက်နေလေတော့သည်။

* * *

## မျက်ခုံးမွေးဆေးခုနှင့်လူ

ညဉ့်နက်လှပြီဖြစ်၏။

သို့သော်....

ရွှေနန်းတော်မှ မီးပုံးအိမ်များသည် ထွန်းလင်းလျက်ရှိလေသည်။

ခမောက်နှင့်လူက နဖူးစည်းမှစာတန်းကို တစ်ချက်မော့ကြည့်ကာ ဆိုင်ထဲသို့ လှမ်းဝင်လိုက်၏။

ညီကြိုမျှားကသူ့အား တစ်ချက်ကြည့်ရင်း နှာခေါင်းရှုံ့လိုက်သည်။

အကြောင်းကား....

ခမောက်နှင့်လူ၏ အဝတ်အစားများသည် သပ်ရပ်တောက်ပခြင်းမရှိပါ။



သို့သော်....

ညီကြိုမျှား၏မျက်နှာများသည်ချက်ချင်းဟန်မူရာပြောင်းလဲကာ ခမောက်ဆောင်းထားသောလူအား ပျူငှာစွာကြိုဆိုကြလေသည်။

အကြောင်းကား....

ခမောက်နှင့်လူက ဆိုင်ထဲသို့ရောက်ရှိလာသည်နှင့် တစ်ပြိုင်နက် အိတ်ထဲမှငွေစအချို့ကို ထုတ်ယူကာညီကြိုမျှားမြင်သာအောင် ရေတွက်လိုက်သည် မဟုတ်ပါလော။

သူက ညီကြိုမျှား၏ ပြောင်းလဲသွားသော မျက်နှာမူရာအား ကြည့်ကာ ပခုံးတစ်ချက်တွန့်၍ ဆိုင်ထဲသို့ဝင်ရောက်သွားပြီး မိန်းမထိန်း အမျိုးသမီးထံသို့ တန်းတန်းမတ်မတ်လျှောက်သွားလေတော့သည်။

* * *

'ပိုလိန်ရှိသလား'

'မရှိဘူး'

မိန်းခထိန်း၏အသံက အေးစက်တင်းမာလှပေသည်။

ခမောက်ဆောင်းထားသောလူက သူမ၏လက်ထဲသို့ ငွေစတစ်စ ထည့်ပေးလိုက်လေသည်။

'ပိုလိန် ဘယ်မှာလဲ'

မိန်းမထိန်းက ပါးစပ်ပိတ်ထားလိုက်၏။

ခမောက်နှင့်လူက နောက်ထပ်ငွေစတစ်စကို သူမလက်ထဲသို့ ထည့်ပေးလိုက်လေသည်။

'ပိုလိန်ဘယ်မှာလဲ'

မိန်းမထိန်းက ပါးစပ်ပိတ်ထားလိုက်၏။

ခမောက်နှင့်လူက နောက်ထပ်ငွေစတစ်စကိုသူမလက်ထဲသို့ ထည့်ပေးလိုက်ပြန်၏။

'ပိုလိန်ဘယ်မှာရှိလဲ'

မိန်းမထိန်း၏ နှုတ်ခမ်းက အနည်းငယ်လှုပ်လာလေသည်၊

သို့သော်....

အသံထွက်မလာပါချေ။

ခမောက်နှင့်လူက ငွေစတစ်စထပ်ထည့် ပေးလိုက်ပြန်၏၊

မိန်းမထိန်း၏ မျက်နှာပေါ်တွင် အပြုံးတစ်ချက် ထွက်ပေါ်လာလေသည်။

သူမ၏နှုတ်ခမ်းက တစ်ချက်လှုပ်ရှားသွားလေသည်၊

'အင်း....ပိုလိန်ကို သဘောကျတဲ့လူတွေ သိပ်များလှပါလား'



ခမောက်နှင့်လူက....

'သူ ဘယ်မှာရှိလဲ'

မိန်းမထိန်းက လက်ဝါးဖြန့်လိုက်သည်။

'ရှင် ပိုလိန်ကိုရဖို့မလွယ်ဘူးနော်'

ခမောက်နှင့်လူကသူမ၏ဖြန့်ထားသော လက်ထဲသို့ ငွေစတစ်စ ထပ်မံထည့်ပေးလိုက်ပြန်လေသည်။

မိန်းမထိန်းက ငွေစများကို သိမ်းဆည်းလိုက်ပြီး မျက်လုံးများကို ခမောက်နှင့်လူက သူမမျက်လုံး ရွေ့လျားရာသို့ လိုက်လုံကြည့်လိုက်သည်။

အပေါ်ထပ်မှ အခန်းတစ်ခန်းဖြစ်သည်။

ထူးခြားချက်ကား....

ထိုအခန်းရှေ့၌ ထွားကျိုင်းသန်မာသော အစောင့်နှစ်ယောက် ရှိနေခြင်းပင် ဖြစ်လေတော့သည်။

* * *

အစောင့်တစ်ယောက်က ခမောက်နှင့်လူ၏ ရင်ဘတ်အား တွန်းလိုက်လေသည်။

ခမောက်နှင့်လူက ခြေတင်လှမ်း ဆုတ်သွားရ၏။

သူက တစ်ချက်ရယ်မောလိုက်သည်။

'ကျောင်းဖုန်းရှိတယ်မဟုတ်လား'

အစောင့်က စကားမပြောပါ။

ခမောက်နှင့်လူက တစ်ချက်ရယ်မောကာရှေ့သို့ တိုးလိုက်လေသည်။

အစောင့်နှစ်ယောက်က တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သူ့နားသို့တိုးကပ်လိုက်လေသည်။

သူတို့က ခမောက်နှင့်လူအား တစ်ဖက်တစ်ချက်စီမှချုပ်ကိုင်ကာ လှေကားဆီသို့ ခေါ်ဆောင်သွား၏။

လှေကားထိပ်သို့ရောက်သောအခါ သူတို့သည် ခမောက်နှင့်လူအား လှေကားထိပ်မှ တွန်းချလိုက်လေသည်။

သို့သော်...

ရုတ်တရက် အစောင့်နှစ်ယောက်၏မျက်နှာပေါ်တွင် မယုံကြည်နိုင်သောဟန်မူရာများပေါ်လွင်လာ၏။

သူတို့နှစ်ယောက်၏ခန္ဓာကိုယ်က လေထဲသို့ မြောက်တက်ကာ လှေကားထိပ်မှလွင့်စဉ်၍ လှေကားရင်းသို့ ရောက်ရှိသွားလေသည်။

သူတို့နှင်ယောက်၏ခန္ဓာကိုယ်နှင့် ကြမ်းပြင်တို့ထိတွေ့လိုက်သည့်အသံများက ကျယ်လောင်စွာ ထွက်ပေါ်လာလေသည်။



'ဝုန်း'

'ဝုန်း'

ယင်းအသံများကြောင့် စားသောက်ဆိုင်ထဲမှ လူများသည် လှေကားရင်းသို့ စုပြုံကာရောက်လာကြလေသည်။

ချာရဲလုံကလည်း မိမိ၏သီးသန့်ခန်းထဲမှ ထွက်လာခဲ့လေသည်။

သူက လှေကားရင်းတွင် လဲကျနေသော အစောင့်များထံသို့ ပြေးသွား၏။

ယင်းနောက်...

အစောင့်နှစ်ယောက်အားစမ်းသပ်ကြည့်လိုက်၏။

အစောင့်များမှာ ဇက်ကျိုးကာ သေဆုံးနေပြီ ဖြစ်သည်။

သူက သက်ပြင်းတစ်ချက်ချကာ လှေကားပေါ်သို့ မော့ကြည့်လိုက်၏။

ယင်းအချိန်....

လှေကားပေါ်မှလူက ခမောက်ကို ဖြည်းညင်းစွာ ဆွဲချွတ်လိုက်လေသည်။

ထိုအခါ....

ယောကျ်ားပီသသောမျက်နှာပေါ်တွင် ထူထဲသော နှုတ်ခမ်းမွေးနှင့် ထူထဲသောမျက်ခုံးမွေးများကို ထင်ရှားစွာ တွေ့မြင်လိုက်ရ၏။

သူက အိတ်ထဲမှဆေးတံကိုထုတ်ယူကာ ဆေးတံထဲသို့ဆေးတစ်ဆုံထည့်လိုက်လေသည်။

ထို့နောက်....

အေးဆေးစွာပင် ဆေးတံကို မီးညှိ၍ဖွာရှိုက်လိုက်၏။

ချာရဲလုက ထိုလူအား တွေ့မြင်လိုက်သည်နှင့် လက်ဖျားခြေဖျားများ အေးစက်လာကာ....

'မျက်ခုံးမွေး လေးခုနဲ့လူ'

ဟု အထိတ်တလန့် ရေရွတ်လိုက်မိလေတော့သည်။

* * *

ချာရဲလု....

ချာရဲလုသည် ကျောင်းဖုန်းအား တီးတိုးပြောလိုက်၏။

ကျောင်းဖုန်း၏မျက်နှာတစ်ခုလုံး အေးစက်တင်းမာလာလေသည်။



သူက ပြုံး၍ခေါင်းညိတ်ပြလိုက်၏။

ချာရဲလုက ဦးညွှတ်ကာ ကျောင်းဖုန်းအနီးမှ ထွက်ခွာသွားသည်။

သူက ထွက်ခွာသွားကာနီးအချိန်၌ ကျောင်းဖုန်း၏ နားအနီးသို့ကပ်ကာ....

'သတိတော့ထားပါ'

ကျောင်းဖုန်းက ပြုံးလိုက်၏။

'စိတ်ချပါ၊ သူ့ကို အထဲလွှတ်လိုက်ပါ'

ချာရဲလုက ခေါင်းညိတ်ပြကာအခန်းထဲမှ လှမ်းထွက်သွားလေတော့သည်။

* * *

စားပွဲပေါ်၌ စားသောက်စရာများဖြင့် ပြည့်နှက်နေ၏။

ရွှေနန်းတော် စားသောက်ဆိုင်မှ ဈေး အကြီးဆုံးနှင့် အကောင်းဆုံးသော အစားအစာများပင် ဖြစ်လေသည်။

ကျောင်းဖုန်းက ဟင်းခွက်ထဲမှဟင်းများကို တစ်ခွက်ပြီးတစ်ခွက် နှိုက်ယူကာ စားပြလိုက်လေသည်။

သူက မည်သည့်ခွက်ထဲတွင်မှ အဆိပ် မခတ်ထားကြောင်း မျက်ခုံးမွှေးလေးခုနှင့်လူအား သိစေရန်ဖြစ်၏။

သူက မျက်ခုံးမွှေးလေးခုနှင့်လူကို ကြည့်ကာ ပြုံးပြလိုက်သည်။

'သုံးဆောင်လိုက်ပါဦးခင်ဗျာ'

မျက်ခုံးမွှေးလေးခုနှင့်လူက ပြုံးလိုက်၏။

'စားသောက်စရာတွေကတော့ ပထမတန်းပါပဲ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'အဆိပ်ခတ်ထားမယ်ဆိုရင် ဒီအစားအစာတွေက ပထမတန်း ဖြစ်မှာမဟုတ်ဘူး'

မျက်ခုံးမွှေးလေးခုနှင့်လူက ရယ်မောလိုက်သည်။

'ဟင်း....ဟင်း...ဟင်း....သိုင်းလောကထဲက လျှမ်းလျှမ်းတောက် နာမည်ကျော်ကြားနေတဲ့ လူရှယ်သိုင်းသမား နှစ်ယောက်ဟာ မာနသိပ်ကြီးကြတဲ့လူတွေပဲ၊ အဆိပ်ခတ်ပြီး မိန်းမဉာဏ်သုံးတဲ့အလုပ်မျိုးကို လုပ်ကြံမှာမဟုတ်ပါဘူး'

ကျောင်းဖုန်းက အားပါးတရရယ်မောလိုက်၏။

'ဆုငွေထုတ်ထားတဲ့လူဆိုးတွေကိုလိုက်ဖမ်းပြီးဆုငွေထုတ်ယူတဲ့ ယန်ချူးဆိုတဲ့လူရဲ့ နာမည်ကလဲ သိုင်းလောကမှာအရှိန် မသေးပါဘူးလေ'



သူက မျက်ခုံးပင့်ကာကြည့်လိုက်ပြီး....

'ဒါနဲ့...ခင်ဗျားရဲ့အလုပ်ကတော့မလွယ်ဘူးနော်'

ယန်ချူးက ပြုံးလိုက်သည်။

'ကောင်းကစားနဲ့ စီးပွားရှာတာလောက်တော့ဘယ်လွယ်ပါမလဲ'

ကျောင်းဖုန်းကပြုံးလိုက်သည်။

'ဒါလဲ လွယ်တယ်မထင်ပါနဲ့ဗျာ'

ယန်ချူးက ရယ်မောလိုက်သည်။

'ဟုတ်တာပေါ့၊ စီးပွားရှာတဲ့နေရာမှာ သူ့အသက်ပါ ထားရင် ခက်ခဲတာချည်းပါပဲ'

ကျောင်းဖုန်း၏မျက်နှာ ကွက်ခနဲပျက်သွားလေသည်၊

ယန်ချူးက ပြုံးလိုက်လေသည်။

'အရက်ခွက်ခြောက်ခွက်ထဲမှာ တစ်ခွက်ကိုအဆိပ်ခတ်ထားတယ်ဆိုတဲ့ ကောင်းကစားနည်းဟာ အင်မတန်မှ စိတ်ဝင်စားစရာ ကောင်းပါတယ်'

ကျောင်းဖုန်းက တစ်ချက်ရယ်မောလိုက်၏။

'ဒီခွက်ထဲမှာတော့ ဘာအဆိပ်မှမရှိဘူးနော်'

သူက စားပွဲပေါ်ရှိ အရက်ခွက်များကို ညွှန်ပြကာ ပြော
လိုက်ခြင်း ဖြစ်၏။

ယန်ချူးက ရယ်မောလိုက်သည်။

'ဒါနဲ့ ပိလိန်ရဲ့အလှက နာမည်တကယ်ကြီးတယ်နော်'

ကျွင်းဖုန်းက ပြုံးလိုက်၏။

'ပိလိန်ကို တွေ့ဖူးသလား'

'မတွေ့ဖူးပါဘူး၊ ဒါပေမယ့် နာမည်ကြီးပြီး စိတ်ဝင်
စားခဲ့တာပါ'

'ကောင်းပြီလေ၊ ဒါဆိုရင် လူကိုတွေ့လိုက်ပါဦး'

ရုတ်တရက် သူစာ ငွေမောင်းလေးအား ထုလိုက်၏။

'ဒူ....'

သူ၏မောင်းသံဆုံးသွားသည်နှင့် ပိလိန်တအခန်းတွင်းသို့
ဝင်ရောက်လာလေသည်။

ကျွင်းဖုန်းက သူမအား ပြုံးပြလိုက်၏။

'ပိလိန် မင်းက ဒီအစ်ကိုကြီးကို ပြုစုလိုက်ပါ'

ယန်ချူးက ပိလိန်အား တစ်ချက်လှမ်းကြည့်ကာ ခေါင်း
ခါယမ်းလိုက်၏။



'ဟာ....ကျုပ်ကဲ ပိလိန်ရဲ့အလှက ပထမတန်းရှိလိမ့်မယ်လို့
ထင်နေတာ အခုခတော့'

ကျွင်းဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘာလဲ သူ့ထက်လှတဲ့ မိန်းကလေးကို ခင်ဗျားက တွေ့
ဖူးလို့လား'

ယန်းချူးက ခေါင်းညိတ်လိုက်၏။

'ကျုပ်က ဖူရန်းမှာ တွေ့ခဲ့တယ်'

ကျွင်းဖုန်းက မယုံကြည်ဟန်ဖြင့်....

'မဖြစ်နိုင်တာ'

ယန်ချူးက တည်ကြည်သောမျက်နှာထားဖြင့်....

'ကျုပ်က လိမ်စရာမရှိပါဘူး'

ကျွင်းဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဘယ်သူလဲ'

ယန်ချူးက ပြုံးလိုက်၏။

'ကျုပ်ကို အလောင်းအစားတစ်ခုလုပ်ရင် မကောင်းဘူး
လား'

ကျွင်းဖုန်းက ပြုံး၍ခေါင်းညိတ်လိုက်သည်။

'ဟာ... ဒါကောင်းတဲ့အစီအစဉ်ပဲ၊ အန်စာပဲကစားမယ်'

ယန်ချူးက သူ့အားပြုံး၍ကြည့်လျက်....

'လောင်းကြေးက'

ကျွင်းဖုန်းက ရယ်မောလိုက်သည်။

'စုံကိန်းဆိုရင် အဲဒီမိန်းကလေးရဲ့ နာမည်ကို ကျုပ်က ငွေတစ်ထောင်နဲ့ဝယ်မယ်၊ မကိန်းဆိုရင် ခင်ဗျားက မိန်းကလေးရဲ့နာမည်ကို ပြောရမယ်'

ပြောပြီး အန်စာကို ထုတ်လိုက်၏။

ယန်ချူးက အားပါးတရ ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ကျုပ်က မိတ်ဆွေဖြစ်တဲ့ အထိမ်းအမှတ်နဲ့ မိန်းကလေးရဲ့နာမည်ကို ပြောမှာပါ၊ ဒါပေမယ့်'

'ဒါပေမယ့် ဘာဖြစ်သလဲ'

'ကျုပ်က အဲဒီမိန်းကလေးကို ခင်ဗျားရမယ် မရဘူးဆိုတာ လောင်းမှာပါ'

ကျွင်းဖုန်းက ရယ်မော၍ ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မရနိုင်တာ ဘာမှမရှိပါဘူး'

ယန်ချူးက ကျေနပ်စွာ ပြုံးလိုက်၏။



'ကောင်းပြီ၊ အဲဒီမိန်းကလေးကို ခင်ဗျား ရရင် ကျုပ်ရှုံးပြီ၊ ဒီလိုမှ မဟုတ်ရင်တော့ ကျုပ်က ခင်ဗျားရဲ့ ဦးခေါင်းကို ဖြတ်ပစ်ရလိမ့်မယ်'

ကျွင်းဖုန်းက ပြုံးလျက် လက်တစ်ပြလိုက်သည်။

'နေဦး၊ ကျုပ်နည်းနည်းမြင်မယ်'

ယန်ချူးက လှောင်ပြုံးပြုံးလိုက်၏။

'မသေချာလို့လား၊ ဒါမှမဟုတ် ကြောက်သွားလို့လား'

ကျွင်းဖုန်းက ရယ်မောလိုက်သည်။

'မဟုတ်ပါဘူးဗျာ၊ ကျုပ်နိုင်ရင် ခင်ဗျားကတစ်သက်လုံး ကျုပ်ခိုင်းတာလုပ်ရမယ်၊ ကျုပ်ရှုံးရင် ခင်ဗျားက ကျုပ်ကို သတ်ပစ်နိုင်တယ်'

ယန်ချူးက ခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ၊ စိန်လိုက်ပါ'

ဟု ပြောကာ ထိုင်ရာမှထလိုက်၏။

ကျွင်းဖုန်းက ဟန့်တားလိုက်သည်။

'နေဦးလေ၊ အဲဒီမိန်းကလေးက ဘယ်သူလဲ'

ယန်ချူးက ရယ်မောလိုက်ပြီး....

'ရှင်ချိန်ရီ'

* *

ကျင်းဖုန်း...'

သူသည် အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက်နေ၏။

ပိလိန်က ခုတင်ပေါ်တွင် လဲလျောင်းနေလေသည်။

ကျင်းဖုန်းက ရုတ်တရက် ခြေလှမ်းရပ်တန့်လိုက်၏။

'ပိလိန်၊ မိန်းမထိန်း ဟိုမေကို အမြန်ခေါ်ခဲ့'

ပိုလိန်က ညဝတ်အင်္ကျီပါးတစ်ထည်ကိုဝတ်ကာ ထွက်ခွာသွားသည်။

တစ်ခဏအကြာ....

ပိလိန်နှင့်အတူ ဟိုမေပါရှိလာ၏။

ကျင်းဖုန်းက ဟိုမေအား ကြည့်လိုက်သည်။

'ဟိုမေ၊ ပိလိန်ထက်လှတဲ့ မိန်းကလေး ဖူရန်းမှာရှိတယ်ဆို'

ဟိုမေက နှုတ်ခမ်းမဲ့လိုက်၏။

'ဒီလောက်ငတ်မွတ်နေတဲ့နေရာမှာ ရှိနိုင်ပါ့မလား'



ကျင်းဖုန်းက သူမအား စေ့စေ့ကြည့်ကာ....

'ရှိတယ်၊ ရှင်ချိန်ရီတဲ့'

ဟိုမေ၏မျက်နှာတစ်ခုလုံး ဝင်းလက်တောက်ပသွားလေသည်။

'ရှင်ချိန်ရီ ဟုတ်လား'

ကျင်းဖုန်းက ခေါင်းညိတ်လိုက်၏။

'ဟုတ်တယ်'

ဟိုမေက ပြုံးလိုက်သည်။

'ကျွန်မ သိပြီ၊ သိပ်ချောတဲ့ မိန်းကလေးပဲ'

ကျင်းဖုန်းက ပိုလိန်အား ညွှန်ပြကာ....

'သူ့ထက်လှသလား'

ဟိုမေ စကားမပြောပါ။

သူမက ဗီရိုတစ်လုံးဆီသို့ လျှောက်သွားကာ ဆွဲဖွင့်လိုက်၏။ ဤဗီရိုသည် ဝမ်းကျုံးစန်း၏လက်ထက်ကာဗီရို ဖြစ်သည်။ အသုံးမပြုသည်မှာ ကြာခဲ့ချေပြီ။

ယခု....

ဟိုမေက ဗီရိုကိုဖွင့်ကာ ကတ်ထူစာရွက်တစ်ရွက်ကို ထုတ်ယူလာလေသည်။

'ရော့…ဒါက ရှင်ချိန်ရိရဲ့ပုံတူပန်းချီကားပါ၊ သူ့ကို တစ်ခါတုန်းက အကြွေးနဲ့သိမ်းခဲ့တယ်၊ ဒါပေမယ့် သူက ထွက်ပြေးသွားခဲ့တယ်၊ အဲဒီအချိန်တုန်းက ဝမ်းကျုံးစန်းကလဲ အဖမ်းခံနေရတယ်ဆိုတော့ သူ့ကို သိပ်ပြီး အာရုံမစိုက်နိုင်ဘူးလေ'

ကျောင်းဖုန်းက စက္ကူကတ်အား လှမ်းယူကာ ကြည့်လိုက်သည်၊

သူ၏ရင်ထဲ၌ တစ်ချက်တုန်ခါသွားလေသည်။

ထို့ပြင်…

ရင်ထဲ၌ နွေးထွေးလာသည်ဟု ခံစားလိုက်မိ၏။

သူသည် ပိလိန်အား တွေ့ခဲ့စဉ်က တွေးသားတို့ ဆူပွက်ခဲ့လေသည်။

တစ်နည်းအားဖြင့်ဆိုသော် ပိလိန်၏အလှသည် ယောကျ်ားများ၏ရမ္မက်ကို လှုံ့ဆော်နေသကဲ့သို့ရှိသည်။

သို့သော်…

ဤမိန်းကလေး၏အလှမှာမူ သူ၏အသည်းနှလုံးအား ဆုပ်ကိုင် လှုပ်ယမ်းနေသကဲ့သို့ ခံစားနေမိလေသည်။



သူက အတန်ကြာအောင် ငေးငိုင်ကာ ပုံတူပန်းချီအား ကြည့်နေပြီးမှ…

'ချာရဲလု'

ဟု အော်ဟစ်လိုက်သည်။

ချာရဲလုက ကမန်းကတန်း ပြေးလာ၏။

'ဘာများလဲ'

ကျောင်းဖုန်းက…

'ကျုပ် ယန်ချူးနဲ့တွေ့ချင်တယ်၊ သူ့မှာ အကြံအစည် တစ်ခုရှိနေပြီ'

ချာရဲလုက ခေါင်းညိတ်ကာ ပြန်လည်ထွက်ခွာသွားလေတော့၏။

ချာရဲလုက…

ချာရဲလုက ရွှေနန်းတော်ဆိုင်ထဲမှ ထွက်လာလေသည်။

သူ၏နောက်မှ အနက်ရောင်အင်္ကျီ ဝတ်ဆင်ထားသော အစောင့်တော်ယောက် ပါရှိလာလေသည်။

ထို့နောက်…

သူတို့သည် မင်းလမ်းမကြီးအတိုင်း လျှောက်သွားလေသည်။

ယင်းအချိန်....

ရွှေနန်းတော်၏ မျက်စောင်းထိုးသစ်ပင်ပေါ်မှ လူရိပ်တခုန်ဆင်းလာလေသည်။

ထိုလူကား ယန်ချူးပင်ဖြစ်၏။

ယန်ချူးက ချာရဲလုတို့သွားသည့်ဘက်သို့ လှမ်းကြည့်ရင်း၊ ကျေနပ်စွာ တစ်ချက်ပြုံးလိုက်လေသည်။

ချာရဲလုက မိမိရှိသည့်နေရာအား လိုက်ရှာလိမ့်မည်ဟု တွေးလိုက်မိသည် မဟုတ်ပါလော။

အကြောင်းကား....

သူသည် ကျွင်းဖုန်းနှင့်တွေ့ဆုံပြီး ပြန်လာချိန်တွင် ချာရဲလု၏ တပည့်တစ်ယောက်က နောက်မှ မယောင်မလည်လိုက်ပါလာ၏။

ထိုလူက မိမိတည်းခိုသောနေရာအား မှတ်သားကာ ပြန်လည် ထွက်ခွာသွားခဲ့သည် မဟုတ်ပါလော။

ယခု....

ချာရဲလု နောက်သို့ လိုက်ပါသွားသော လူဈေးယောက်ထဲ၌ ယန်ချူး၏နောက်သို့ နောက်ယောင်ခံကာ လိုက်လာသောလူလည်း ပါဝင်နေလေသည်။



ထို့ကြောင့်....

ယန်ချူးက ကျေနပ်စွာ ပြုံးလိုက်ခြင်း ဖြစ်လေသည်။

အကယ်၍သာ....

ရွှေနန်းတော်အပေါ်ထပ် အခန်း၏ပြတင်းပေါက်တစ်ခုမှ ကျွင်းဖုန်းက သူ့အား လှမ်းကြည့်နေခြင်းကို တွေ့မြင်ရမည်ဆိုပါလျှင် ယန်ချူးက ယခုကဲ့သို့ ကျေနပ်စွာ ပြုံးနိုင်ဦးမည်လော။

* * *

'ဖြန်း'

ကျယ်လောင်သောအသံနှင့်အတူချာရဲလု၏ ခန္ဓာကိုယ်က နောက်သို့ ခြေနှစ်လှမ်းခန့် ယိုင်ကျသွားလေသည်။

သူ၏နှုတ်ခမ်းထောင့်မှ သွေးများစီးကျ လာလေသည်။

ကျွင်းဖုန်းက မိမိ၏လက်တွင် စွန်းပေနေသော ချာရဲလု၏သွေးများအား ဖြူဖွေးနေသောပဝါဖြင့် သုတ်လိုက်လေသည်။

ချာရဲလုက သူ့အား စူးစိုက်စွာကြည့်နေသည်။

သူသည် ကျောင်းဖုန်းက ဤကဲ့သို့ရွှေနန်းတော်၏အရှင်သခင် ဖြစ်လာစေရန် အကောင်းဆုံးအကူအညီ ပေးခဲ့သူဖြစ်သည်။

သို့သော်....

ကျောင်းဖုန်းက မိမိအား ပြန်လည်နှိပ်စက်နေချေပြီ။

ယင်းအချိန်...

ကျောင်းဖုန်းက သူ့အား စိုက်ကြည့်ကာ....

'ကျုပ်က ဘယ်အလုပ်မဆို သေချာမှကြိုက်တယ်'

ချားရဲလုက...

'ယန်ချူးက လူလည်ကျသွားတာပေါ့'

ကျောင်းဖုန်းက မဲ့ပြုံးပြုံးလိုက်သည်။

'ဒါက ခင်ဗျားညံ့လို့ပဲ'

ချားရဲလုက ပါးစပ်ပိတ်ထားလိုက်ရ၏။

ကျောင်းဖုန်းက အခန်းထဲ၌ ခေါက်တုံ့ခေါက်ပြန် လျှောက် နေလေသည်။

ထို့နောက်....

သူက ခြေလှမ်းရပ်လိုက်ကာ ချားရဲလုအား နှစ်ခြိုက်စွာ ပြုံးပြလိုက်၏။

'လာ... ထိုင်ပါဦး၊ ကျုပ်နဲ့ခင်ဗျား ဆွေးနွေးရအောင်'



ချားရဲလုက ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက် လေသည်။

ကျောင်းဖုန်းက အခန်းထောင့်ရှိ ဗီရိုထဲမှ ဖန်ခွက် နှစ်ခွက် ထုတ်လိုက်လေသည်။

ယင်းနောက်....

ဖန်ခွက်တစ်ခွက်ထဲသို့ အဖြူရောင်ဆေးမှုန့်များ ထည့်လိုက်၏။

အဖြူရောင်ဆေးမှုန့်ထည့်ထားသော ဖန်ခွက်နှင့် အခြား ဖန်ခွက်ထဲသို့ အရက်လောင်းထည့်လိုက်ရာအဖြူရောင်ဆေးမှုန့် ထည့်ထားသော ဖန်ခွက်မှအဖြူရောင်ဆေးမှုန့်များမှာ အရည် ပျော်သွားလေသည်။

ထို့နောက်....

ကျောင်းဖုန်းက အင်္ကျီအိတ်ထဲမှ အနီရောင်ဆေးလုံးတစ်လုံး ကို ထုတ်ယူကာ ပါးစပ်ထဲသို့ ပစ်သွင်းလိုက်သည်။

ယင်းနောက် အရက်ခွက်နှစ်ခွက်ကိုယူ၍ စားပွဲပေါ်သို့ တင်လိုက်လေသည်။

'ကျုပ်တို့ အခန်စားကစားကြမယ်'

သူ၏စကားကြောင့် ချားရဲလု၏ ခန္ဓာကိုယ်က တစ်ချက် တုန်ခါသွားသည်။

ကျင်းဖုန်းက ပြုံးလိုက်သည်။

'ဒီအရက်ခွက် နှစ်ခွက်ထဲမှာ တစ်ခွက်က အဆိပ်ခတ်ထားတယ်'

ဟု ထပ်မံပြောလိုက်သည်။

ချာရဲလုက အရက်ခွက်များအား စိုက်ကြည့်နေလေသည်။

ကျင်းဖုန်းက စကားဆက်လိုက်၏။

'အကယ်၍ စုံကိန်းဆိုရင် ခင်ဗျားနဲ့ကျုပ် သိုင်းပညာပြိုင်မယ်၊ မကိန်းဆိုရင် ခင်ဗျားနဲ့ကျုပ်က ဒီအရက်ခွက်ကို တစ်ယောက်တစ်ခွက်စီ သောက်ကြရအောင်၊ ဒါကတရားမျှတပါတယ်နော်'

ချာရဲလုက တွေဝေသွားလေသည်။

'တကယ်လို့ ကျုပ်သေသွားရင် ခင်ဗျားက ကျုပ်ကို လုပ်ကြံဖို့ ကြိုးစားစရာမလိုတော့ဘူးပေါ့'

သူကပြောရင်း အားပါးတရ ရယ်မောလိုက်လေသည်။

ချာရဲလုက ထိတ်လန့်သွား၏။

သူသည် မိမိက ကျင်းဖုန်းအားလုပ်ကြံရန် စေခိုင်းခဲ့သည်များကို ကျင်းဖုန်းက မည်သို့သိရှိနေသည်ကို စဉ်းစား၍မရပါချေ။



ယင်းအချိန်....

ကျင်းဖုန်းကဲ ရယ်မောခြင်းကို ရပ်တန့်ကာ....

'အံ့ဩနေလား ချာရဲလု၊ မအံ့ဩပါနဲ့ဗျာ၊ ကျုပ်ကို ခင်ဗျားလုပ်ကြံဘာ့မအောင်မြင်ကတည်းက ခင်ဗျားရဲ့လုပ်ကြံမှုတွေကို ကျုပ်သိနေပြီဆိုတာ သိဖို့ကောင်းပါတယ်'

ချာရဲလုက မည်သို့မျှ မပြောတော့ပါချေ။

သူသည် အာခေးထည့် ခံထားရသူပမာ ပါးစပ်များ စေးကပ်နေ၏။

ထို့ပြင်....

ခြေဖျား၊ လက်ဖျားအေးကာ နဖူးမှချွေးများစီးကျနေလေသည်။

ယင်းအချိန်မှာပင်....

ကျင်းဖုန်းက အန်စာကိုလက်ထဲ၌ ခေါက်နေလေသည်။

'ချောက်....ချောက်....ချောက်'

သူ၏ အန်စာခေါက်သံသည် ချာရဲလု၏နားထဲတွင် သေမင်းက တံခါးလာခေါက်နေသည်ဟု ထင်မှတ်လိုက်၏။

ကံကြမ္မာက သူ့အတွက် မျက်နှာသာ ပေးပါမည်လော။

အကယ်၍ သိုင်းပညာယှဉ်ပြိုင်ရလျှင် မိမိအတွက် အခြေအနေမကောင်းနိုင်ပါချေ။

သူက ကဲမန်းကတန်း ဟန့်တားလိုက်သည်။

'ခဏ...'

ကျောင်းဖုန်းက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

'ပြော'

ချာရဲလုက အရက်ခွက်များအား ညွှန်ပြကာ...

'ကျုပ်တို့အရက်သောက်ကြမယ်၊ ဒါပေမယ့်'

ကျောင်းဖုန်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ချာရဲလုက မချိပြုံးပြုံးလိုက်၏။

'အရက်ခွက်ထဲကို ကျုပ်ပဲ အဆိပ်ခတ်ပါရစေ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ရပါတယ်၊ ဒါပေမယ့် နှစ်ခွက်စလုံးထဲကို အဆိပ်မခတ်နဲ့နော်'

သူ၏စကားကြောင့် ချာရဲလု၏ခန္ဓာကိုယ်က တစ်ချက်တုန်သွားသည်။

အမှန်တွင်...

ချာရဲလုသည် အရက်ခွက်နှစ်ခွက်စလုံး အဆိပ်ခတ်ပြီး ကျောင်းဖုန်း၏ အရက်ခွက်ကို ရွေးခိုင်းမည်။



ပြီးလျှင် အရက်သောက်ကြမည်။

ထိုအခါ မိမိက အရက်သောက်ရန် အချိန်ဆွဲနေလိုက်လျှင် ကျောင်းဖုန်းက အဆိပ်မိကာ သေဆုံးသွားပေလိမ့်မည်။

ယခု မိမိ၏အကြံကို ကျောင်းဖုန်းက ထိုးဖောက်သိရှိနေသဖြင့် ထိတ်လန့်သွားမိလေသည်။

ကျောင်းဖုန်းက ပြုံးလိုက်၏။

'ကဲ...ခင်ဗျား ကြိုက်သလိုသာ အဆိပ်ခတ်ပါ၊ ပြီးတော့ ကျုပ် အရင်ခွက်ရွေးမယ်၊ ဒါပေမယ့် သောက်တဲ့အခါကျရင် ခင်ဗျားက အရင်သောက်ရမယ်၊ ဒါမှ နှစ်ခွက်စလုံး အဆိပ်ခတ်ထားရင် ခင်ဗျား အရင်သေမှာ ဟား...ဟား...ဟား'

ချာရဲလု၏နဖူးပေါ်မှ ချွေးစေးများ ထွက်လာလေသည်။

'ကောင်းပြီ...ခင်ဗျားရဲ့အရက်ခွက်ကိုပဲ ကျုပ်သောက်ပါတော့မယ်'

ကျောင်းဖုန်းကပြုံးလိုက်သည်။

'ကောင်းပြီ...ဒါဆိုရင် ခင်ဗျားကြိုက်တဲ့ခွက်ကို အရင်ရွေးပါ၊ ကျုပ်က အရင်သောက်ပြမယ်'

ချာရဲလုက သက်ပြင်းတစ်ချက်ချကာ စားပွဲပေါ်ရှိ အရက်ခွက်တစ်ခွက်ကို ရွေးယူလိုက်လေသည်။

ကျင်းဖုန်းကအားပါးတရ ရယ်မောကာစားပွဲပေါ်ရှိ ကျွန် အရက်ခွက်အား သိမ်းယူလိုက်၏။

သူက ချာရဲလုအား အရက်ခွက်ကိုမြှောက်ပြကာ ပြုံးလျက် ဖြည်းညင်းစွာ တစ်ကျိုက်ချင်း မော့သောက်လိုက်လေသည်။

အရက်ခွက်ထဲ၌ အရက်ကုန်သွားပြီ ဖြစ်သည်။

ကျင်းဖုန်းက....

ပြုံးလျက် ချာရဲလုအား အရက်ခွက်ကို မြှောက်ပြလိုက် လေတော့သည်။

ချာရဲလုက သူ့အား မျက်တောင်မခတ် ကြည့်နေလေ သည်။

ကျင်းဖုန်းက ပြုံးပြလိုက်သည်။

'အား....တကယ်ကောင်းတဲ့ အရက်ပဲ'

သူက ချာရဲလုအား စိုက်ကြည့်ကာ....

'ဒီအတိုင်းဆို ခင်ဗျား၏ အရက်ခွက်ထဲမှာ အဆိပ်ပါ ပြီ....'

ချာရဲလု၏အရက်ခွက်ကို ကိုင်ထားသောလက်များက တု ယင်လာ၏။

ကျင်းဖုန်းက ထိုင်ရာမှထလိုက်၏။



'ဘာလဲ ခင်ဗျား အရက် မသောက်ရဲတော့ဘူးလား'

ချာရဲလုက အရက်ခွက်အား ငေးစိုက်ကြည့်နေလေသည်။

ရုတ်တရက်....

သူက အရက်ခွက်ကို နံရံသို့ပစ်ပေါက်လိုက်သည်။

ယင်းနောက်....

ထိုင်ရာမှထကာ ကြမ်းပြင်ပေါ်တွင် ဒူးထောက်ထိုင်ချ လိုက်လေသည်။

ကျင်းဖုန်းက ခါးမှဓားမြှောင်အား သူ့ရှေ့တွင် ချပေး လိုက်၏။

'ဟား....ဟား....ဟား'

သူက အားပါးတရ ရယ်မောကာ အခန်းထဲမှ ထွက်ခွာ သွားလေတော့သည်။

* * *

အခေါင်းရောင်းသောအဘိုးအိုက ဝယ်သူနှစ်ယောက်အား တစ်ချက်ကြည့်လိုက်လေသည်။

'ဘာလဲ....မင်းတို့ရှေ့စည်းစိမ်မှာ လူသေပြန်ပြီလား'

အခေါင်းဝယ်သူနှစ်ယောက်က ပြိုင်တူ ခေါင်းညိတ်လိုက်၏။

အဘိုးအိုက...

'ရှိရှိ အခေါင်းပဲလား'

အခေါင်းဝယ်သူနှစ်ယောက်က ပြိုင်တူခေါင်းခါယမ်းလိုက်သည်။

အဘိုးအိုက ပြုံးလိုက်လေသည်။

'ဪ...ဒီအစ်ခါပိုက်ဆံရှိတဲ့လူနဲ့တူတယ်၊ ဘယ်သူများလဲဟင်'

အခေါင်းဝယ်သူနှစ်ယောက်က စိတ်မရှည်ဟန်ဖြင့်...

'ချာဒဲ့လု'

ဟု ပြိုင်တူပြောလိုက်လေသည်။

သူတို့၏စကားကြောင့် အခေါင်းရောင်းသော အဘိုးအို၏ မျက်လုံးများ ပြူးကျယ်သွားရလေတော့သည်။

* * *

ဟိုမေသည် အိပ်ခန်းထဲတွင် လဲလျောင်းနေ၏။

ယခု အချိန်သည် သူမအတွက် အနားယူချိန် ဖြစ်သောကြောင့် သူမက စိတ်လွတ်ကိုယ်လွတ် အနားယူနေမိလေသည်။



ယင်းအချိန်...ရုတ်တရက်...

'ဒေါက်...ဒေါက်...ဒေါက်'

'ဘယ်သူလဲ'

ဟိုမေက လှမ်းမေးလိုက်သည်။

တံခါးရှက်အပြင်ဘက်မှ အသံက...

'ဟိုမေ ကျုပ်ပါ'

ဤအသံကို ကြားလိုက်သည်နှင့်တစ်ပြိုင်နက် ဟိုမေ၏ခန္ဓာကိုယ်တစ်ခုလုံး ချေးစက်တောင့်တင်းသွားမိ၏။

အကြောင်းကား...

ဤအသံသည် တောင်ကြားမြို့၏အရှင်သခင် ကျင်းဖုန်း၏အသံဖြစ်ကြောင်း သူမက သိရှိသွားသည်မဟုတ်ပါလား။

သူမက ကမန်းကတန်းပြေးလွှားလာကာ တံခါးဖွင့်လိုက်၏။ တံခါးဝတွင် ကျင်းဖုန်းက မတ်တတ်ရပ်နေလေသည်။

သူ၏မျက်နှာသည် ဝင်းလက် တောက်ပနေလေသည်။

သူက ဟိုမေအား ပြုံး၍ကြည့်နေ၏။

ဟိုမေသည် အလွန် အံ့ဩသွားရလေသည်။

သူမသည် ကျောင်းဖုန်း၏ အပြုံးကို မကြာခဏ တွေ့မြင်ဖူးခဲ့၏။ ကျောင်းဖုန်း ပြုံးလိုက်သောအခါ သူက အသက် ပျောက်မတတ် ထိတ်လန့်ခဲ့ရလေသည်။

အကြောင်းကား....

ကျောင်းဖုန်း၏ အပြုံးသည် အလွန် ရက်စက် ကြမ်းကြုတ်ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုးဖြစ်သည်မဟုတ်ပါလော။

သို့သော်....

ယခု မြင်တွေ့နေရသော ကျောင်းဖုန်း၏ အပြုံးကမူ အလွန်နူးညံ့သိမ်မွေ့ပြီး နှစ်လိုဖွယ်ရာကောင်းလှပေသည်။

ကျောင်းဖုန်းက သူမအားပြုံးပြလျက်....

'ဟော့....ခင်ဗျားကဘာငေးနေတာလဲ၊ ကျုပ်ကို မမြင်ဖူးဘူးလား'

သူ၏အသံသည် ပကတိအေးချမ်းနေလေသည်။

ဟိုမေက အတန်ကြာငေးငိုင်နေရာမှ....

'တောင်ကြားသခင်ကြီး၊ ရှင်ဟာ တကယ် ချောမောသန့်ပြန့်တဲ့လူရွယ်တစ်ယောက်ပဲ'

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ဟား....ဟား....ဟား....ခင်ဗျားက ကျုပ်ကို မြှောက်နေပြန်ပြီ၊ ကျုပ်ကအခရေးကြီးတဲ့ကိစ္စရှိလို့ လာတာပါ'



ဟိုမေက မျက်မှောင်ကုတ်လိုက်၏။

'ဘာကိစ္စလဲ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'အခန်းထဲမှာ ရှင်ချိန်ရီ ရောက်နေပြီ'

ဟိုမေက အလွန်အံ့ဩသွား၏။

'ဘယ်လို....ဖူရန်းက မိန်းကလေးရောက်နေပြီ ဟုတ်လား'

ကျောင်းဖုန်းက ပြုံး၍ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်....သူ့ကိုကျုပ်က ဟိုနေ့ကတည်းက ခေါ်ခိုင်းလိုက်တာ'

ဟိုမေက ပြုံးစေ့စေ့ဖြင့်....

'ဪ....ဒါကြောင့် သခင်ကြီးက ပြုံးရွှင်နေတာကိုး၊ ဘယ်လိုလဲ၊ သူ လှတယ်မဟုတ်လား'

ကျောင်းဖုန်းက ခေါင်းခါယမ်းလိုက်သည်။

'ကျုပ်မကြည့်ရသေးဘူး'

ဟိုမေက မျက်ခုံးပင့်ကာ ကြည့်လိုက်၏။

'ဟင်....ဘာဖြစ်လို့ မကြည့်ရသေးတာလဲ'

ကျောင်းဖုန်းက ပြုံးလိုက်၏။

‘ကျုပ်လက်မှာ ဆေးတွေ စွန်းထင်းနေတာ များတယ်၊ ဒါကြောင့် ရေမိုးချိုး သန့်စင်ပြီးမှ လာခဲ့မယ်၊ တကယ်လို့များ သူက ကျုပ်အပေါ် နားလည်မယ်ဆိုရင် ကျုပ်က ဒီအလုပ်တွေ အကုန်လုံးကို စွန့်လွှတ်ပြီး ဘဝသစ်ထူထောင်လိုက်တော့မယ်’

သူ၏စကားကြောင့် ဟိုမေက ပါးစပ်ဟောင်းလောင်း ဖြစ်သွားရ၏။

အတန်ကြာမှ...

‘ဒီမိန်းကလေးကို မတွေ့ရသေးတဲ့ ဘာကြောင့် ဒီလိုပြောနေရတာလဲ’

ကျင်းဖုန်းက ပြုံးလိုက်သည်။

‘ကျုပ်က သူ့ကို လူကိုယ်တိုင်မတွေ့ရသေးပေမယ့် ရုပ်ပုံတူထဲမှာ တွေ့မြင်ခဲ့ရကတည်းက ဒီလိုဆုံးဖြတ်ခဲ့တာပါ’

ဟိုမေက ငေးငိုင်သွားရလေသည်။

ကျင်းဖုန်းက ပြုံးလိုက်၏၊

‘ကဲ...သွားပါ၊ သူ့ကို ကြည့်ပြီးထိန်းသိမ်းပေးပါဦး’

ဟိုမေက ခေါင်းညိတ်လိုက်၏။

‘ဟုတ်ကဲ့’



ကျင်းဖုန်းက ပေါ့ပါးသော ခြေလှမ်းများဖြင့် မိမိ၏ အခန်းဆီသို့ လျှောက်သွားလေတော့သည်။

* * *

ဤနေရာသည် အနောက်ဘက်ဆောင်မှ အခန်းတစ်ခန်း ဖြစ်၏။ အသုံးအဆောင်ပစ္စည်းများမှာ လှပသည်။ ဆန်းသစ်သည်။

သို့သော်...

ရှင်ချိန်ရီက စိတ်မဝင်စားပါ။

သူမက ငိုရိုက်ရလွန်းသဖြင့် မျက်ခွံများ မို့နေ၏။

ကျရန် မျက်ရည်ပင် မရှိတော့ပါ။

ယင်းအချိန်...

အခန်းထဲသို့ ဟိုမေက ဝင်ရောက်လာ၏။

သူမက ရှင်ချိန်ရီ၏ပခုံးအား အသာအယာ သိုင်းဖက်ထားလိုက်လေသည်။

သို့သော်...

ရှင်ချိန်ရီက သူမ၏လက်မှ ရုန်းထွက်လိုက်လေသည်။

'ကျွန်မကို မထိနဲ့ မကိုင်နဲ့'

ဟု အော်ဟစ်လိုက်၏။

ဟိုးမက ပြုံးလိုက်သည်။

'ညီမ ပင်ပန်းနေပြီ၊ လန်းဆန်းသွားအောင် ရေချိုးလိုက်ပါလား'

သူမ၏အသံက ပျော့ပျောင်းလှပေသည်။

ရှင်ချိန်ရီက ခေါင်းသွင်သွင်ခါယမ်းနေ၏။

ဟိုမေက စိတ်မရှည်တော့ပါချေ။

'ဒီမှာ ညည်းသိထားဖို့က ဒီမှာညည်းဖြစ်ချင်သလို မဖြစ်ရဘူး၊ ငါတို့ဖြစ်ချင်သလို ဖြစ်စေရမယ်၊ ညည်းထက်ခေါင်းမာတဲ့ လူတွေကိုတောင်မှ ငါဖြစ်ချင်သလို ဖြစ်အောင် လုပ်နိုင်တယ်'

ပြောပြီး ရိုက်ရန် လက်ရွယ်လိုက်သည်။

သို့သော်....

ရုတ်တရက် သူမ၏လက်အား တစ်စုံတစ်ယောက်က ဖမ်းဆွဲထားလိုက်သည်။

'မလုပ်နဲ့'



ယင်းဟန့်တားသံကြောင့် ဟိုမေ၏ မျက်နှာတစ်ခုလုံးမှာ တစ်မုဟုတ်ခြင်း ပြောင်းလဲသွားလေသည်။

သူက ချက်ချင်းပင် ဦးညွှတ်လိုက်၏။

'တောင်ကြားသခင်ကို ဂါရဝပြုပါတယ်'

ကျောင်းဖုန်းက သူ့အားမကြည့်ပါ။

သူသည် ခြေထောက်နှစ်ဖက်နှင့် လက်နှစ်ဖက်အား ကြိုးတုပ်ခံထားရသော ရှင်ချိန်ရီအား စိုက်ကြည့်လိုက်သည်။

ရှင်ချိန်ရီကလည်း သူ့အား မော့ကြည့်လိုက်၏။

သူမ၏မျက်နှာပေါ်တွင် အံ့သြသည့် ဟန်မူရာများ ပေါ်လွင်နေလေသည်။

တောင်ကြားသခင်သည် ရက်စက်ကြမ်းကြုတ်ပြီး ကြောက်စရာ အလွန်ကောင်းသည်ဟု ကြားခဲ့ဖူးလေသည်။

ယခု....

သူမ၏မျက်စိရှေ့တွင် တွေ့မြင်နေရသော တောင်ကြားသခင်သည် ချောမောသန့်ပြန့်၍ မျက်နှာမှာ ပြုံးချိုနေလေသည်။

ကျောင်းဖုန်းက ပြုံး၍ သူမအား လှည့်ပတ်ကြည့်ရှုလိုက်၏။

'လှလိုက်တဲ့ မိန်းကလေး၊ တကယ်ရှားပါးတဲ့ ရတနာတစ်ပါး ပါပဲ'

ဟု ချီးကျူးလိုက်သည်။

ရှင်ချိန်ရီက သူ့အား စူးစူးစိုက်စိုက် ကြည့်နေလေသည်။ ကျောင်းဖုန်းက ပြုံး၍ ခေါင်းခါယမ်းလိုက်၏။

'ရှောင်ရှမ်းဆိုတဲ့ကောင်က ဒီလောက်ရှားပါးတဲ့ ရတနာတစ်ပါးကို တွေ့မြင်ပါလျက်နဲ့ ဘာ့ကြောင့် မယူရတာပါလိမ့်'

ရှင်ချိန်ရီသည် သူ၏စကားကြောင့် ရင်ထဲ၌ ဖော်မပြနိုင်သော ခံစားမှုတစ်ရပ်ကို ခံစားလိုက်ရလေသည်။

ကျောင်းဖုန်းက သူမ၏ဆံဖျားမှ ခြေဖျားထိတိုင်အောင် တဖြည်းဖြည်းခြင်း စိစစ်ကာ ကြည့်နေလေသည်။

'အင်း... ပြောမယ့်သာပြောရတယ်၊ ရှောင်ရှမ်းဆိုတဲ့ကောင်က တုံးအေပဲ၊ သူက အလှအပကိုကြည့်တတ်တဲ့မျက်စိမှ မပါတဲ့လူပဲ'

ရှင်ချိန်ရီက နှုတ်ခမ်းတစ်ချက် ကိုက်လိုက်သည်။

ကျောင်းဖုန်းက သူမအနီးတွင် ဝင်ထိုင်လိုက်၏။



'မိန်းကလေး၊ မင်း ရှောင်ရှမ်းဆိုတဲ့လူကို သိလား'

ရှင်ချိန်ရီက သူ့အား စိုက်ကြည့်လိုက်သည်။

'ရှင်က အစ်ကိုရှောင်ရှမ်းကိုသိလို့လား'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'သူက ငါ့ရဲ့အချစ်ဆုံး ငယ်သူငယ်ချင်းပဲ၊ ဒါပေမယ့် သူက မင်းကို စိတ်ဝင်စားမှာ မဟုတ်ပါဘူး၊ ငါကသာ မင်းရဲ့ ပုံတူပန်းချီကိုတွေ့ကတည်းက ရူးမတတ်ဖြစ်ခဲ့ရတယ်'

ရှင်ချိန်ရီက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မ တကယ်အံ့ဩတယ်'

'ဘာကိုလဲ'

'ရှင်က အစ်ကိုရှောင်ရှမ်းရဲ့ သူငယ်ချင်းဆိုတာကိုပေါ့'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'မင်းက ယုံလို့လား'

ရှင်ချိန်ရီက မဲ့ပြုံးပြုံးလိုက်သည်။

'ဘယ်ယုံနိုင်ပါ့မလဲ၊ ရှင်နဲ့သူက တခြားစီပဲ'

ကျောင်းဖုန်း၏မျက်နှာ ညှက်ခနဲပျက်သွားသည်။

'ဘာထူးခြား၍လဲ'

ရှင်ချိန်ရိက အေးစက်ဘင်းမာသော အသံဖြင့်....

'ဒါကတော့ ရှင့်ကိုရှင်သိမှာပါ'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ်၊ မင်းကိုငါရပြီးရင် ဘဝသစ်ထူထောင်မှာပါ'

ရှင်ချိန်ရိက ရန်းကန်နေ၏။

သူမက ထိုသို့ရုန်းကန်လိုက်သဖြင့် ကြိုးချည်ခြင်းခံထားရသော ခြေထောက်နှင့်လက်များမှာ သွေးများစီးကျလာလေသည်။

ကျောင်းဖုန်း၏ရင်ထဲ၌ တစ်ချက်လှုပ်ခါသွားလေသည်။

'ကျွတ်...မရုန်းနဲ့လေ၊ မင်းလက်တွေ ခြေတွေပဲ နာကျင်တာကို ငါမလိုချင်ပါဘူး၊ နောက်ပြီး မင်းနားလည်ထားဖို့က ငါက ရှင်ချိန်ရိရဲ့မေတ္တာကို အဓမ္မနည်းနဲ့ ဘယ်တော့မှ မယူဘူး'



ရှင်ချိန်ရိက သူ့အား စိုက်ကြည့်လိုက်သည်။

'ဒီမှာ ရှင့်ဇီလူတွေက ကျွန်မအစ်ကို ရှောင်ရှမ်း မရှိတဲ့အချိန်မှာ ရောက်လာလို့ သက်သာသွားတယ်မှတ်ပါ၊ သူက မကြာခင် ဒီကိုလိုက်လာမှာ သေချာတယ်'

ကျောင်းဖုန်းက ပြုံးလိုက်သည်။

'ဒါဆို ကောင်းတာပေါ့၊ ငါလဲ သူ့ကိုတွေ့ချင်နေတာပဲ၊ ခဲဒီအခါကျမှ ရှောင်ရှမ်းဆီက မင်းကို ငါက တောင်းယူရလိမ့်မယ်'

ရှင်ချိန်ရိက သူ့အား စိုက်ကြည့်လိုက်၏။

'သူက ရှင့်ကို သတ်လိမ့်မယ်'

ကျောင်းဖုန်းက ပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'မင်း မသိသေးပါဘူး၊ ရှောင်ရှမ်းက ငါ့ကိုသိပ်ချစ်တယ်၊ သူက ငယ်ငယ်လေးကတည်းက ငါလိုချင်တဲ့ဆန္ဒမှန်သမျှ ဖြည့်ဆည်း ပေးခဲ့တာချည်းပဲလေ'

ရှင်ချိန်ရိက ငေးငိုင်သွားရလေသည်။

သူမနှင့် ရှောင်ရှမ်းတို့သည် တစ်ယောက်နှင့်တစ်ယောက် သံယောဇဉ် ငြိတွယ်နေမှန်း နားလည်လိုက်ကြ၏။

သို့သော်....

ရှောင်ရှမ်းက ဖွင့်ဟပြောဆိုခြင်း မရှိသေးပါ။

မိမိကသာ ရှောင်ရှမ်းအပေါ် ရေလာမြောင်းပေးလိုက်လုပ်နေရ၏။

အကယ်၍...

ရှောင်ရှမ်းကသာ ဤတောင်ကြားသခင်၏လက်ထဲသို့ မိမိအား ပေးအပ်လိုက်လျှင်....

သူမက ယင်းသို့ စဉ်းစားကာ ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာတစ်ရပ် ခံစားမိလာလေတော့သည်။

* * *

ရှေနန်းတော်မှ ကိုယ်ရံတော်များသည်လည်း တန်းစီ၍ ရပ်နေကြလေသည်။

ကျင်းဖုန်းက အစောင့်များရှေ့တွင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေလေသည်။



သူကလမ်းလျှောက်ရင်း တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေ၏။

အတန်ကြာမှ....

သူက ခြေလှမ်းရပ်တန့်လိုက်သည်။

သူသည် အားလုံးသောလူများအား တစ်ချက်ဝေ့ကြည့်ကာ....

'မင်းတို့အားလုံး နားထောင်ပါ၊ ရှောင်ရှမ်းဆိုတဲ့လူလာလိမ့်မယ်၊ သူက ငါနဲ့ပညာသင်ဘက်ပဲ၊ မင်းတို့ကြပ်ကြပ်မတ်မတ် စောင့်နေကြပါ'

အစောင့်များက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်မိကြ၏။ ကျင်းဖုန်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်ပြီး....

'ဟေ့....ဘာလုပ်နေကြတာလဲ၊ သွားကြတော့လေ'

အစောင့်များက ထိုအခါမှ ကမန်းကတန်း ပြေးလွှားသွားကာ ရှေနန်းတော်အား နှစ်ယောက်တစ်တွဲကျဖြင့် စောင့်နေလေတော့၏။

* *

## အလှည့်

---

နေရောင်ခြည်သည် တောင်းကင်၌ ဖြန့်ကြက်နေပြီဖြစ်၏။
နွေးထွေးသော နေရောင်အောက်ရှိ တောင်ကြားမြို့သို့ ဦးတည်သော သွားလမ်းပေါ်တွင် မြင်းစီးလူတစ်ယောက် မြင်းကို ဒုန်းစိုင်း၍ မောင်းနှင်လာလေသည်။
ထိုလူ၏မျက်နှာသည် တောင်ကြားမြို့သို့ ဦးတည်ထား၏။
သူ၏ဆံပင်များမှာ ဖွာဆန်ကြဲနေလေသည်။
အင်္ကျီများကလည်း တောက်ပမှုမရှိပါ။
သူ၏ အသားအရေသည် ရာသီဥတုဒဏ်ကြောင့် ညိုနေ၏။



အကယ်၍ သူ၏ခါးတွင် ဓားတစ်လက်သာရှိမနေပါလျှင် သူ့ကို သိုင်းသမားတစ်ယောက်ဟု မည်သူကမျှ ပြောကြမည် မဟုတ်ပါ။

သူ၏ ခါးမှဓားသည် သူ၏အင်္ကျီကဲ့သို့ပင် တောက်ပမှုမရှိပါချေ။

အတန်ကြာအောင် ဓားကိုအသုံးမပြုဟန်ဖြင့် အရောင်များ မှေးမှိန်နေပြီဖြစ်လေသည်။

ထိုလူတား....

ဖူရန်းရွာမှလာသော ရှောင်ရှမ်းပင် ဖြစ်လေတော့၏။

* * *

ကျောင်းဖုန်းသည် ဆုံလည်ကုလားထိုင်ရှည်ကြီး ပေါ်တွင် ထိုင်နေ၏။

ယင်းအချိန်....

အစောင့်တစ်ယောက်က ပြေးလွှားရောက်ရှိလာလေသည်။

သူက ဦးညွတ်လိုက်သည်။

ကျွင်းဖုန်းက ပြုံး၍....

'သူ ရောက်လာပြီ မဟုတ်လား'

အစောင့်က ခေါင်းညိတ်လိုက်လေသည်။

ကျွင်းဖုန်းက တစ်စုံတစ်ခုကိုလေးလေးနက်နက် စဉ်းစား နေပြီးမှ လက်တစ်ချက် ဝှေ့ယမ်းပြလိုက်၏။

အစောင့်က ဦးညွတ်ကာ ပြန်လည်ထွက်ခွာ သွားလေတော့သည်။

* * *

'အား'

'အွန့်'



'အမယ်လေး'

ရှောင်ရှမ်းအား ဟန့်တားရန် ကြိုးစားကြသောအစောင့်များသည် လွင့်စဉ်သွားကြလေသည်။

ကျန်အစောင့် ငါးယောက်က နောက်ဆုတ်သွားကြ၏။

ရှောင်ရှမ်းက သူတို့အား ဂရုမစိုက်ဘဲ ရွှေနန်းတော်ထဲသို့ ဆက်၍ ဝင်လာ၏။

ယခုအချိန်အထိ....

ဖုန်တက်နေသော နှစ်ဖက်ချွန်ခါးက သူ၏ ခါးပေါ်၌ ရှိနေသေး၏။

သူက အဆောင်ထဲသို့ လှမ်းဝင်လိုက်သည်နှင့် တစ်ပြိုင်နက် ဓူတ်တရက် အရပ်ရှစ်မျက်နှာမှဓားရိပ်များက ဝိုင်းရံတို့က်ခိုက်လာကြလေသည်။

ရှောင်ရှမ်းက ခန္ဓာကိုယ်အား ယိမ်းနွဲ့ကာ ဓားချက်များအား ရှောင်တိမ်းနေလေသည်။

ထိုအချိန်....

'ဝှစ်'

ဟူသောအသံနှင့်အတူ သံချိတ်တစ်ခုက ရှောင်ရှမ်းထံသို့ ပြေးဝင်လာ၏။

ရှောင်ရှမ်းက ဦးခေါင်းကို ကမန်းကတန်း ယိမ်းကာ ရှောင်တိမ်းလိုက်ရလေသည်။

'ဒေါက်'

သံချိတ်က နံရံတွင် စိုက်ဝင်သွားလေသည်။

သံချိတ်နှင့်ဆက်သွယ်ထားသောကြိုးသည် မျှော့ကြိုးတစ်ချ ဖြစ်၏။

ထို့ကြောင့်....

သံချိတ်ပစ်သူ၏အတွင်းအားကို မှန်းဆနိုင်လေသည်။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

သံချိတ်ပစ်သောလူက ကြမ်းပြင်အား ခြေတစ်ချက်ဆောင့် ကာ ခုန်လိုက်လေသည်။

မျှော့ကြိုး၏ ရှန်းကန်မှုအားနှင့် ထိုလူ၏ ကိုယ်ဖော့ပညာ ပေါင်းစပ်လိုက်သောအခါ ထိုလူ၏ ခန္ဓာကိုယ်က မယုံကြည် စရာကောင်းအောင် လျင်မြန်သောအဟုန်ဖြင့် ရှောင်ရှမ်းထံသို့ ရောက်ရှိလာလေသည်။



ရုတ်တရက် ကြည့်လိုက်ပါလျှင် ထိုလူက လေထဲ၌လျှင်မြန်သောအဟုန်ဖြင့် လွင့်မျောလာသည်ဟု ထင်ရပေမည်။

ထိုလူက ယင်းတစ်ချိန်တည်းမှာပင် လက်ထဲရှိ ဓားကိုရှေ့သို့ ဆန့်တန်းထားလိုက်၏။

ရှောင်ရှမ်း၏မျက်လုံးများ ပြာဝေသွားလေသည်။

သူသည် မိမိက သေဆုံးရတော့မည်ဟု နားလည်လိုက်လေသည်။

ယင်းအချိန်....

ရုတ်တရက် ဓားတစ်စင်းက လေထဲသို့ ပျံ့ဝဲလာပြီး ရှောင်ရှမ်းအား ဝင်ရောက်တိုက်ခိုက်လာသူ၏ ခန္ဓာကိုယ် အား ဖောက်ထွင်းသွားလေသည်။

'ဝှီး'

'အား'

ရှောင်ရှမ်းကဲ မယုံကြည်နိုင်အောင် အံ့အားသင့်သွား၏။

သူက ဓားလွင့်ပျံလာရာသို့ လှည့်ကြည့်လိုက်ရာ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိလေသည်။

'ကျောင်းဖုန်း'

သူက ဒေါသကြီးစွာ အော်ဟစ်လိုက်လေတော့သည်။

* * *

ကျောင်းဖုန်းက သူ့အား ပြုံး၍ကြည့်ရင်း အခန်းထဲသို့ ဝင်ရောက်လာ၏။

'ရှောင်ရှမ်း ငါတို့မတွေ့ရတာ အတော်ကြာပြီနော်'

ရှောင်ရှမ်းက အံ့ကို တင်းတင်းကြိတ်လိုက်၏။

'မင်း....မင်း'

ကျောင်းဖုန်းက လက်ကာပြလိုက်၏။

'ပြောစရာရှိတာ နောက်မှပြောကြတာပေါ့၊ အခုလောလောဆယ် ငါက မင်းကို ညွှတ်ဝတ်ပြုပါရစေ'

ရှောင်ရှမ်းက အံ့ကိုတင်းတင်းကြိတ်လိုက်သည်။



'ကျောင်းဖုန်းက မင်းနဲ့ငါ လမ်းခွဲပြီးကတည်းက ငါတို့နှစ်ယောက်က ပညာသင်ဘက် ညီအစ်ကိုတွေ မဟုတ်ကြတော့ဘူး'

ကျောင်းဖုန်းက အားပါးတရရယ်မောလိုက်သည်။

'ဟား....ဟား....ဟား၊ ငါကတော့ မင်းကို ခုချိန်ထိ ညီအစ်ကိုလို့ သတ်မှတ်ဆဲပါ'

ရှောင်ရှမ်းက သူ့အား စေ့စေ့ကြည့်လိုက်၏။

'ကျောင်းဖုန်း အခု ငါလာတဲ့ကိစ္စက'

ကျောင်းဖုန်းက လက်တစ်ချက် ဝှေ့ယမ်းလိုက်သည်။

'ဒီကိစ္စတွေ ထားလိုက်စမ်းပါ၊ ငါတို့အေးအေးဆေးဆေး စားသောက်ပြီးမှ ပြောကြတာပေါ့'

ရှောင်ရှမ်းက ခေါင်းခါယမ်းလိုက်၏။

'ကျောင်းဖုန်း ငါ မင်းတို့ဖမ်းသွားတဲ့ မိန်းကလေးကို လာခေါ်တာ အခုပြန်လွှတ်ပေးပါ'

ကျောင်းဖုန်းက မျက်ခုံးတစ်ဖက်ပင့်ကာ ကြည့်လိုက်သည်။

'သြော်... ရှင်ချိန်ရီကို ပြောတာလား'

ရွှေဝင်ရှမ်းက တင်းမာသောအသံဖြင့်....

'ဟုတ်တယ်'

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ငါတို့က ဖမ်းလာတာမဟုတ်ပါဘူး၊ အကြွေးရှိလို့ သိမ်းလာတာပါ'

ရွှေဝင်ရှမ်းက သူ့အား စိုက်ကြည့်လိုက်၏။

'ဒါဆို ငွေဘယ်လောက်နဲ့ ရွေးရမှာလဲ'

ကျောင်းဖုန်းက လက်သုံးချောင်းထောင်ပြလိုက်သည်။

ရွှေဝင်ရှမ်းက မျက်မှောင်ကြုတ်ကာ....

'သုံးဆယ်လား'

'မဟုတ်ဘူး'

'သုံးရာလား'

'မဟုတ်ဘူး'

'ဒါဖြင့်'



ကျောင်းဖုန်းက ပြုံးလျက်....

'အတိုးနဲ့အရင်းပေါင်းရင် သုံးထောင်လောက် ရှိတယ်၊ ဘာလဲ မင်းက ရွေးယူမလို့လား'

ရွှေဝင်ရှမ်း အံကို တင်းတင်းကြိတ်လိုက်သည်။

ကျောင်းဖုန်းက သူ့အကြံအိုက်သွားသည်ကို နားလည်လိုက်သဖြင့် ရယ်မောလိုက်လေသည်။

'ဟား....ဟား....ဟား....ငွေသုံးထောင် ဆိုတာ အသေးအမွှားပါ၊ ဒါနဲ့နေပါဦး၊ မင်းနဲ့သူက ဘယ်လိုပတ်သက်လို့လဲ'

ရွှေဝင်ရှမ်းက ပါးစပ်ပိတ်ထားလိုက်ရလေသည်။

ကျောင်းဖုန်းက သဘောကျစွာ ပြုံးလိုက်၏။

'ရွှေဝင်ရှမ်း....မင်းက တကယ်ရိုးတာပဲကိုး၊ မိန်းကလေးတစ်ယောက်ကို လက်နှေးနေရင် သူများနောက်ပါသွားတတ်တယ်နော်'

ရွှေဝင်ရှမ်းက နှုတ်နှေးခဲ့သော မိမိ၏အဖြစ်ကို အလွန်ပင် နောင်တရနေလေသည်။

ကျောင်းဖုန်းက ရယ်မောလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းကသူ့ကို သဘောကျတယ်ဆိုရင် ငါက ထည့်ပေးလိုက်ပါမယ်၊ ဒါပေမယ့်....'

သူက စကားကို တစ်ပိုင်းတစ်စဖြင့် ရပ်တန့်ထားလိုက်လေသည်။

ရှောင်ရှမ်းက မျက်မှောင်ကြုတ်လိုက်သည်။

'ဒါပေမယ့် ဘာဖြစ်သလဲ'

ကျောင်းဖုန်းကပြုံးလိုက်လေသည်။

'ထုံးစံအတိုင်း ငါတို့အလောင်းအစား လုပ်ကြတာပေါ့'

ပြောရင်း အင်္ကျီအိတ်ထဲမှ အန်စာတုံးနှစ်တုံးကို ထုတ်ယူလိုက်လေတော့သည်။

* * *



အဖိုးတန်ပရိဘောဂများက အခန်းတစ်ခုလုံးကို ဝင့်ကြွားစေ၏။

သို့သော်....

မိန်းကလေးတစ်ယောက်၏ ငိုရှိုက်သံကြောင့် အကျည်းတန်နေလေသည်။

ကျောင်းဖုန်းက ရှောင်ရှမ်းအား ထိုအခန်းထဲသို့ခေါ်ဆောင်သွား၏။

ရှင်ချိန်ရီသည် ငိုရှိုက်နေရာမှ ရှောင်ရှမ်းအား တွေ့မြင်လိုက်သောအခါ ခန္ဓာကိုယ်အားရုန်းကန်လိုက်ပြီး....

'အစ်ကို'

ဟု အော်ဟစ်လိုက်သည်။

ရှောင်ရှမ်းသည် သူမအားကြည့်ကာ ရင်ထဲ၌ ဖော်မပြနိုင်သော ဝေဒနာတစ်ခုကို ခံစားလိုက်ရ၏။

သူက ရှင်ချိန်ရီထံသို့ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ကျောင်းဖုန်းက ကမန်းကတန်း ဟန့်တားလိုက်လေသည်။

'သိပ်ပြီးတော့ အလျှင်စလိုမဖြစ်ပါနဲ့၊ ကျုပ်တို့အလောင်း အစားလုပ်ရဦးမယ်လေ'

ရှောင်ရှမ်းက သူ့အား ဒေါသကြီးစွာ ကြည့်လိုက်သည်။

'မိန်းကလေးတစ်ယောက်ကို ဒီလိုချုပ်ထားတာ တရားသလား'

ကျင်းဖုန်းကပြုံးလိုက်သည်။

'မင်းနိုင်တဲ့အခါ သူ့ကိုကြိုးဖြည်ပြီး ခေါ်သွားပါ၊ ငါမတားပါဘူး'

ရှောင်ရှမ်းက သူ့အားစိုက်ကြည့်လိုက်သည်။

'မင်းက ဘယ်လို အလောင်းအစား လုပ်မှာလဲ'

ကျင်းဖုန်းက အန်စာတုံးနှစ်တုံးအား လက်ထဲတွင်ခေါက်ရင်း....

'အန်စာပစ်မယ်၊ စုံကိန်းဆိုရင် ရှင်ချိန်ရှီကိုမင်းခေါ်သွားလို့ရပြီ'

ရှောင်ရှမ်းက စိတ်မရှည်တော့ပါ။



'မကိန်းဆိုရင် မင်းနဲ့ငါ သိုင်းပညာယှဉ်ပြိုင်ရမယ်မဟုတ်လား'

ကျင်းဖုန်းကပြုံး၍ ခေါင်းခါယမ်းလိုက်သည်။

'ဓားက မျက်စိမပါဘူးနော်၊ ငါတို့ယှဉ်ပြိုင်ကြရင် တစ်ယောက်မဟုတ်တစ်ယောက်ဒဏ်ရာရသွားရင်မကောင်းပါဘူး'

ရှောင်ရှမ်းကပြုံး၍ စကားဆက်လိုက်၏။

'ဒဏ်ရာရတာတော့ မဆန်းပါဘူး၊ ငါတို့ယှဉ်ပြိုင်ကြလို့ တစ်ယောက်မဟုတ် တစ်ယောက် ဒဏ်ရာရသွားရင်မကောင်းဘူး'

ရှောင်ရှမ်းကငေးငိုင်သွားရာလသည်။

ဤစကားကို တစ်ချိန်က မိမိပြောခဲ့ဖူးသည် မဟုတ်ပါလော။

သူက နှုတ်ခမ်းတစ်ချက် ကိုက်ကာ....

'မကိန်းကျရင် ဘာလုပ်ရမှာလဲပြော'

ကျင်းဖုန်းက အခန်းထဲရှိစားပွဲပေါ်မှ အရက် ထည့်ထားသော ဖန်ခွက်ခြောက်ခွက်အား ညွှန်ပြလိုက်၏။

'ဒီဖန်ခွက် ခြောက်ခွက်ထဲကတစ်ခွက်ကို ငါ အဆိပ်ခတ်ထားတယ်၊ မကိန်းကျခဲ့ရင် မင်းနဲ့ငါ တစ်ယောက်တစ်ခွက်

စီသောက်ကြမယ်၊ အကယ်လို့ ငါကအရင်သေသွားခဲ့ရင် မင်းက ရှင်ချိန်ရီကိုခေါ်သွားနိုင်ပြီ'

သူက စကားဆက်လိုက်သည်။

'အဲ...မင်းက အရင်သေခဲ့ရင်တော့ ငါက မင်းကို ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ပေးမယ်၊ သူ့ကိုငါယူမယ်'

ရှောင်ရှမ်းက စဉ်းစားလိုက်သည်။

အကယ်၍ စုံကိန်းဖြစ်ခဲ့ရင်လဲ သူက ရှင်ချိန်ရီကိုခေါ်သွားနိုင်ခဲ့သည်။

မ ကိန်း ဖြစ်ခဲ့လျှင်သည်း မိမိအတွက်အရှုံးမရှိပါ။ မိမိမသေခဲ့လျှင် ရှင်ချိန်ရီအား ခေါ်သွားနိုင်သည် မဟုတ်ပါလော။ သူကခေါင်းညိတ်လိုက်သည်။

'ကောင်းပြီ...စတော့'

ကျောင်းဖုန်းကပြုံး၍ အန်စာတုံးနှစ်တုံးကို စားပွဲပေါ်သို့ ပစ်ချလိုက်၏။ အန်စာတုံးနှစ်တုံးသည် သုံးလေးပတ်မျှ လိမ့်သွားပြီးနောက် ရပ်သွားသည်။

ထို့နောက် အန်စာတုံးတစ်တုံးက နှစ်ဂဏန်း၊ ပေါ်ကာ တစ်တုံးက ငါးဂဏန်းဖြစ်သွား၏။ ကျောင်းဖုန်းက ရှောင်ရှမ်းအား ပြုံး၍ကြည့်နေလေသည်။

ရှောင်ရှမ်းကမူ သက်ပြင်းတစ်ချက်ချလိုက်သည်။



ကျောင်းဖုန်း၏အစီအစဉ်အတိုင်း၊ လောင်းကစားရမည့်နည်းမှာ အသက်နှင့်ရင်းနှီးရမည်မဟုတ်ပါလော။

* * *

ကျောင်းဖုန်းက သူ့အားပြုံးပြလိုက်သည်။

'ငါကျောပေးသွားမယ်၊ အချက်ချက်တွေကိုမင်းစိတ်ကြိုက်ထိုးပါ'

ပြောပြီး၊ ရှင်ချိန်ရီထံသို့ လှည့်လိုက်သည်။

ထို့နောက်....

နံရံပေါ်မှ ဓားကိုယူကာ ရှင်ချိန်ရီ၏ လည်ပင်းပေါ်သို့ တင်လိုက်လေသည်။

ရှောင်ရှမ်းက အချက်ချက်များကို နေရာရွှေ့ရင်းမှ ကျောင်းဖုန်း၏ပါးနပ်မှုကို ပြုံးလိုက်မိသည်။

ကျောင်းဖုန်းက သူ့နောက်ကျောမှ မတိုက်ခိုက်နိုင်ရန် ရှင်ချိန်ရီ၏လည်ပင်းပေါ်သို့ ဓားတင်ထားသည် မဟုတ်ပါလော။

* * *

ကျောင်းဖုန်းနှင့်ရှောင်ရှမ်းတို့သည် စားပွဲတစ်ခုတွင် မျက်နှာချင်းဆိုင်ထိုင်နေကြ၏။

အရက်ခွက် ခြောက်ခွက်က စားပွဲပေါ်တွင် စီတန်းကာ သူတို့ နှစ်ယောက်အား စည်းတားထားသကဲ့သို့ ရှိနေလေသည်။

ကျောင်းဖုန်းက ပြုံးလိုက်၏။

'ကဲ....မင်းကစပြီးသောက်'

ရှောင်ရှမ်းက အရက်ခွက်ကို လှမ်းယူလိုက်၏။

သူက ရှင်ချိန်ရီအား လှမ်းကြည့်လိုက်သည်။

ရှင်ချိန်ရီ၏မျက်နှာပေါ်တွင် စိုးရိမ်ထိတ်လန့်ခြင်း၊ ဟန်မှုဆုံများပေါ်လွင်နေလေသည်။

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ချလိုက်၏။

ထို့နောက်....

အရက်ခွက်ကို တစ်ချက်တည်း မော့ချလိုက်လေသည်။

'ဖူး'

သူက သက်ပြင်းရှည် တစ်ချက်ချကာ အရက်ခွက်အား စားပွဲပေါ်သို့ ပြန်ချလိုက်လေသည်။

ကျောင်းဖုန်းက သူ့အားစိုက်ကြည့်ကာ ပြုံးနေလေသည်

'အင်း....အဆိပ်ကကျန်တဲ့ငါးခွက်ထဲမှာ ပါလား'



သူက ပြောပြီး အရက်တစ်ခွက်ကိုယူကာ မော့ချလိုက်၏။

သူ၏အမူအရာသည် စိုးရိမ်ဟန်မရှိပါ။

သူက အရက်ခွက်ကို စားပွဲပေါ်သို့တင်ရင်း....

'အင်း... အဆိပ်မပါတဲ့အရက်ဟာ တကယ်သောက်လို့ကောင်းပါလား'

ဟု တစ်ကိုယ်တည်း ညည်းညူလိုက်၏။

ရှောင်ရှမ်းက တတိယမြောက်အရက်ခွက်ကို လှမ်းယူလိုက်သည်။

သူက နှုတ်ခမ်းတစ်ချက်ကိုက်လိုက်ပြီးမှ အရက်အား မော့ချလိုက်၏။

သို့သော်....

သူက မည်သို့မျှ မဖြစ်ပါချေ။

သူသည် နဖူးမှချွေးများကို သုတ်လိုက်သည်။

ကျောင်းဖုန်းက သူ့အားကြည့်ကာ ပြုံးနေလေတော့သည်။

*         *         *

ယခု။

စားပွဲပေါ်တွင်၊ အရက်နှစ်ခွက်သာ ကျန်တော့၏။

ထိုအရက်နှစ်ခွက်ထဲတွင် တစ်ခွက်က အဆိပ်ပါမည် ဖြစ်သည်။

ရွှေဝင်ရှမ်းက ပဌမမြောက် အရက်ခွက်ကိုလှမ်းယူကာ ရှင်ချိန်ရီအား ကြည့်လိုက်၏။

ရှင်ချိန်ရီ၏မျက်နှာတစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်နေလေသည်။

သူမသည် ရွှေဝင်ရှမ်း အရက်တစ်ခွက်သောက်တိုင်းအသက်ရှူကျပ်ကာ ချွေးစေးများထွက်နေမိ၏။

ရွှေဝင်ရှမ်းက သက်ပြင်း တစ်ချက် ချကာ လက်ထဲမှ အရက်ခွက်ကို မော့ချလိုက်လေသည်။

ကျင်းဖုန်းက သူ၏ဟန်မူရာအား ကြည့်ကာ သဘောကျစွာ ရယ်မောလိုက်၏။

ရွှေဝင်ရှမ်းက အရက်ခွက်ကို စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

သူ၏ဝမ်းထဲသို့ အရက်များ ရောက်ရှိသွားပြီဖြစ်သည်။

သို့သော်...

ရွှေဝင်ရှမ်းက မည်သို့မျှမဖြစ်ပါချေ။



ထို့ကြောင့်...

သူက လေပူတစ်ချက် မှုတ်ထုတ်လိုက်လေသည်။

ယခု စားပွဲပေါ်၌ အရက်တစ်ခွက်တည်းသာ ကျန်တော့၏။

ဤသို့ဆိုလျှင်...

ဤအရက်ခွက်ထဲ၌ အဆိပ်ရှိမည်မှာ မလွဲပါချေ။

ယခု ကျင်းဖုန်း၏အလှည့်ဖြစ်သည်။

ကျင်းဖုန်းက ရွှေဝင်ရှမ်းအား ပြုံးပြလိုက်၏။

'ရွှေဝင်ရှမ်း၊ ဒီခွက်ထဲမှာအဆိပ်ရှိမှာ သေချာတယ်၊ မင်းက ဒီအဆိပ်ရဲ့အရသာကို မသိရတော့ဘူး၊ ဝမ်းနည်းစရာပဲ'

ဟု ပြောရင်း စားပွဲပေါ်မှ အရက်ခွက်ကို လှမ်းယူလိုက်သည်။

'မင်း ဒီအရက်ကိုသောက်ဖို့ မလိုတော့ဘူး၊ မင်းရှုံးပြီပဲ'

ကျင်းဖုန်းက ပြုံးလိုက်၏။

'ငါ အဆိပ်ကိုမှ မသောက်ရသေးဘဲ'

ရွှေဝင်ရှမ်းက သက်ပြင်းတစ်ချက်ချကာ သူ့အား စိုက်ကြည့်လိုက်၏။

သူ၏မျက်လုံးထဲ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

သူက ကျင်းဖုန်း၏လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထားလိုက်၏။

'ကျင်းဖုန်း၊ မင်းရှုံးပြီ၊ ဒီအရက်သောက်ဖို့မလိုဘူး'

ကျင်းဖုန်းက သူ့အား အတန်ကြာအောင် စိုက်ကြည့်နေ၏။

သူ၏မျက်လုံးအိမ်ထဲ၌ မျက်ရည်များ ရစ်ဝဲလာလေသည်။

ရှောင်ရှမ်းက သူ့လက်ထဲမှ အရက်ခွက်ကို တခြားလက်တစ်ဖက်ဖြင့်ယူကာ စားပွဲပေါ်သို့ ပြန်တင်လိုက်သည်။

သူက ကျင်းဖုန်းအား အတန်ကြာအောင် စိုက်ကြည့်လိုက်လေသည်။

ယင်းနောက်....

ထိုင်ရာမှဖြည်းညင်းစွာ ထရပ်လိုက်သည်။

'ငါတို့သူငယ်ချင်းနှစ်ယောက် ငယ်ငယ်ကတည်းက တစ်ယောက်ရဲ့ဆန္ဒကို တစ်ယောက် အမြဲဖြည့်ပေးခဲ့ကြတယ်၊ ဒါပေမယ့်.... အခု'

သူ၏အသံက တိမ်ဝင်သွားလေသည်။

ကျင်းဖုန်းက သူ့အား မျက်တောင်မခတ်စိုက်ကြည့်နေ၏။

ရှောင်ရှမ်းက သက်ပြင်းတစ်ချက်ချကာ ရှင်ချိန်ရီအား ချည်နှောင်ထားသောကြိုးများကို ဖြေလိုက်လေသည်။



ရှင်ချိန်ရီက သူ၏လက်အား မြဲမြံစွာဆုပ်ကိုင်ထားလိုက်လေသည်။

ထို့နောက်...

သူသည် ရှင်ချိန်ရီ၏လက်ကိုဆွဲကိုင်ကာ အခန်းထဲမှ တစ်လှမ်းချင်း ထွက်ခွာသွား၏။

သူ၏မျက်ဝန်းအစုံမှ မျက်ရည်များ စီးကျလာလေသည်။

ကျင်းဖုန်းက သူတို့၏နောက်ကျောပြင်အား မျက်တောင်မခတ် စိုက်ကြည့်နေလေသည်။

သူက ယင်းသို့ကြည့်ရင်း မျက်ဝန်း၌ မျက်ရည်များရစ်ဝဲလာကာ အမြင်အာရုံများ ဝေဝါးသွားလေသည်။

မျက်ရည်များသည် သူ၏ပါးပြင်သို့စီးကျလာ၏။

ယင်းအချိန်မှာပင်....

ယန်ချူးနှင့် အာဏာသားများက ဝင်ရောက်လာကြလေသည်။

ရွှေနန်းတော် စားသောက်ဆိုင်တစ်ခုလုံးကိုသည်း ရဲမက်များက ဝိုင်းထားပြီး ဖြစ်သည်။

ရွှောင်ရှမ်းသည် မိမိအားဖြတ်ကျော်ကာ ကျောင်းဖုန်းထံသို့ လျှောက်သွားသော ယန်ချူးနှင့် အာဏာသားများကိုကြည့်ကာ ခြေလှမ်း တုံ့ခနဲရပ်တန့်လိုက်မိ၏။

သူက ချာခနဲ လှည့်ကြည့်လိုက်လေသည်။

* * *

ကျောင်းဖုန်း။

ကျောင်းဖုန်းသည် ဝင်ရောက်လာကြသော ယန်ချူးနှင့် အာဏာသားများကို မကြည့်ပါ။

သူက ရွှောင်ရှမ်းကိုသာ စိုက်ကြည့်နေ၏။

ယန်ချူးနှင့် အာဏာသားများက သူ၏အနီးသို့ရောက်ရှိလာပြီ ဖြစ်လေသည်။

သို့တိုင်အောင်...

ကျောင်းဖုန်းက တစ်စုံတစ်ရာ လှုပ်ရှားခြင်းမရှိဘဲ ရွှောင်ရှမ်းအား စိုက်ကြည့်နေလေသည်။

မကောင်းမှုဒုစရိုက်ကို ပြုလုပ်သူသည် တစ်နေ့ ဥပဒေလက်တွင်းသို့ ကျရောက်ရမည်ဟု သူက နားလည်ထားပြီး ဖြစ်လေသည်။



ထို့ကြောင့်....

ယန်ချူးတို့ ဝင်ရောက်လာသောအခါ တစ်စုံတစ်ရာ ခုခံခြင်းမရှိဘဲ အေးဆေးစွာ အဖမ်းခံခဲ့ခြင်း ဖြစ်လေသည်။

ကျောင်းဖုန်းက ယန်ချူး၏နောက်သို့ ဆောင်ရာသို့ လိုက်ပါသွားရန် ဖြည်းညင်းစွာ ထရပ်လိုက်လေသည်။

သူက ရွှောင်ရှမ်းထံသို့ လှည့်ကြည့်လိုက်၏။

ရွှောင်ရှမ်းကလည်း သူ့အား မျက်ရည်များ စီးကျလျက် စိုက်ကြည့်နေလေသည်။

ရုတ်တရက်....

ကျောင်းဖုန်း၏မျက်လုံးအစုံက ရွှောင်ရှမ်းနှင့် အလောင်းအစား ပြုလုပ်စဉ်က ကျန်ရစ်ခဲ့သော အရက်ခွက်ဆီသို့ ရောက်ရှိသွား၏။

သူက ရွှောင်ရှမ်းအား ပြုံးပြကာ အရက်ခွက်ကို ကောက်ယူလိုက်သည်။

ရွှောင်ရှမ်း၏ ရင်ထဲ၌ ထိတ်လန့်တုန်လှုပ်သွားလေသည်။

သူက ကျောင်းဖုန်းသည် မိမိကိုယ် မိမိ အဆိပ်သောက်ကာ အဆုံးစီရင်သွားမည်ဟု ယူဆလိုက်မိ၏။

'ကျောင်းဖုန်း'

သူက ကျောင်းဖုန်းထံသို့ ပြေးသွားရန် ဟန်ပြင်လိုက်သည်။

ယန်ချူးက ရင်ထိတ်သွားလေသည်။

သူက လျှပ်တစ်ပြက် ဓားကိုဆွဲထုတ်ကာ ကျောင်းဖုန်း၏ ရင်ဝဆီသို့ ထောက်ထားလိုက်၏။

'ရှောင်ရှမ်း၊ ကျေးဇူးပြုပြီး လုံးဝမလှုပ်ရှားပါနဲ့၊ ခင်ဗျား က တစ်စုံတစ်ခု လှုပ်ရှားလာရင် ကျုပ်သူ့ကိုချမ်းသာခွင့်ပေး နိုင်မှာ မဟုတ်ဘူး'

သူက စကားဆက်လိုက်သည်။

'သူ့ကို ဥပဒေအတိုင်း ဆောင်ရွက်ပါစေ၊ တစ်ချိန်က ခင်ဗျားကသူ့ကိုအကျဉ်းထောင်ထဲကနေ ထုတ်ပေးခဲ့ပေမယ့် ခင်ဗျားရဲ့ဖြူစင်တဲ့ စိတ်ထားနဲ့ ဖုရန်းရွာလေးကို ပြုပြင် ပြောင်းလဲနိုင်ခဲ့တဲ့ သူကြီးတစ်ယောက်ရဲ့ အရည်အချင်းကြောင့် ကျုပ်က အထက်ကို တင်ပြလို့ ခင်ဗျားအပြစ်ကလွတ်တယ် ဆိုတာ နားလည်ထားပါ၊ ဒီတစ်ခါဆိုရင်တော့ ခင်ဗျား ကိုလဲ ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိဘူးနော်'

ရှောင်ရှမ်းက သူ၏စကားကြောင့် ရှေ့သို့မတိုးဝံ့ပါ။

သူသည် ကျောင်းဖုန်းအား စိုက်ကြည့်နေလေသည်။

သူ၏အကြည့်ထဲတွင် တောင်းပန်တိုးလျှိုးခြင်း၊ ကြေကွဲ ဝမ်းနည်းခြင်း စသည့်ဟန်မူရာများ ပေါ်လွင်လာလေသည်။

သူက ထိတ်လန့်တုန်လှုပ်စွာဖြင့်....

'ကျောင်းဖုန်း၊ မင်း.... မင်း မသောက်လိုက်နဲ့နော်'



ကျောင်းဖုန်းက ပြုံးပြလိုက်သည်။

ထို့နောက်....

သူက အရက်ကို တစ်ရှိန်ထိုး မော့ချလိုက်လေသည်။

အရက်များက သူ၏ဗိုက်ထဲသို့ ရောက်ရှိသွားပြီဖြစ်၏။

သို့သော်....

သူ ဘာမှမဖြစ်ခဲ့ချေ။

ရှောင်ရှမ်း၏ ခန္ဓာကိုယ်တစ်ခုလုံး တစ်ချက် တုန်ခါသွား လေသည်။

သူသည် ကျောင်းဖုန်းက မိမိ၏စိတ်ချမ်းသာရေးကို ဦးစား ပေးခဲ့သည်ကို ကောင်းစွာသဘောပေါက်လိုက်သည် မဟုတ် ပါလော။

သူ၏ရင်ထဲတွင် စစ်ခန်နာကျင်လာလေသည်။

သူက ကျောင်းဖုန်းအား ယန်ချူး၏ လက်ထဲမှ ပြန်လည် လုယူမည်ဟု ဆုံးဖြတ်လိုက်သည်။

ထို့ကြောင့်....

သူက ကျောင်းဖုန်းအား မျက်ရိပ်ပြလိုက်၏။

ကျောင်းဖုန်းက သူ၏မျက်နှာပေါ်မှဟန်မူရာအား နားလည် လိုက်၏။

ယင်းတဒင်္ဂအချိန်လေးမှာပင်....

သူက ဆုံးဖြတ်ချက်တစ်ခု ချလိုက်လေသည်။

သူက ယန်ချူးအား ပြုံးပြလိုက်၏။

'ခင်ဗျားနဲ့ကျုပ် လောင်းထားတာ ကျုပ်ရှုံးပြီ'

ပြောပြီး ယန်ချူးက ရှောင်ရှမ်းမလာစေရန် ဟန့်တားထားသော ရင်ဝတွင် ထောက်ထားသည့် ယန်ချူး၏ဓားအား လက်တစ်ဖက်ဖြင့် ဆုပ်ကိုင်ကာ ခန္ဓာကိုယ်အား ရှေ့သို့ တိုးဝင်လိုက်လေသည်။

အဖြစ်အပျက်မှာ လျင်မြန်လှသဖြင့် ယန်ချူးက မထားလိုက်မိပါ။

သူက ရှောင်ရှမ်းသည် ကျင်းဖုန်းအား ဝင်ရောက်ကယ်တင်လာမည်ကို စိုးရိမ်နေသည်မဟုတ်ပါလော။

ထို့ကြောင့်....

ကျင်းဖုန်းအား အာရုံမစိုက်မိခဲ့ပါ။

သူက ကျင်းဖုန်းအားကြည့်ကာ ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး ပြန်လည် ထွက်ခွာသွားလေသည်။

သူသည် နေပြည်တော်မှအမိန့်ဖြင့် မြို့ဝန်မင်းလီကိုဖမ်းဆီးရဦးမည် မဟုတ်ပါလော။

* *



ယခု....

ဤနေရာတွင် ရှောင်ရှမ်း၊ ကျင်းဖုန်းနှင့် ရှင်ချိန်ရီတို့သာ ကျန်တော့၏။

ကျင်းဖုန်း၏ဝေဒနာမှာ ပြင်းထန်လှပေသည်။

သို့သော်....

သူ၏မျက်နှာက ပြုံးယောင်သမ်းနေလေသည်။

သူက ရှောင်းရှမ်းအား စိုက်ကြည့်နေ၏။

ရှောင်ရှမ်းက သူ့အား ပွေ့ဖက်ထားရင်းမှ....

'ကျင်းဖုန်း၊ မင်းမသေရဘူး၊ မင်းမသေရဘူး'

ကျင်းဖုန်းက သူ၏လက်အား တင်းကျပ်စွာ ဆုပ်ကိုင်ထားလေသည်။

ထို့နောက်....
ရှင်ချိန်ရီအား လှမ်းကြည့်ကာ....

'သူ...သူဟာ မင်းနဲ့အသင့်တော်ဆုံး မိန်းကလေး'

သူ၏အသံက တိမ်ဝင်သွားလေသည်။

ရှောင်ရှမ်း၏မျက်နှာ တစ်ခုလုံး ဖြူဖပ်ဖြူရော် ဖြစ်သွားပေပြီ။

'ကျင်းဖုန်း၊ မင်းမသေရဘူးနော်၊ မင်းမသေရဘူး'

သို့သော်....

ကျင်းဖုန်းက သူ၏စကားကို မကြားနိုင်တော့ပါ။

ရှောင်ရှမ်းသည် မျက်ရည်များ သွင်သွင်ကျဆင်းလာလေသည်။

'ကျင်းဖုန်းရယ်၊ မင်း.... မင်းဘာဖြစ်လို့ ငါ့အတွက် အလျှော့မပေးခဲ့ရတာလဲကွာ'

သူက တတွတ်တွတ် ရေရွတ်နေမိလေတော့သည်။

*　　*　　*

ရှောင်ရှမ်းသည် မြင်းကို ဖူရန်းရွာသို့ ဦးတည်ကာမောင်းနှင်လာ၏။

ရှင်ချိန်ရှိက သူ၏ရင်ခွင်ကိုမှီကာ လိုက်ပါလာလေသည်။

ရှောင်ရှမ်းက ကျင်းဖုန်းသည် မိမိက ယန်ချူး၏လက်ထဲမှ ကယ်ဆင်လာမည်ကို စိုးရိမ်သဖြင့် ယခုကဲ့သို့ပြုလုပ်သွားခြင်းဖြစ်ကြောင်း သဘောပေါက်လိုက်မိလေသည်။

သူသည်မြင်းကိုမောင်းနှင်လာရင်း ကျင်းဖုန်း၏အမြဲတစေပြုံးနေသော မျက်နှာလေးအား မြင်ယောင်လာမိ၏။

သူသည် အသက်ရှင်နေသမျှကာလပတ်လုံး 'ကျင်းဖုန်း' အား မေ့နိုင်တော့မည် မဟုတ်ပါချေ။

(ပြီးပါပြီ)